mgyoe.com
SAMPLE BOOK

တတိယအကြိမ်

# မြင့်သန်း



# အရပ်တစ်ပါးမှ ဝတ္ထုများ ၁

mgyoe.com

mgyoe.com SAMPLE BOOK




9 248480 503043

mgyoe.com

Photograph by Moe Myat May Zarchi

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

'သူများတွေ အကြားမှာ သူတို့ မြင်သလို၊ ကိုယ် မမြင်တာကတော့ မတတ်နိုင်ဘူးပေါ့၊ ဗျာ။ ကိုယ် မြင်တာကလေး၊ ကိုယ် တွေးတာကလေးကို ရေးပြနိုင်ဖို့ ကြိုးစားရတာကတော့၊ ကိုယ့်အလုပ်ပဲ'ဟု၊ ဆိုခဲ့သော ဝတ္ထု ရေးသမားကောင်း၊ စာ အရေးကောင်းသည့်

စာရေးဆရာ မောင်သိန်း (ဦးသန်းဆွေ)

ကို

သတိတရ ...

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com
SAMPLE BOOK


နှစ်ကာလများ
စာအုပ်အစီအစဉ် ၂၀၁

# အရပ်တစ်ပါးမှ ဝတ္ထုများ ၁

## မြင့်သန်း

နှစ်ကာလများ
အမှတ် ၁၀၄၊ အပေါ်ဆုံးထပ် (က)၊
အောင်ဇေယျလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၁ ၈၂၅၅၉၄၈၊ ၀၉ ၂၅ ၄၈ ၄၈၀ ၄၈၊
*e-mail: theeras2001@gmail.com*

mgyoe.com

mgyoe.com SAMPLE BOOK

**ပုံနှိပ်မှတ်တမ်း**

မြင့်သန်း
အရပ်တစ်ပါးမှ ဝတ္ထုများ ၁
ပထမအကြိမ်၊ ဩဂုတ်၊ ၂၀၁၆
ဒုတိယအကြိမ်၊ မတ်လ၊ ၂၀၁၇
တတိယအကြိမ်၊ ဇန်နဝါရီ၊ ၂၀၂၃
နှစ်ကာလများစာပေ
အုပ်ရေ
၁၀၀၀
တန်ဖိုး – ၆၀၀၀ ကျပ်

**ထုတ်ဝေသူ** – ဦးစိန်ဝင်း၊ နှစ်ကာလများ စာပေ (၀၀၇၄၄)၊ ၁၀၄၊ အပေါ်ဆုံးထပ် (က)၊ အောင်ဇေယျလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ **အတွင်းနှင့် အဖုံး ပုံနှိပ်** – ဦးဇော်မြင့်ဝင်း (၀၀၁၄၂)၊ ကာလာဇုန် ပုံနှိပ်တိုက်၊ ၁၈၄/ဘီ၊ ၃၁ လမ်း၊ ပန်းပဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ **မျက်နှာဖုံး** – ရဲမြင့်သူ၊ **ကွန်ပျူတာစာစီ** – သရဖီ။

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ

* ဒုတိယအကြိမ် ထုတ်ဝေခြင်းအတွက် အမှာ ✦ ၇
* အမှာ ✦ ၁၀

**မိုးမိုး**
– မိုးမိုးနှင့် မိဘမဲ့ သားသမီးများ ✦ ၁၆
– နန်းတွင်းက ကြမ်းခင်း ✦ ၇၉

**ဖသာထော်**
– ဖသာထော် ပျော်ပျော်သာနေ ✦ ၉၃
– ဖသာထော် ပျော်ပါသော်ကော ✦ ၁၁၁
– မပျော့်တပျော် ဖသာထော် ✦ ၁၃၃

**ကမ္ဘာဟောင်းကြီး၏ နှုတ်ခမ်းစပ်ဆီမှ**
– ကမ္ဘာဟောင်းကြီး၏ နှုတ်ခမ်းစပ်မှ
လူသစ်တို့၏ လက်ကျန် ဝေဒနာများ ✦ ၁၅၅
– ကမ္ဘာဟောင်းကြီး၏ နှုတ်ခမ်းစပ်မှ ချစ်ခြင်း၏
ဝင်ထွက်သွားလာရာ လမ်းကျဉ်းကလေးများ ✦ ၁၆၉
– ကမ္ဘာဟောင်းကြီး၏ နှုတ်ခမ်းစပ်မှ
သီးခြား တည်ရှိနေသော ဆင်ခြေစနစ်များ ✦ ၁၈၄

mgyoe.com

mgyoe.com SAMPLE BOOK

ထိုမှ ... ဤမှ

– မျှော်လင့်ခြင်း ✦ ၂၀၃
– ကာတီရေးနဲ့ မိန်းမ ✦ ၂၁၆
– လူနှင့် သူ၏လိုအပ်မှု ✦ ၂၃၁
– အချစ်ခံအရာ၌ တည်သော ချစ်ခြင်း၏ ဆိုလိုရင်း ✦ ၂၄၆
– စီးမျောနေကြခြင်းများ အတွင်းမှ
ည၏ အကြွင်းအကျန်များ ✦ ၂၆၄
– ထွက်လာသော နေနှင့် ထိုနေ ဝင်သွားပြီးနောက်
ပြန်လည်ထွက်လာရခြင်း အကြောင်း ✦ ၂၈၁

mgyoe.com

mgyoe.com SAMPLE BOOK

## ဒုတိယအကြိမ် ထုတ်ဝေခြင်းအတွက် အမှာ

*အရပ်တစ်ပါးမှ ဝတ္ထုများ* ပထမအကြိမ် ထွက်ပြီးနောက်၊ လှမ်း၍ မေးမြန်းကြပါသည်။ အများစု သိချင်ကြသည်မှာ 'ဒီဝတ္ထုတွေရဲ့ ကျော ရိုးတွေ ဘယ်က ရသလဲ' ဟူသောအချက် ဖြစ်သည်။ သွားရင်းလာရင်း ရတာပဲဟု လွယ်လွယ် ဖြေမိပါသည်။ *နယ်ဘက်ကျေးဘက်မှ ဝတ္ထုများ* ကဲ့သို့ပင် ဖြစ်သည်။ (ကို) မိုးဝေး စီစဉ်နေသော 'မြို့ကြီးပြကြီးထဲက ဝတ္ထုများ'လည်း ထိုသို့ပင် ဖြစ်သည်ဟု ပြောရပါမည်။ *အရပ်တစ်ပါးမှ ဝတ္ထုများ*၏ ဇာတ်လမ်းများမှာမူ အရပ်တစ်ပါး၊ ရေခြားမြေခြားများတွင် အခြေခံသည်။ ကျွန်တော် သွားရောက်ခဲ့သော အရပ်ဒေသများ၊ ခေတ္တ နေထိုင်ခဲ့သော အရပ်ဒေသများမှ၊ အတွေ့အကြုံများ၊ လူများ၊ အကြောင်း အရာများတွင် အခြေခံသည်။ အခြားလူတို့၏ အကြောင်းများကို လေ့ လာရသည်မှာလည်း ကျွန်တော့်ဘဝ၏ အစိတ်အပိုင်းတစ်ခုဖြစ်၍၊ အခြား သူတို့ အကြောင်းကို ပို၍ သတိထားမိ၊ လေ့လာမိသည်။ လူတိုင်းတွင် ထိုသဘော ရှိတတ်သော်လည်း၊ မိမိဘာသာ သတိမထားမိတတ်ကြ။ ဥပမာ၊ ကဗျာအရေးအသားများကို ကြည့်ပါ။ ကဗျာ အများစုမှာ ရေးသား သူက သတိထားမိသော အကြောင်းများကို ပြန်လည်ဖော်ထုတ် တင်ပြ ထားခြင်း ဖြစ်သည်။

ထည့်သွင်းဝန်ခံရန် အချက်တစ်ခု ရှိသည်။ ထို–အချက်–အတွက်၊

mgyoe.com

mgyoe.com SAMPLE BOOK

ကဗျာဆရာ မောင်ဒေး (ဆရာကလေး ကိုမောင်ဒေး) ကို ကျေးဇူးတင်ရန် ဖြစ်သည်။ တစ်နေ့၊ နေ့ခင်းဘက်တစ်ခုမှာ၊ ဘန်ကောက်မြို့မှ ဟိုတယ် တွင် သူနှင့် ကျွန်တော် ထိုင်သောက်နေကြစဉ် သူက 'ဆရာ့အကြောင်း ကျွန်တော် ရေးချင်တယ်'ဟု ပြောသည်။ ကျွန်တော်၊ အလွန် အံ့အားသင့် မိသည်။ ကျွန်တော့် စိတ်ထဲတွင် ကိုဒေးက အတည်ပေါက်ဖြင့် နောက် သည်ဟု ထင်မိသည်။ 'ကျွန်တော့်အကြောင်း ရေးစရာ ဘာများရှိလို့လဲ။ စိတ်ဝင်စားစရာမှ မရှိဘဲ'ဟု ပြောလိုက်သောအခါ ကိုဒေးက 'ဆရာ ရေး တာတွေအထဲမှာ စိတ်ဝင်စားစရာတွေ ပေါ်နေတာပဲ'ဟု ဆိုပါသည်။ ကိုဒေး ပြောသည်ကဲ့သို့ ကျွန်တော် ရေးခဲ့သည်များတွင် စိတ်ဝင်စားစရာ များ ပါ၊ မပါ အာမ မခံနိုင်။ သို့ရာတွင်၊ သူက ကျွန်တော့်ကို မြင်သည် ကဲ့သို့ အခြားသူများကို ကျွန်တော်က မြင်သည်များမှာ ရေးစရာများ ဖြစ်လာသည်။ ကိုဒေးက ကျွန်တော့်ကို ပြောသည့်စကားအတိုင်း ကျွန် တော်က မိုးမိုးကို ပြောခဲ့ဖူးသည်။ 'မိုးမိုးအကြောင်း ကျွန်တော် ရေးဦး မယ်'။ မိုးမိုးက ရယ်ပါသည်။ 'ဟဲ့၊ ငါ့ဘဝမှာ ဘာမှ စိတ်ဝင်စားစရာမှ မရှိဘဲ'ဟု ဆိုဖူးသည်။ ကျွန်တော့်ဖနီးကပင် မိုးမိုးဘဝမှာ စိတ်ဝင်စား စရာ ကောင်းသည်ဟု၊ မြင်သည်။ ကျွန်တော့်အမြင်တွင်မူ သူ့ဘဝကြီး တစ်ခုလုံးမှာ စိတ်ဝင်စားစရာ အပြည့်။ ကိုဒေး ပြန်သွားသောအခါ၊ ကျွန် တော့်တွင် ရေးစရာအကြောင်းများ တစ်ထွေးကြီး ပေါ်လာတော့သည်။ ရေး၍ပင် မကုန်နိုင်သေး။ ရေးမည်ဆိုသော် ရေးစရာတွေ အပုံကြီး။ သို့အတွက် ကိုဒေးကို ကျေးဇူးတင်မိသည်။

ကျေနပ်စရာကောင်းသော အခြားတစ်ချက်မှာ ပြီးခဲ့သောနှစ် မကုန် မီ ခရီးသွားရင်း မြန်မာလူငယ်တစ်ဦးနှင့် အမှတ်မထင် ဆုံခဲ့ရပါသည်။ ကျွန်တော့် စာဖတ်ပရိသတ်တစ်ဦး ဖြစ်သည်။ ထို့ထက် ပို၍သော်၊ သူ သည် ဝတ္ထုထဲတွင် အခြေခံထားသော ရဆော့ဟိုတယ်တွင် အလုပ် လုပ်ခဲ့ဖူးသူ ဖြစ်သည်။ ဂူးစတပ်(ဖ)က အစားအသောက် ချက်ပြုတ်ခန်း တွင် ခေါ်ပြီး အလုပ်ပေးသဖြင့် ကနေ့ စားဖိုမှူးကောင်းတစ်ယောက် ဖြစ်နေသူ ဖြစ်သည်။ ကျွန်တော် ရေးချင်သောအချက်မှာ ထို–အချက်– မဟုတ်။ သူ၏ 'မိုးမိုးနှင့် မိဘမဲ့သားသမီးများ' ဝတ္ထုကို ဖတ်ပုံ ဖြစ်သည်။

mgyoe.com

mgyoe.com SAMPLE BOOK 

ကျွန်တော့် ဝတ္ထုများတွင် ရည်ရွယ်ရင်းများ ပါတတ်သည်။ သို့သော်၊ မည်သို့မည်ပုံ မြင်ပါ၊ နားလည်ပါ၊ လက်ခံပါဟု ထုတ်ဖော် ရေးသား ပြောဆိုလေ့ မရှိ။ သူက 'မိုးမိုးနှင့် မိဘမဲ့သားသမီးများ' ဝတ္ထုကို အကြိမ်ကြိမ် ဖတ်ပြီး သိလိုက်မိတာကတော့ ဒီ–ဝတ္ထုထဲက– လူတွေဟာ ပျောက်ဆုံးနေကြတဲ့ လူတွေချည်းပဲ'ဟု ပြောပြသောအချက် ဖြစ်သည်။ ကျွန်တော့်တွင် အလွန်ထူးခြားသော ဝမ်းမြောက်မှု၊ ကျေနပ်မှုတစ်ခု ရပါသည်။ သူ့လိုပဲ မြင်ရမည်ဟု ကျွန်တော် မဆိုလိုပါ။ မြင်စေချင်သော အချက်များအနက်မှ အရေးပါသော တစ်ချက်ကို မြင်ကြောင်း သိရသဖြင့် ကြည်နူးမိရခြင်း ဖြစ်သည်။ ယာမနက (ဝတ္ထု၏ အပြင်ဘက်မှ တကယ့် ယာမနက) သူ့ကိုယ်သူ အပြစ်တင်လေ့ရှိသော စကားတစ်ခွန်း ရှိပါသည်။ 'ငါက ဘာဖြစ်လို့ သူ့လို မမြင်သလဲ'။ ကိုယ့်ကိုယ်ကိုယ် ဒီလိုတော့ဖြင့် အပြစ်မတင်ကြစေချင်။ လူတိုင်းတွင် သီးခြားအမြင်များ ရှိတတ်သည်မှာ ငြင်းဆို၍ မရနိုင်။

ယခု၊ *အရပ်တစ်ပါးမှ ဝတ္ထုများ*ကို ဒုတိယအကြိမ် ပြန်လည် ထုတ်ဝေရသဖြင့် ဝမ်းသာရပြန်ပါသည်။ နှစ်ကာလများ စာအုပ်ထုတ်ဝေရေးမှ ကဗျာဆရာ (ကို)မိုးဝေးကိုလည်း ကျေးဇူးတင်ရပြန်ပါသည်။

**မြင့်သန်း**

၂၀၁၇။

mgyoe.com

mgyoe.com SAMPLE BOOK

# အမှာ

ဝတ္ထုရေးသမားတွေဟာ သူတို့ကျင်လည်တဲ့ ပတ်ဝန်းကျင်ကနေ ခွဲထွက်သွားပြီး ဖန်တီးတဲ့အပိုင်းမှာ သိပ်အားသန်သွားရင် သူတို့ရဲ့ အရေးအသားတွေထဲမှာ မရိုးသားမှုတွေကို တွေ့လာရတတ်တယ်ရယ်လို့ ဝတ္ထုအရေးအသားအကြောင်း သင်ပြတဲ့ ပါမောက္ခတစ်ယောက် ပြောတာ မှတ်သားခဲ့ရဖူးတယ်။ နောက်တော့ ဆမ်းမာဆက်မောန်တို့၊ ရေမွန်ကာဗာတို့နဲ့အတူ ကာဝဗတတို့၊ မူရာကာမိတို့တစ်တွေ ပြောတာတွေထဲမှာ ဖတ်လာရတယ်။ ကျွန်တော့်လို ဝတ္ထုတိုကလေး တစ်ပုဒ်စ၊ နှစ်ပုဒ်စ ရေးတဲ့လူအတွက်တော့ မှတ်သားစရာချည်းပဲ။ မှတ်သားရတဲ့အပြင် တကယ်တမ်းရေးတဲ့အခါမှာ မှန်လိုက်လေခြင်းလို့ ထောက်ခံစရာတောင် ဖြစ်လာတယ်။ ဒီတော့လည်း ကိုယ်ကိုယ်တိုင်က မကျွမ်းကျင်တဲ့ ရပ်ဝန်းထဲက ဟာတွေကို ဟန်လုပ်ပြီး ရေးပြလို့ မဖြစ်တော့ဘူးဆိုတာ သိလာရပြန်တယ်။ ကိုယ်နဲ့ ရင်းနှီးရင်းစွဲရှိနေတဲ့ အကြောင်းတွေရဲ့ အကြောင်းကို ရေးပြန်တော့ ကိုယ် သိထားနှင့်တဲ့ ပတ်ဝန်းကျင်ထဲမှာ လမ်းလျှောက်နေရသလိုပဲ။ နေ့နေ့၊ ညည။ တစ်ရေးနိုးပဲ ဖြစ်ဦးတော့ အန္တရာယ်ကင်းနေတယ်။ ရေးလို့လည်း သွက်တယ်။ ဝတ္ထုဆိုတာက ဖန်တီးစာပဲ။ ဖန်တီးစာ ဆိုပေတဲ့ ဖန်တီးစရာက ရှိဦးမှ။ အကြောင်းရင်း တစ်စုံတစ်ရာ ဆိုတာက ရှိဦးမှ။ အကြောင်းရင်းဆိုတာတွေဟာ အတွေ့အကြုံတွေပဲ။ အတွေ့အကြုံ

mgyoe.com

mgyoe.com SAMPLE BOOK


တွေကို တစ်ဖန်ပြန်လည် ဖော်ထုတ်ခြင်းပဲ။ တစ်ဖန်ပြန်လည် ဖော်ထုတ်ခြင်းဆိုတာဟာ ဝတ္ထုရေးသမားရဲ့ ကျွမ်းကျင်မှု၊ အတတ်ပညာ၊ သိမှုအတိုင်းအတာ ဆိုတာတွေမှာ တည်တာတော့ အမှန်ပဲ။ ပြောမယ်ဆိုရင် ပြောစရာ အပုံကြီး။ ဒါပေတဲ့ တစ်ဖန်ပြန်လည် ဖော်ထုတ်စရာ တစ်စုံတစ်ရာ မရှိဘူး ဆိုရင်တော့လည်း ဝတ္ထုရေးသမားရဲ့ ကျွမ်းကျင်မှုဟာ မျောက်လက်ထဲက ရွှေတုံးထက် ပိုပြီး တန်ဖိုးရှိမှာ မဟုတ်ဘူး။ သွားရင်းလာရင်း ကြုံတာ၊ တွေ့တာတွေဟာ မှတ်သားစရာတွေပဲ။ အဲဒီအထဲမှာ လူတိုင်းဟာ သူ့အမြင်နဲ့ သူတော့ ရှိနေတတ်တယ်ဆိုတာ သိလာရတယ်။ တချို့က သူ့အမြင်ကို ထုတ်ပြောတယ်။ တချို့က မပြောဘူး။ မပြောတာက မပြောရဲလို့ ဆိုတာထက် မပြောတတ်ကြလို့ပဲ။ လူတိုင်းမှာ ပြောချင်တာတွေ အများကြီးပဲ။ မပြောတတ်လို့ မပြောတော့ ဖြစ်နေတာတွေအထဲမှာ စီးမျော လိုက်ပါသွားနိုင်ဖို့ပဲ ဆိုတဲ့ အနေအထားကို ရောက်သွားတယ်။ ရုန်းကန်မှု၊ ဆန့်ကျင်မှု မရှိဘူး။ ဒါပေတဲ့လည်း ဖြစ်နေခြင်းအတွင်းမှာ စီးမျောလိုက်ပါသွားတယ် ဆိုတာက ရွေးချယ်မှုမရှိလို့ ဖြစ်သွားရတာမျိုး မဟုတ်ဘူး။ ကော်ဖီ သောက်မလား၊ လက်ဖက်ရည် သောက်မလားလို့ မေးတာကို ရပါတယ်၊ ဘာပဲဖြစ်ဖြစ်လို့ ပြန်ဖြေတာမျိုး။ ရွေးချယ်စရာပေးထားတဲ့ နှစ်ခုကို ကျော်လွန်ပြီး တတိယရွေးချယ်မှုကို ဖန်တီးတာမျိုး။ တတိယရွေးချယ်မှုကို ဖန်တီးတဲ့ လူတွေဟာ ပထမ ရွေးချယ်စရာ နှစ်ခုကို လက်မခံတာ မဟုတ်သလို ငြင်းဆိုတာလည်း မဟုတ်ဘူး။ သူ ဖန်တီးပေးလိုက်တဲ့ တတိယ ရွေးချယ်မှုကို တခြားလူကို ရွေးချယ်စေခဲ့တာ။ ဒီတော့လည်း အားထုတ်ခြင်း ကင်းမဲ့တဲ့ ဘဝတစ်ခုလို့ ပြောလို့ မဖြစ်ဘူး။ ဒီလိုလူမျိုးတွေနဲ့ မတူတာက ကိုယ်ပိုင်ရွေးချယ်ထားမှုမှာ တခြားက၊ သူ့ရဲ့အပြင်ဘက်က လာတဲ့ ထည့်သွင်း စဉ်းစားစရာတွေကို ငြင်းဆိုတဲ့လူတွေ။ ဒီလိုလူတွေ အမျိုးမျိုးကို ခရီးသွားရင်း (အလုပ်သဘောအရ) တွေ့ကြုံလာရာက လေ့လာမိလာတယ်။ လေ့လာမိလာခဲ့တဲ့အထဲမှာ ထည့်သွင်း စဉ်းစားစရာတွေလည်း သတိထားလာမိတယ်။ ဒီထဲက ဝတ္ထုတွေဟာ စဉ်းစားမိရာက ပြန်လည် ဖော်ထုတ်ထားခြင်းပဲ။ မှန်ခြင်း၊ မှားခြင်းအကြောင်း မဟုတ်ဘူး။ ဖြစ်နေခြင်း၊ ရှိနေခြင်းရဲ့ အကြောင်းတွေ

mgyoe.com

mgyoe.com SAMPLE BOOK

ပဲ။ တစ်ခါက ဆေးပညာရှင်ကြီးတစ်ယောက် အနားယူတော့ သူ့အတွက် လုပ်တဲ့ ဂုဏ်ပြုညစာစားပွဲမှာ သူက အားလုံးကို ကျေးဇူးတင်ကြောင်း ပြောပြီးတော့ နောက်ဆုံးအနေနဲ့ သူက ပြောတယ်။ ဟောဒီအထဲမှာ ကျုပ်တပည့်တွေ အများကြီးပဲ။ ကျုပ်ထက် တတ်တဲ့၊ ကျုပ်ထက် တော်တဲ့ လူတွေလည်း အပုံကြီးပဲ။ ဆေးပညာအရ သေသွားရင် ကိစ္စပြတ်တယ် ဆိုတာတော့ လူတိုင်း သိတယ်။ ပညာရပ် အခြေခံရှိတဲ့ ပညာရှင်တွေလည်း သိကြတယ်။ ဒါပေတဲ့ သေသွားရင် ကောင်းကင်ဘုံ ရောက်မလားရယ်လို့ တနင်္ဂနွေနေ့တိုင်း ဘုရားရှိခိုးကျောင်းသွားပြီး ဆုတောင်းနေတဲ့ ကောင်တွေ၊ မဟာကရုဏာတော်ကို မျှော်နေတဲ့ ကောင်တွေလည်း ဒီအထဲမှာ ပါတယ်။ ဒါပါပဲ။ ကျေးဇူးတင်ပါတယ်တဲ့။ ဆရာဝန်အိုကြီးက ဘာမျှ ဆက်မပြောဘဲ၊ ဘယ်သူ့ကိုမှလည်း နှုတ်မဆက်တော့ဘဲ အခန်းထဲက ထွက်သွားတော့တယ်။

တကယ်တော့ နေ့စဉ်ဘဝထဲမှာ ဖြစ်နေခြင်းနဲ့ ဖြစ်သင့်ခြင်းဟာ ကွာတယ်။ ကွာတာကို မြင်ဖို့၊ သိဖို့လည်း လိုတယ်။ ဒီ့ထက်ပိုပြီး လိုအပ်တာက မြင်တာ၊ သိတာတွေကို နားလည်ကြည့်ဖို့ပဲ။ မဟုတ်ရင် နားလည်အောင် ကြိုးစားကြည့်ဖို့ပဲ။ မဟုတ်ရင်တော့ လေကောင်းကောင်း ချွန်တတ်အောင် ကြိုးစားဖို့ပဲ လိုမယ်။

*မြင့်သန်း*<br>
*ခေတ္တ – ကျင်လင်းဟိုတယ်*<br>
*နန်ကျင်းမြို့။*<br>
*၂၀၁၆*

mgyoe.com

mgyoe.com SAMPLE BOOK

မိုးမိုး

There is just one life for each of us : our own.

***Euripides***

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

## မိုးမိုးနှင့် မိဘမဲ့ သားသမီးများ

**စတင်ခဲ့ရခြင်းများ သို့မဟုတ် ဂယ်ထရု**

ဒီအချိန်လောက် ရောက်ရင် မိုးမိုးတစ်ယောက် မီးဖိုခန်းဘက်ဆီက ထွက်လာတတ်တယ်။ သစ်ပင်ရိပ်အောက်ဆီမှာ ချထားတဲ့ ကုလားထိုင်မှာ အသာထိုင်ရင်း ဖိမ်ခံပြီး စီးကရက်သောက်တာ ပုံမှန်။ ခုလို မိုးမိုးတစ်ယောက် အပြင်ဘက် ထွက်လာတာ မြင်လိုက်တာနဲ့ ချွန်တစ်ယောက် ပေါ်လာရော။ သူက မိုးမိုးကို ချောင်းနေတာ။ ရယ်ကျဲကျဲနဲ့ လက်အုပ်ကလေး အသာချီပြီး ပေါ်လာတတ်တယ်။ အနားရောက်ရင် လက်ဖဝါး အသာဖြန့်ပြီး စီးကရက် တောင်းသောက်တော့တာပဲ။ ဒီကောင်ကလေးက အသက် သုံးဆယ်နား နီးနေပေတဲ့ အမေ၊ အဖေနဲ့ အတူနေပြီး လုပ်ကျွေးနေတာ။ မိုးမိုးရဲ့ သားကလေးသာ ရှိနေဦးမယ်ဆိုရင် ချွန်ထက် နည်းနည်းပဲ ကြီးမယ်။ ခုဆို ချွန်က နေ့ခင်းပိုင်း၊ ညနေပိုင်း စားပွဲထိုးတွေကို အုပ်ချုပ်ရတယ်။ တစ်ခါတလေ ပရင်ပါ ပေါ်လာတတ်တယ်။ ပရင်ရဲ့ ရုံးခန်းကနေ ကြည့်ရင် မိုးမိုး ထိုင်လေ့ရှိတဲ့ သစ်ပင်ရိပ်အောက်က ကုလားထိုင်ကလေးတွေကို လှမ်းမြင်ရတယ်။ အားနေလို့ သူ့ရုံးခန်းထဲမှာ လုပ်စရာမရှိ ဖြစ်နေရင် သင်းက ပေါက်ချလာရော။ စီးကရက်လာတောင်းသောက်တာပဲ။ သောက်ပြီး ရယ်ကျဲကျဲနဲ့ ပြောသေးတာ။ စီးကရက်သောက်တာ မကောင်းဘူး။ ကင်ဆာ ဖြစ်တတ်သတဲ့။ အဲဒီအခါ

mgyoe.com

mgyoe.com
SAMPLE BOOK

မျိုးကျရင် မိုးမိုးက သေခြင်းဆိုး၊ အဲဒါကြောင့် နင် မိန်းမ မရတာလို့ ပြောပစ်လိုက်လေ့ ရှိတယ်။ ဆိုင်တော့ မဆိုင်လှဘူး။ ပရင်က လေးဆယ့်ငါး လောက် ရှိနေပြီ။ စားသောက်ခန်းတွေရဲ့ မန်နေဂျာ။ အင်မတန် ကြေး (ဂျီး) များတဲ့သူ။ ဒါပေတဲ့ အလုအပတော့ အတော့်ကိုကြိုက်တယ်။ ပြော စရာတစ်ခုခု ပေါ်လာရင် တတွတ်တွတ်နဲ့ ပြောနေတတ်တယ်။ ရေမွှေးနံ့ ကလည်း တသင်းသင်းနဲ့မို့ မိန်းမတစ်ယောက်လိုပဲလို့ တချို့က ပြော ကြတယ်။ မိုးမိုးကိုတော့ ပြန်မပြောရဲဘူး။

မိုးမိုးကို မပြောရဲရတာက အကြောင်းရှိတယ်။ ဒီဟိုတယ်ကို ပိုင် တဲ့ သူဌေးကြီးကိုယ်တိုင်က မိုးမိုးကို အလုပ်ခန့်ထားလို့။ သူဌေးကြီးက ဟိုတယ်တွေ အများကြီး ပိုင်ရုံတင်မကဘူး၊ တခြားလုပ်ငန်းတွေလည်း ပိုင်တာ။ သူ ပိုင်တဲ့ လုပ်ငန်းတိုင်းကို တစ်လ၊ နှစ်လမှာ တစ်ရက်တော့ ရောက်အောင် သွားကြည့်လေ့ရှိတယ်။ သေသွားတဲ့ မိုးမိုးရဲ့ယောကျ်ားက သူဌေးကြီးရဲ့ ဒီဘက်မှာရှိတဲ့ လုပ်ငန်းတွေက စာရင်းကိုင်ကြီး။ ဒီဘက် လာရင် မိုးမိုးတို့အိမ်ကလေးမှာ လာပြီး ထမင်းစားလေ့ ရှိတယ်။ မိုးမိုး ချက်တာပြုတ်တာကို သိပ်ကြိုက်တာ။ အဲဒီတုန်းက မိုးမိုးက အထက် တန်းကျောင်းက ဆရာမ။ သူ့ယောကျ်ား သေသွားတော့ သူဌေးကြီး ကိုယ်တိုင် အသုဘကို လာတယ်။ နင် ဘာမှမပူနဲ့၊ ငါ စောင့်ရှောက်မယ်လို့ ပြောသွားတယ်။ အဲဒီနောက်တော့ သူ လာရင် သူ့ဟိုတယ်မှာ ခေါ်ပြီး ချက်ခိုင်းတယ်။ တစ်ညနေတော့ ဟိုတယ်က ရေကူးကန်နားဆီမှာ သူဌေး ကြီးနဲ့ သူ့မိတ်ဆွေ လေးငါးယောက်လောက် ညနေစာ စားမယ်ဆိုလို့ မိုးမိုး ချက်ပြုတ်ပေးရတယ်။ ချက်ပြုတ်ပြီးလို့ သူတို့တစ်တွေ စားသောက် နေကြတုန်း မိုးမိုးလည်း နားနေရင်း တခြား ထမင်းချက်တွေနဲ့ ထိုင်ပြီး စကားပြောနေလိုက်မိတယ်။ အဲဒီတုန်းမှာပဲ သူဌေးကြီးရဲ့ စက်ကက်တရီမ ခပ်ချောချောလေးက မိုးမိုကို လာခေါ်ပါရော။ သူဌေးကြီးက စကားပြော ချင်သတဲ့။

သူတို့အနားရောက်တော့ သူဌေးကြီးက ဘာမှ စကားခံမနေတော့ ဘဲ ပြောတယ်။ နင့်ယောကျ်ား မရှိတော့တဲ့နောက် နင့်အိမ်ကို လာလို့ သိပ်မကောင်းဘူး။ ခုလို နင်နဲ့ ငါ မကြာ တွေ့နေကြတာလည်း မကောင်း

mgyoe.com

mgyoe.com
SAMPLE BOOK

ဘူး ထင်တယ်တဲ့။ မိုးမိုး ဘာပြန်ပြောရမှန်း မသိဘူး။ ငါ့တော့ ချောက်ထဲကျအောင် လုပ်နေတာပဲ။ ဒါကြီးက ငါ့များ ကြိုက်နေလို့လား ... စတဲ့ မတော်မတည့်တွေလည်း ခေါင်းထဲ ဝင်လာတယ်။ သူ့မိတ်ဆွေတွေက တော့ ပြုံးတယ်။ ခပ်ချောချော စက်ကက်တရီမကလေးကတော့ အသံထွက်အောင် ရယ်တာ သီးမလိုတောင် ဖြစ်သွားတယ်။ ဒီတော့မှ သူဌေးကြီးက ငါ ပြောချင်တာ ငါ ဒီကိုလာတိုင်း နင်နဲ့ တွေ့ရတာကိုပါ။ နင် တစ်မျိုးတစ်မည် မထင်ပါနဲ့တဲ့။ ဒီတော့မှ မိုးမိုးလည်း အသာ သက်ပြင်းချနိုင်တယ်။ အဘိုးကြီးက အဲသလိုမျိုး နောက်တတ်တယ်။ ပြီးတော့မှ သူ့အစီအစဉ်ကို ပြောတယ်။ နင် အလုပ်ကထွက်ပြီး ဒီမှာ စားဖိုမှူး လာလုပ်စမ်းပါ။ ငါ့မှာ အစီအစဉ်တွေ ရှိတယ်။ တို့အစာတွေ၊ ဟင်းလျာတွေကို ကမ္ဘာ့ဈေးကွက်ထဲရောက်အောင် လုပ်နေတော့ ငါတို့ဆီမှာ တို့တိုင်းရင်းသားအစာစစ်စစ် ချက်တာ လာသင်ဖို့ လုပ်ထားတယ်။ ငါ့ တခြား ဟိုတယ်တွေမှာလည်း အထိုက်အလျောက် လုပ်နေတယ်။ ဒီမှာက လက်ရွေးစင် သက်သက်ပဲ။ ခြောက်လ၊ တစ်နှစ်မှာ လေးငါးခြောက်ယောက် လာမယ်။ အနောက်နိုင်ငံက လူတွေပဲ။ နင်နဲ့ အသင့်လျော်ဆုံးပဲ။ နင်က ကျောင်းဆရာမ ဆိုတော့ သင်ကြားတတ်တယ်။ အင်္ဂလိပ်လိုလည်း အထိုက်အလျောက် တတ်တယ်။ ပိုတတ်ချင်ရင် ဟိုတယ် အမှုထမ်းတွေကို သင်ပေးတဲ့ ဆရာမက တစ်နေ့ တစ်နာရီ၊ နှစ်နာရီ သင်ပေးလိမ့်မယ်။ နင့် သဘောပဲတဲ့။

နင့်သဘောဆိုတော့ မိုးမိုးက ပြန်မေးတော့မယ်လို့ ပြင်လိုက်တယ်။ မိုးမိုးက ဘာမျှမပြောရခင်ကလေးမှာပဲ သူဌေးကြီးက ဆက်ပြောပြန်တယ်။ နင့်သဘောဆိုတာ အင်္ဂလိပ်စာသင်ဖို့ ကိစ္စ။ ဒီမှာ လာလုပ်ဖို့ဆိုတာက နင့်သဘော မဟုတ်ဘူး။ ငါ့သဘော။ နင့်ဘက်က ဘာမျှပြောနေစရာ မရှိဘူး။ နင့်ယောကျ်ား မသေခင်ကတည်းက ငါ ကတိပေးခဲ့ဖူးတယ်။ နင့်ကို ငါ စောင့်ရှောက်ပါ့မယ်လို့။ နင် ဘာပြောချင်သေးသလဲတဲ့။ မိုးမိုးမှာ သိပ်ပြီး စဉ်းစားချိန်မရှိဘူး။ အလုပ်က ထွက်စာတင်ဖို့၊ ပင်စင်ကိစ္စ ... စတာကလေးတွေ ခေါင်းထဲရောက်လာတယ်။ ဒီလိုဆို ကျွန်မ ဒီဘက်က ပညာရေးတာဝန်ခံနဲ့တော့ သွားပြီး တွေ့ရလိမ့်မယ်လို့ မိုးမိုးက ပြော

mgyoe.com

mgyoe.com SAMPLE BOOK

လိုက်တယ်။ ပြောလိုက်တယ် ဆိုပေတဲ့လည်း '... ပညာရေး တာဝန်ခံ' ဆိုတာအထိပဲ ရောက်လိုက်တယ်။ သူဌေးကြီးက ကြက်တောင်ပံကြော် ဝါးနေရာက လက်ညှိုးတစ်ချောင်းကို ထောင်လိုက်ရင်း သူနဲ့ နှစ်ယောက် အကျော်မှာ ထိုင်နေတဲ့ လူကောင်ကြီးကြီး၊ ခပ်ညိုညို တစ်ယောက်ကို လှမ်းကြည့်လိုက်တယ်။ ဗိုလ်ချုပ်၊ အဲဒီလူဆီ ခင်ဗျား တယ်လီဖုန်းဆက် ပြောလိုက်လို့ ဖြစ်မလားလို့ လှမ်းမေးတယ်။ အဲဒါကြီးက ဒီဘက်ပြည်နယ် နဲ့ နယ်စပ်ဒေသတွေကို အုပ်ချုပ်တဲ့ အကောင်ကြီး။ သူက ဖြစ်ပါသော် ကောလို့ ပြန်ဖြေပြီး သူ့နောက်နား မလှမ်းမကမ်းမှာ ထိုင်နေတဲ့ သူ့ တပည့်ကို လှမ်းခေါ်ပြီး တိုးတိုးပြောလိုက်တယ်။ ပြီးတော့မှ အဘွားကြီး၊ အဲဒါတွေ ဘာမှ ပူမနေနဲ့။ ခင်ဗျား ရစရာရှိတာတွေ အကုန်ရရစေမယ်။ ကျုပ် ကောင်လေးတွေ အကုန်လုပ်ပေးလိမ့်မယ်။ မနက်ဖြန်ကျရင် ဒီမှာ အလုပ်ဆင်းတော့လို့ ပြောတယ်။ မိုးမိုး စိတ်ထဲမှာတော့ ရာရာစစ၊ သေ ချင်းဆိုး၊ နင်က ဘာမို့ မနက်ဖြန် ဒီမှာ အလုပ်ဆင်းခိုင်းရတာတုံးလို့ ပြောလိုက်မိပေတဲ့ ပါးစပ်ထဲကတော့ ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်လို့ ပဲ ထွက်သွားတယ်။

သူဌေးကြီးက နေဦး၊ နေဦးလို့ ကြားဖြတ် ပြောတယ်။ ကိစ္စက ပြီးပုံမပေါ်သေးဘူး။ ဂူးစတပ်(ဖ)နဲ့တော့ နင့် အဆင်ပြေတယ် မဟုတ်လား လို့ မေးရင်း ဟော့ ... ဂူးစတပ်(ဖ)ရှိရင် သွားခေါ်စမ်းလို့ ပြောပြန်တယ်။ မိုးမိုးကတော့ ပြေပါတယ်လို့ပဲ ဖြေလိုက်တယ်။ ပြေလည်း ပြေတာပဲကိုး။ ဂူးစတပ်(ဖ)က ဒီက စားဖိုမှူးကြီး။ သူ့ကိုလည်း သူဌေးကြီးက သူ့လေယာဉ် နဲ့ တင်ခေါ်လာတာ။ ဥရောပမှာ ဟိုတယ်ညီလာခံ ဆိုသလားပဲ၊ သွား တုန်းက သူဌေးကြီးက ဂူးစတပ်(ဖ)ရဲ့ စားသောက်ဆိုင်ကလေးမှာ ညစဉ် လို သွားစားသတဲ့။ နောက်တော့ အပြန်မှာ တစ်ခါတည်း ခေါ်လာတာ။ အလျင်ကတော့ မြို့တော်ကြီးဆီက သူဌေးကြီးရဲ့ဟိုတယ်မှာ လက်ထောက် စားဖိုမှူး လုပ်တယ်။ နှစ်နှစ်လောက်ကြာတော့ ဂူးစတပ်(ဖ) မိန်းမက တခြားလူနဲ့ လိုက်သွားလို့ ပြန်တော့မယ် ဖြစ်ရော။ ဒီတော့ သူဌေးကြီး က ဒီကို ခေါ်လာတယ်။ အဲဒီတုန်းက ဒီဟိုတယ်မှာ အောန်နရေးဆိုတဲ့ ပြင်သစ်တစ်ကောင်က စားဖိုမှူးကြီး။ သူကပဲ ဂူးစတပ်(ဖ)ကို အသာ

mgyoe.com

mgyoe.com SAMPLE BOOK

ချော့ထားတာ။ နောက်တော့ အောန်နရေက မြို့တော်က ဟိုတယ်ဆီ ပြန်တယ်။ ဒီတော့ ဂူးစတပ်(ဖ)က စားဖိုမှူးကြီး ဖြစ်လာတော့တာပဲ။ ဂူးစတပ်(ဖ)ရဲ့ တပည့်ကျော် တော်မီဆင်းက သူ့လက်အောက်မှာ အကြီးတန်း စားဖိုမှူးကြီး ဖြစ်လာတယ်။ မိုးမိုးနဲ့ကတော့ အဆင်ပြေတယ်။ ဂူးစတပ်(ဖ)က မိုးမိုး လာတဲ့အခါ ဒီက အစားအစာ ချက်နည်းတွေ တပည့်ခံတယ်။ မိုးမိုးကိုလည်း သူတို့မီးဖိုခန်းက လုပ်နည်းကိုင်နည်းတွေ သင်ပေးတယ်။ အစပိုင်းတုန်းကတော့ ဒီအဖြူကောင်တွေဟာ တယ်ကြေး (ဂျီး) များပါကလားလို့ မိုးမိုး ထင်ခဲ့ဖူးတယ်။ နောက်တော့ သဘောကျလာတယ်။ တခြားတော့ မပြောတတ်ဘူး။ ဒီအဖြူကောင်တွေမှာ စနစ်ဆိုတာကတော့ ရှိတယ်။ ဒီစနစ် ဆိုတာကတော့ နည်းယူဖို့ ကောင်းတယ်လို့ မြင်လာတယ်။

ဂူးစတပ်(ဖ) ရောက်လာတော့ အဘိုးကြီးကို လက်အုပ်ချီလိုက်ရင်း ပြောတယ်။ ခု ခင်ဗျား ဒီလာရင် မိုးမိုး ချက်တာပဲ စားတယ်။ ကျုပ်ချက်တာ မစားတော့ဘူး။ ဒါ လူမျိုးရေးအခြေခံနဲ့ ဘက်လိုက်တာပဲ။ ကုလသမဂ္ဂ တိုင်ရင် ကောင်းမယ်တဲ့။ သူဌေးကြီးက ရယ်တော့ အားလုံး ရယ်ကြတယ်။ အားလုံး ရယ်ကာမှ ဒါ ရယ်စရာပြောတာပဲလို့ မိုးမိုး သဘောပေါက်သွားတယ်။ ကုလသမဂ္ဂတွေ ဘာတွေ ပါနေတော့ သူ့စိတ်ထဲမှာက တကယ် ပြောနေတာလားလို့။ ဂူးစတပ်(ဖ)က သူ့ကို လှည့်ပြီး ရယ်ပြတော့မှ သူလည်း ရောပြီး ရယ်လိုက်ရတယ်။ မိုးမိုးတို့ရဲ့ လောကမှာ ဒါမျိုးက ရယ်စရာမှ မဟုတ်တာ။ သူဌေးကြီးကိုလည်း ခုလို ပြောရဲတာမှ မဟုတ်တာ။ သူဌေးကြီးက ရယ်ပြီးကာမှ ညစာစားပြီးတိုင်း မင်းရဲ့ ဆူဖလေးကို ငါ အမြဲ စားပါတယ်ကွာလို့ ပြောတယ်။ ပြီးတော့ သူ့အစီအစဉ်တွေ ဆက်ပြောပြတယ်။ ဂူးစတပ်(ဖ)က ပြန်ပြီး မေးတယ်။ ခုဟာက မိုးမိုးက သင်ပေးမှာ။ ကျွန်တော် ကိုယ်တိုင်ကလည်း ဒီက အစာတွေနဲ့ ပတ်သက်လို့ သူ့တပည့်ပဲ။ ဒီတော့ ကျွန်တော်က ဘာလုပ်ပေးရမှာလဲတဲ့။ သူဌေးကြီးက မင်းက စားဖိုမှူးကြီးပဲ။ မီးဖိုခန်းဟာ မင်းပိုက်နက်ပဲ။ ဒီတော့ လိုအပ်တာ ကူပေါ့။ ဘာလုပ်ရမယ်ရယ်လို့တော့ ငါ မပြောတတ်ဘူး။ လာပြီး သင်ယူမယ့်လူတွေဆီက လျှောက်လွှာတွေ ရောက်လာခဲ့ရင် မင်းက

mgyoe.com

mgyoe.com SAMPLE BOOK

ဦးဆောင်ပြီး ရွေးပေးပေါ့ကွာလို့ ပြောတယ်။ ဂူးစတပ်(ဖ)က သူဌေးကြီးကို ကြည့်ပြီး ဒီလိုဆိုရင် မိုးမိုးအတွက် တရားဝင် စားဖိုမှူးဝတ်စုံ မှာလိုက်မယ်လို့ ပြောရင်း မိုးမိုးကို လှမ်းကြည့်တယ်။ ငါ့ မီးဖိုခန်းထဲမှာ ပုံမှန်တော့ အနက် ဝတ်ကြတယ်။ နေ့ကြီးရက်ကြီးတွေမှာ အဖြူ ဝတ်တယ်။ အနက် လေးထည်၊ အဖြူ နှစ်ထည်ဆိုရင် တစ်နှစ်စာ လုံလောက်မယ် ထင်တယ်။ ပိုလိုချင်သေးလားလို့ မေးတယ်။ မိုးမိုးကတော့ နင့်အင်္ကျီ ခြောက်ထည်ဟာ ငါ ဒီတစ်သက် ဝတ်ဖို့ လုံလောက်တယ်လို့ ပြန်ပြောမလို့ဘဲ။ သူဌေးကြီးက ကြည့်နေလို့ အသာပဲ ခေါင်းညိတ်ပြလိုက်တယ်။ အမှန်မှာတော့ အဲဒါကြီးတွေ ဝတ်ရမှာ မိုးမိုး မကြိုက်လှဘူး။ ဒါပေတဲ့ ဂူးစတပ်(ဖ)က သူ့မီးဖိုခန်းကို သူ့နိုင်ငံတော်၊ သူ့ပိုင်နက်လို့ သဘောထားတာ။

သူဌေးကြီးကတော့ ဂူးစတပ်(ဖ)ပြောတာပဲ နားထောင်နေရင်း သူ့နားဆီက စစ်ဗိုလ်ကြီးဆိုတာကို လှမ်းပြောလိုက်တယ်။ အဲဒါပဲကွ။ တခြားဟာတွေတော့ မပြောတတ်ဘူး။ သူတို့ လုပ်ကိုင်နေတာတွေကို သူတို့ တန်ဖိုးထားတယ်။ သူ့စည်း သူ့ကမ်းနဲ့ နေတယ်။ ငါတို့ အရှေ့တိုင်းက လူတွေလို ရပါတယ်၊ ဖြစ်ပါတယ် ဆိုတာတွေနဲ့ မပြီးဘူး။ ပေါ့ပေါ့ တန်တန် မဟုတ်ဘူး။ အဲဒါက အတုယူစရာပဲလို့ ပြောတယ်။ ဂူးစတပ်(ဖ) က ဒီမှာနေတာ အားလုံးပေါင်း ငါးနှစ်နီးပါး ရှိနေလေတော့ ဒီက ဘာသာစကားတောင် အတော်တတ်နေတယ်။ သူဌေးကြီး ပြောနေတာတွေကို နားလည်ပုံရတယ်။ သူက ပြုံးပြီး စစ်ဗိုလ်ကြီးကို ကြည့်လိုက်တော့ စစ်ဗိုလ်ကြီးက ပြုံးဖြဲဖြဲနဲ့ လက်အုပ်ချီပြတယ်။ ဂူးစတပ်(ဖ)ကလည်း ကျေးဇူးပဲလို့ ပြောရင်း လက်အုပ်ချီတယ်။ ပြီးတော့ သူဌေးကြီးကို ပြောတယ်။ ဒါပဲဆိုရင် ကျွန်တော် သွားဦးမယ်တဲ့။ သူဌေးကြီးက ခေါင်းညိတ်ပြရင်း ထိုင်နေရာက မသိမသာ ဖင်ကြွလိုက်တယ်။ အသာ လက်အုပ်ချီတယ်။ မိုးမိုး စိတ်ထဲမှာ သူဌေးကြီးကို အမြဲလို ချီးကျူးနေမိတာ တစ်ခုက သူ့အလုပ်သမား မှန်သမျှကို အရိုအသေ ပေးတတ်တာကိုပဲ။ ဘယ်တုန်းကမျှ ပိုစိုးပက်စက် ပြောတာ မတွေ့ခဲ့ရဖူးဘူး။ ဒီတော့လည်း သူ့အလုပ်ထဲက အခွင့်အရေးတောင်းချင်တဲ့ အလုပ်သမားသမဂ္ဂတို့၊ ဘာတို့က အကောင်

mgyoe.com

mgyoe.com SAMPLE BOOK

တွေတောင် အခွင့်အရေးကို လက်အုပ်ချီပြီး တောင်းရတဲ့ အနေအထား ရောက်သွားကြတယ်။ သူ့အတွက် ဒီမှာ အခန်းတစ်ခန်း စီစဉ်ပေးထားစမ်း ပါလို့ သူဌေးကြီးက မန်နေဂျာချုပ်ကို လှမ်းပြောတယ်။ ပြီးတော့မှ မိုးမိုး ကို ကြည့်ပြီး ညဥ့်နက်တဲ့အခါမျိုးမှာ ဒီမှာပဲ အိပ်ပေါ့။ ရွာထဲဆီ ပြန်ရတာ ဝေးပါတယ်။ အမြဲနေချင်လည်း နေ။ နင့်သဘောပဲလို့ သူဌေးကြီးက ပြောပြန်တယ်။ ဟုတ်ကဲ့လို့ပဲ မိုးမိုးမှာ ပြောစရာ ရှိတယ်။ သူ့ယောက်ျား ရှိစဉ်က ပြောဖူးတာတစ်ခုကို သတိရလိုက်မိတယ်။ ပိုက်ဆံရှိရင် လုပ် လို့ ဖြစ်တာပဲ။ လောကကြီးဟာ ပိုက်ဆံတွေနဲ့ တည်ဆောက်ထားတာ။ အာဏာဆိုတာလည်း ပိုက်ဆံက ဖြစ်တာပဲဆိုတာ ..။ ဟိုတုန်းကတော့ သူ့ယောက်ျားဟာ စာရင်းကိုင်ကြီးမို့ ဒီလိုမြင်တာပဲလို့ သူ ထင်ခဲ့မိတယ်။ မိုးမိုး ကိုယ်တိုင်ကလည်း ပိုက်ဆံရှိတဲ့လူတွေ အနီးနားမှ မရောက်ခဲ့ဖူးဘဲ။ တကယ် ပိုက်ဆံရှိတဲ့လူတွေလို ပိုက်ဆံလည်း မရှိခဲ့ဖူးဘူး။ ခုတော့ ပိုက်ဆံ ရှိရင် ထိုင်ရာက မထဘဲ တစ်ထိုင်တည်းနဲ့ လုပ်ချင်ရာလုပ်လို့ ဖြစ်ပါသော် ကော ဆိုတာ မြင်လာမိတယ်။ ပိုက်ဆံဆိုလို့ တစ်ခုတော့ သတိရလိုက်မိ တယ်။ ဒီမှာ လာပြီး အစားအသောက် ချက်ရတဲ့ အလုပ် လုပ်ရတာ ကျောင်းဆရာမ လခလောက်တော့ ရကောင်းပါရဲ့ဆိုတာပဲ။ ဒါပေတဲ့ ပြန်မငြင်းရဲလို့ အလုပ် လက်ခံလိုက်ပြီးပြီ။ တပည့်တွေလောက်ကိုသာ ငေါက်ရဲတာ။ ပိုက်ဆံရှိတဲ့လူ၊ အာဏာရှိတဲ့လူ၊ ဒီလူတွေကို ငေါက်ဖို့ မပြောနဲ့၊ ပြန်တောင် မပြောရဲပါကလားရယ်လို့ သူ့ဘာသာ တွေးလိုက်မိ တယ်။ ဒီလိုနဲ့ မိုးမိုးခမျာ ကျောင်းဆရာမကြီး ဘဝကနေ နေ့ချင်းညချင်း စားဖိုမှူး။ ရိုးရာအစားအစာ ချက်ပြုတ်နည်းအတွက် နည်းပြဆရာမကြီး ဖြစ်သွားပါလေရော။ ဘဝဆိုတာကလည်း ကောင်းလာမယ်၊ ဆိုးသွားမယ် ဆိုတာတွေကို ကြိုပြီး ပြောမရနိုင်တဲ့ဟာ တစ်ခုပဲ မဟုတ်လား။

မိုးမိုးရဲ့ ပထမဆုံး တပည့်နှစ်ယောက်ကတော့ အင်္ဂလိပ်မကလေး နဲ့ ပြင်သစ် ကောင်ကလေး။ ဂူးစတပ်(ဖ)ကပဲ စိစစ်ရွေးချယ် လက်ခံလိုက် တာ။ နှစ်ယောက်စလုံး ကြိုးစားကြရှာတယ်။ ပြင်သစ်ကောင်ကလေးက တော့ လုပ်နိုင်ကိုင်နိုင်တယ်။ အင်္ဂလိပ်မကလေးကတော့ ရွံတတ်ပုံရတယ်။ တစ်ခါတလေ သူ့နှာခေါင်းကို ပိတ်ထားတတ်လို့ ဂူးစတပ်(ဖ)က ဆူရသေး

mgyoe.com

mgyoe.com SAMPLE BOOK

တယ်။ အဲဒီနောက်တော့ သုံးယောက် ထပ်ရောက်လာတယ်။ သုံးယောက်ထဲက နှစ်ယောက်ကတော့ ဂူးစတပ်(ဖ) အဆက်အသွယ်တွေပဲ။ သူ့တပည့်တွေ ရလာတော့ မိုးမိုးအနေနဲ့ ကျောင်းဆရာမ အလုပ်ကို သိပ်မလွမ်းတော့ဘူး။ လူလတ်ပိုင်း လူငယ်တွေကို သင်ကြားရင်း နီးနီးနားနားနေလာရတော့ သူ့သားကို သတိရလာတတ်တယ်။ သူ့သားရဲ့ မရှိခြင်းတစ်ခုဟာ လစ်ဟာနေမှု အတွင်းဆီက ပြန်ပြည့်လာတယ်။ ပိုပြီး သတိရလာမိစရာ ဖြစ်လာတာက ဂယ်ထရုပဲ။ ဂယ်ထရုက ဂူးစတပ်(ဖ)က အသေ အချာ ရွေးလိုက်တဲ့ ကောင်မကလေး။ ဂျာမန်နဲ့ ဩစတြီးယံ အစပ်လို့ ပြောတယ်။ အစားအသောက် သင်တန်းကျောင်းမှာ ဂူးစတပ်(ဖ) ဆရာ လုပ်နေတုန်းက ဂယ်ထရုက တပည့် ဖြစ်ဖူးသတဲ့။ မိုးမိုးအတွက်တော့ တကယ့်ပြဿနာကလေးပဲ။ ရောက်ခါစကဆိုရင် ကြည့်လို့ကို မရဘူး။ ပိုဆိုးတာက ဒီလိုလို့ဆိုရင် ဟိုလိုကော လုပ်လို့မရဘူးလားဆိုတာ အမြဲမေးတယ်။ ဒီတော့လည်း ဂူးစတပ်(ဖ)ကို ပြောလိုက်မိတယ်။ ဒီကောင်မကလေးနဲ့တော့ မဖြစ်ဘူး ထင်တယ်လို့။ ဂူးစတပ်(ဖ)က ဘာလို့လဲလို့ မေးတယ်။ အမေးအမြန်းက ထူလွန်းတယ်ဟဲ့လို့ မိုးမိုးက ပြောတော့ ဂူးစတပ်(ဖ)က ရယ်တယ်။ တို့လူမျိုးမှာ ပြန်မေးရ စမ်းရတယ် ဆိုတာက အလေ့အကျင့် တစ်ခုပဲ။ ဒီဘက်မှာတွေလို ပြောတာကို မျက်စိမှိတ်နားထောင်တဲ့အကျင့် မရှိဘူး။ ငါလည်း သူ့ကို ဒီက ယဉ်ကျေးမှုအကြောင်း ဖြည်းဖြည်းချင်း ရှင်းပြပါ့မယ်။ အချိန်ပေးပါလို့ ပြောတယ်။ ပြောမယ့်သာ ပြောရတယ်။ သူ့ဆီမှာ လာပြီး အချက်အပြုတ်သင်တဲ့ လူတွေအထဲမှာတော့ ဂယ်ထရုက အတော်ဆုံးပဲလို့ မိုးမိုး မြင်လာတယ်။ ခိုင်းလိုက်ရင် မငြင်းဘူး။ လူကြီး ဆိုတာကလည်း ခိုင်းလိုက်လို့ မငြင်းတဲ့လူကို သဘောတော့ ကျတာချည်းပဲ မဟုတ်လား။

ဂယ်ထရုက သူများတွေနဲ့တော့ မတူဘူး။ ဒီက အစားအစာတွေကိုတင် စိတ်ဝင်စားတာ မဟုတ်ဘူး။ အစဉ်အလာ၊ ယဉ်ကျေးမှု၊ ဘာသာစကား .. စတာတွေ အားလုံး စိတ်ပါတယ်။ နှစ်ပတ်လောက်အတွင်းမှာတင် မီးဖိုချောင်ထဲက ပစ္စည်းတွေကို ဒီက ဘာသာစကားနဲ့ ခေါ်တတ်ပြောတတ်လာတယ်။ လက်ထောက်စားဖိုမှူးတွေ၊ မီးဖိုခန်းလက်ထောက်

mgyoe.com

mgyoe.com SAMPLE BOOK

တွေနဲ့ အဖွဲ့ကျတယ်။ မီးဖိုခန်းအပြင်ဘက်က သစ်ပင်ရိပ်မှာ မိုးမိုး စီးကရက် သောက်ရင် သူလည်း ရောက်လာတတ်တယ်။ သူက စီးကရက်ကို သူ့ဘာသာလိပ်ပြီး သောက်လေ့ရှိတယ်။ နင့်ဟာက အလုပ်ရှုပ်လှတယ်လို့ မိုးမိုးက ကောက်ချက်ချတော့ ဂယ်ထရုက ရယ်တယ်။ တစ်နေ့ မိုးမိုးကို သူက ပြောတယ်။ စီးကရက်သောက်တာ မကောင်းဘူးတဲ့။ ဒီလိုဖြင့် နင်ကရော ဘာလို့ သောက်သလဲလို့ မိုးမိုးက မေးတော့ ကြိုက်လို့လို့ သူက ပြန်ဖြေတယ်။ မကောင်းဘူးလို့ဆိုရင် မသောက်နဲ့ပေါ့လို့ မိုးမိုးက ပြောလိုက်တော့ သူက မိုးမိုးကို အသေအချာကြည့်နေရင်း ပြောတယ်။ မိုးမိုး၊ မကောင်းတာနဲ့ ကြိုက်တာနဲ့က တခြားစီ။ မကောင်းလို့ မကြိုက်ရဘူးလို့ မပြောနိုင်ဘူး။ ကြိုက်တယ် ဆိုတာတိုင်းလည်း ကောင်းနေကြတာချည်းပဲ မဟုတ်ဘူးတဲ့။ ငရုတ်သီး ကြိုက်ကြတာဟာ ကောင်းလို့မှ မဟုတ်ဘဲတဲ့။ ဂယ်ထရုကိုဖြင့် မိုးမိုး လက်လျှော့ချင်သလောက်ပဲ။ ဂူးစတပ်ဖ်ကို ပြန်ပြောပြတော့ ဂူးစတပ်(ဖ)က ရယ်တယ်။ အဲဒါကတော့ဖြင့် ဂယ်ထရုပဲလို့ ကောက်ချက်ချတယ်။ မိုးမိုးက ဟိုတယ်မှာ ညဘက် အထူးထမင်းစားပွဲတွေလိုဟာမျိုး မရှိရင် အိမ်ပြန်လေ့ရှိတယ်။ သူ့အတွက် ပေးထားတဲ့ အခန်းမှာ တစ်ခါတလေမှ အိပ်တယ်။ တစ်ညနေတော့ မိုးမိုး အိမ်ပြန်ခါနီးမှာ ဂယ်ထရုက ပြောတယ်။ မိုးမိုး အိမ်၊ ငါလိုက်ခဲ့မယ်တဲ့။ အေး လို့ မိုးမိုးက ပြောတယ်။ အဲဒီညနေက ဂယ်ထရုရဲ့ မော်တော်ဆိုင်ကယ်နောက်မြီးပေါ်ကနေ မိုးမိုးခမျာ သူ့ခေါင်းထဲမှာ မှတ်မိသမျှ၊ ရှိရှိသမျှ ဘုရားအစုံစုံကို တရင်း ပါသွားပါလေရော။ အိမ်ရောက်တော့ ဂယ်ထရုကို ကြိမ်းရသေးတယ်။ နောက်ကို ငါပါရင် နင် အဲသလိုမျိုး မြန်မြန်ကြီး မစီးရဘူးလို့။ ဒီတော့ ဂယ်ထရုက ပြောတယ်။ သွားတာဟာ ရောက်ဖို့။ လမ်းမှာ ကြာနေရင် အချိန်ပုပ်သတဲ့။ ဒီတော့ မိုးမိုးက ပြောလိုက်ရသေးတယ်။ ဟဲ့၊ ငါတို့တွေအဖို့က သွားတာဟာ သွားတာပဲ။ ရောက်တာက ရောက်ချင်လည်း ရောက်မှာ။ မရောက်လည်း မတတ်နိုင်ဘူး။ ကံပဲလို့။ ဒီတော့ ဂယ်ထရုက ပြန်ပြောတယ်။ ဒီလိုဆို မရောက်လို့ လမ်းမှာ သေသွားလည်း ပြီးတာပဲ မဟုတ်လား။ ကံကို ယုံနေမှတော့ မြန်တာ၊ နှေးတာ ဘာပူနေစရာ ရှိလို့လဲတဲ့။ မိုးမိုးမှာ ဘာမျှ ထပ်ပြောနေစရာ မရှိတော့ဘူး။

mgyoe.com

mgyoe.com SAMPLE BOOK

ဒီတော့လည်း ဂယ်ထရူအဖို့ နောက်ထပ် မိုးမိုးကို မော်တော်ဆိုင်ကယ် နောက်မြီးမှာ တင်စီးတဲ့အခါ အရှိန်လျှော့စရာ မလိုတော့ဘူး။

နောက် ..။ တစ်နေ့တော့ ဂယ်ထရူက ပြောတယ်။ မိုးမိုးအိမ်မှာ သူ လာနေချင်တယ်တဲ့။ ဘာလို့လဲ။ နင့်ကို ဟိုတယ်က ပေးထားတဲ့အခန်းက ကောင်းနေသားပဲလို့ မိုးမိုးက ပြောတော့ ကောင်းတော့ ကောင်းပါတယ်။ မိုးမိုးအိမ်မှာက လူတွေနေတာနဲ့ ပိုတူသတဲ့။ ဟိုထဲမှာက စက်ရုပ်တွေလိုပဲ။ ဟိုတယ်မှာ တစ်ခါတလေ လာတည်းတဲ့ လူတွေအဖို့တော့ ပျော်စရာပဲ။ အဲဒီမှာ အလုပ်လုပ်နေရတဲ့ လူတွေအတွက်ကတော့ နေ့စဉ်ဒါပဲ လုပ်နေရတာ။ အလုပ်ပြီးရင် အခန်းပြန်အိပ်။ နောက်တစ်နေ့ ထပြီး ဒီအလုပ်ပဲလုပ်။ ပိုက်ဆံရနေတာကလွဲလို့ ထောင်တစ်မျိုးပဲတဲ့။ စောင့်ကြည့်တာ ခံနေရတဲ့ဘဝ ရောက်နေသလိုပဲတဲ့။ မိုးမိုးကတော့ အဲသလိုမျိုး တစ်ခါမျှ မစဉ်းစားမိဘူး။ သူ လာနေတဲ့အတွက် ပိုက်ဆံပေးပါ့မယ်တဲ့။ တကယ်တော့ မိုးမိုး အိမ်က အတော်ကြီးတယ်။ သူ့ယောကျ်ား ရှိစဉ်ကတော့ အောက်ထပ်မှာ အလုပ်ခန်း လုပ်ထားတာ။ ခုတော့ သူ့တူလင်မယား နေကြတယ်။ အပေါ်ထပ်မှာက အခန်းငါးခန်းလောက် ရှိသေးတယ်။ ပိတ်ထားတဲ့ သူ့သားအခန်းနဲ့ သူ့အခန်းက လွဲရင် အားနေတာပဲ။ ဂယ်ထရူကိုလည်း သူ သနားတယ်။ သနားရတာက ဂယ်ထရူမှာ အဖေ၊ အမေ မရှိဘူး။ ဒီလိုလည်း မဟုတ်သေးဘူး။ အဖေ၊ အမေ ရှိတယ်။ ဒါပေတဲ့ အဆက်အသွယ် မရှိသလောက်ပဲ။ သူ့အဖေနဲ့ အမေ ကွဲတော့ အဘွားနဲ့ သွားနေတယ်။ အဘွားကလည်း မိုးမိုးလို ကျောင်းဆရာမဟောင်းကြီး။ အဘွားက ကျောင်းထားပေးတာ။ အဘွား သေတော့၊ အဘွား အမွေကို သူ ရတယ်။ ခုတော့ အမွေရတဲ့ အိမ်ကလေးကို ငှားထားပြီး အစားအသောက်ချက်တဲ့ ပညာသင် ..။ ဟိုတယ်ကြီးတွေမှာ လိုက်အလုပ်လုပ်။ ဒီတော့ မိုးမိုးက မေးကြည့်ဖူးတယ်။ နင့်အဖေ၊ အမေကို မတွေ့ချင်ဘူးလား၊ မသိချင်ဘူးလားလို့။ သိတော့၊ တွေ့တော့ ဘာထူးမှာလဲ။ သူတို့က ကျွန်မကို မွေးပေးပြီးပြီပဲ။ ကျန်တာက ကျွန်မနဲ့ပဲ ဆိုင်တော့တာလို့ ဂယ်ထရူက ဖြေတယ်။ မိုးမိုး စိတ်ထဲမှာ အတော့်ကိုမကောင်း ဖြစ်သွားလိုက်မိတယ်။ တစ်ချိန်တည်းမှာပဲ သူ့သားကလေးကို သတိရလိုက်မိတယ်။ သင်းကလေး

mgyoe.com

mgyoe.com SAMPLE BOOK

လည်း အဲဒီလိုမျိုး အနောက်ဘက်က လူတွေ တွေးတဲ့နည်းများ ရသွား လေသလားပဲ။ ဒါပေတဲ့ ဂယ်ထရုရဲ့ ရှိနေခြင်းဟာ မိုးမိုးရဲ့ဘဝထဲကို ရိုးတိုးရိပ်တိပ်နဲ့ ဝင်လာပြီး လစ်လပ်နေတဲ့ ကွက်လပ်ကလေးကို မသိမသာ ဝင်ဖြည့်ပေးသလို ဖြစ်လာတယ်။

ဒီလိုနဲ့ မိုးမိုး အိမ်မှာ ဂယ်ထရု နေဖြစ်သွားတယ်။ မိုးမိုးက ပိုက်ဆံမလိုတော့ နင် ငါ့ကို ပိုက်ဆံမပေးနဲ့။ ငါ့တူ လင်မယားကို အင်္ဂလိပ်စာ သင်ပေးလို့ ပြောထားတယ်။ သူ့တူ လင်မယားကတော့ အင်္ဂလိပ်စာ တတ်၊ မတတ် မပြောတတ်ဘူး။ ဂယ်ထရုကတော့ ခြောက်လလောက် အတွင်း သူတို့ အရပ်သူ အရပ်သားတွေလို ပြောလာနိုင်တယ်။ သူ အားတဲ့ ရက်တွေမှာ သူ့တူ လင်မယားရဲ့ အရပ်ထဲက စားသောက်ဆိုင်ကလေး မှာ သွားကူပြီး ရောင်းပေးတယ်။ အဖြူမကလေးက သူတို့ တိုင်းရင်သား တွေလို ပြောပြီး ရောင်းတယ်ဆိုတော့လည်း အရောင်းအဝယ်က ကောင်း လာတယ်။ မိုးမိုးက ဂယ်ထရုကို ကျေးဇူးတင်စရာ ဖြစ်လာတယ်။ ဂယ်ထရု ကြောင့် မိုးမိုးတောင် အမြင်တွေ ပြောင်းလာတယ်လို့ ဆိုရမလားပဲ။ တစ်နေ့ အလုပ်နားချိန်မှာ ဂူးစတပ်(ဖ)နဲ့ ထိုင်စကားပြောရင်း ဂယ်ထရုအကြောင်း ရောက်သွားတယ်။ အဲဒီနေ့က ဂယ်ထရုရဲ့ အားရက်မို့ လူအန်ပရာဗာန်း ဘက်ကို အလည်သွားနေတယ်။ ငါ့ကို ဂယ်ထရုက ပြောတယ်လို့ အစချီရင်း မိုးမိုးက ဂယ်ထရု ပြောတာကို ပြန်ပြောပါတယ်။ ငါနေတဲ့ အိမ်၊ ငါနေတဲ့ အရပ်ဟာ ငါ့ကမ္ဘာကလေး သက်သက်ပဲ။ ငါ့အထဲက ကမ္ဘာ ကလေး သက်သက်ပဲ။ တကယ့် ကမ္ဘာကြီးက အပြင်မှာ။ ငါ့ကို အပြင်ကို ခုန်ထွက်ရဦးမှာတဲ့လို့ ပြောတော့ ဂူးစတပ်(ဖ)က ရယ်တယ်။ ငါ့ကို ပြော သေးသဟဲ့လို့ ဆိုပြီး မိုးမိုးက ဆက်ပြောပြန်တယ်။ မိုးမိုးက ကျောင်း ဆရာမ လုပ်ခဲ့တာဆိုတော့ သူများထက်စာရင် ပိုပြီး ပညာတတ်တယ်၊ အမြင်ရှိတယ်။ အဲဒီလိုပဲ ကျေနပ်မှုလည်း ရှိနေတယ်။ ဒီတော့ တွင်းကလေး ထဲက ဖားကလေးလိုပဲ။ မိုးကောင်းကင်ကို ကြည့်ပြီး ကျေနပ်နေတယ်။ အပြင်ကို ခုန်ထွက်လိုက်ရင် ပိုပြီး အလင်းရောင်ရမယ်။ ကျယ်ကျယ်ပြန့် ပြန့် မြင်ရမယ်ဆိုတာ သိပေတဲ့ ခုန်မထွက်ဘူး။ ပိုပြီး အလင်းရောင်ရအောင် တွင်းထဲက အတွင်းနံရံကို ဆေးအသစ်သုတ်။ မြင်ကွင်းကောင်းအောင်

mgyoe.com

mgyoe.com SAMPLE BOOK

နံရံမှာ ပန်းချီကားအသစ် ချိတ်နေတာ သက်သက်ပဲတဲ့လို့ မိုးမိုးက ထပ်ပြောပြတော့ ဂူးစတပ်(ဖ)ကြီးခမျာ ရယ်လိုက်တာ မျက်ရည်ထွက်ရော။ နောက်တော့ ဂူးစတပ်(ဖ)က မေးတယ်။ မဟုတ်ဘူးလား မိုးမိုးတဲ့။ ဒီတော့ လည်း ခေါင်းကို အသာညိတ်ရင်း ဟုတ်တော့ ဟုတ်ပါတယ်လို့ပဲ မိုးမိုး ဝန်ခံလိုက်ရတော့တယ်။

အဲဒီတုန်းက ဂူးစတပ်(ဖ)က သူ မြင်တာကို ပြောသေးတယ်။ မိုးမိုးတို့ ဒီဘက်က အရပ်ဒေသ တစ်ခုလုံးလိုလိုဟာ ရိုးသားကြတယ်။ ရိုးသားခြင်း၊ ယဉ်ကျေးခြင်းဟာ ဂုဏ်ရည်တစ်ခုလို့ လက်ခံထားကြတယ်။ ပြီးတော့ ဘာသာရေးနဲ့ ယဉ်ကျေးခြင်းဟာ မကွဲကြဘူး။ အဲဒီအမြင်တွေ အားလုံးဟာ လူတစ်ဦးတစ်ယောက်ကို ရပ်တန့်ထားလိုက်သလိုပဲ။ လူ့အဖွဲ့အစည်းထဲမှာ နေရင် လူ့အဖွဲ့အစည်းနဲ့အတူ လိုက်ပါသွားနိုင်ဖို့လည်း လိုသေးတာပဲ။ ဒီတော့ တစ်ခါတလေ မိုးမိုးတို့ရဲ့ ယဉ်ကျေးခြင်းဆိုတာက တခြားအရပ်က လူတွေအဖို့ အတော့်ကို ရိုင်းနေသေးတာ။ တစ်ခါက ဂယ်ထရက မေးခွန်းထုတ်တာနဲ့ ပတ်သက်လို့ မိုးမိုးက ငါ့ကို မေးခွန်းထုတ်ခဲ့တာ မှတ်မိသလား။ တို့တွေအဖို့ကတော့ မေးခွန်းထုတ်သင့်ရင် ထုတ်ရမှာပဲ။ အသက်ကြီးတာ၊ ရာထူးကြီးတာ၊ ပိုက်ဆံရှိတာ ..။ သူဌေးကြီးကို ဖြစ်ဖြစ်၊ ဗိုလ်ချုပ်ကြီးကိုဖြစ်ဖြစ် မေးစရာရှိတာကတော့ မေးရမှာပဲ။ ရာထူး အဆင့် ဆိုတာတွေနဲ့ မဆိုင်ဘူး။ ဒီဘက်မှာက မိုးမိုး စိတ်ထဲမှာ ဖြစ်လိုက်သလို မေးခွန်းထုတ်တာကို မကြိုက်ကြဘူး။ ရိုင်းတယ်လို့ ထင်ကြတယ်။ သူဌေးကြီးကတော့ ငယ်ငယ်ကတည်းက အနောက်ဘက်မှာ ပညာသင်လာတော့ သူက နားလည်တယ်၊ လက်ခံတယ်။ မသိလို့ မေးတာဟာ လူတစ်ယောက်အတွက် သာမန်အပြုအမူတစ်ခုပဲ။ လုပ်ပိုင်ခွင့်ပဲ။ သူဌေးကြီးနဲ့ ပါလာတတ်တဲ့ စစ်ဗိုလ်ကြီးတွေဆိုရင် ပြန်မေးတာ မကြိုက်ဘူး။ မကြိုက်ရတာကလည်း စစ်ဘက်က ဆက်ဆံရေးဟာ ရာထူးအဆင့်မှာ အခြေခံထားလို့။ ရာထူးအားဖြင့် ငယ်ရင် ပြန်မေးနေစရာမလိုဘူးဆိုတဲ့ အခြေခံဆက်ဆံရေး။ ဒီဘက်မှာတော့ မေးတာကို သိပ်မကြိုက်ကြလို့ မေးမနေတော့ဘဲ မသိပေတဲ့ သိသလို လုပ်နေလိုက်ကြတာ များတယ်။ ဒါပေတဲ့ တကယ်တော့ မသိဘူး။ မသိပေတဲ့ သိသလိုလို လုပ်နေ

mgyoe.com

mgyoe.com
SAMPLE BOOK

နေရာက အသားကျလာတော့ တယ်ဟုတ်တဲ့ ငါပါလားလို့တောင် ထင်လာတတ်ကြတယ်။ ဒီတော့ ရိုးသားခြင်းဆိုတာဟာ ဖြီးစားဖို့ လမ်းဖွင့်ပေးသလို ဖြစ်လာရာက ကိုယ့်ကိုယ်ကိုယ် အထင်ကြီးလာကြတဲ့ အခြေအနေကို ရောက်ရော။ ဒါကြောင့် ဒီဘက်အရပ်တွေမှာ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးနေတဲ့လူတွေ များနေတာ။ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးနေတဲ့ လူတွေကို သာမန်လူတွေကလည်း မေးခွန်းမထုတ်တော့ဘဲ ဝိုင်းရိုသေနေကြပြန်ရော။ ငါတို့အဖို့ကတော့ ငါတို့ လုပ်နိုင်တာ လုပ်တယ်။ မသိတာရှိလို့ သိချင်ရင် မေးတယ်။ လူဟာ သူနဲ့ ဆက်စပ်နေတာတွေကိုတော့ သိဖို့လိုတာပဲ။ ငါ့မိးဖိုခန်းဟာ ငါ့ရဲ့အင်ပါယာပဲ။ ဒါပေတဲ့ ငါ့ရဲ့အင်ပါယာရဲ့ အပြင်ဘက်ကိုလည်း သိဖို့တော့ လိုတာပဲ။ အထူးသဖြင့် ငါနဲ့ ဆက်စပ်နေတာတွေ။ ဒုံးပျံလွှတ်တာမျိုးကျရင် ငါ မသိလည်း ဖြစ်တယ်။ ဆက်စပ်နေလို့ သိဖို့လိုရတာက ကမ္ဘာကြီးရဲ့ ရှိနေခြင်းဟာ ငါ့ရဲ့ ရှိနေခြင်းပဲကိုး တဲ့။

မိုးမိုး စိတ်ထဲမှာ မသိမသာ ဘုရားတလိုက်မိတယ်။ သင်းတို့အဖို့က သူတို့နဲ့ ကမ္ဘာကြီးအကြားမှာ အတော့်ကို အလုပ်ရှုပ်စရာကောင်းလောက်အောင် ဆက်သွယ်ထားကြတာပါလား။ ငါကတော့ ဘာလို့ ပြတ်တောက်နေရတာလဲ။ အမှန်ဆို ဂူးစတပ်(ဖ)က ထမင်းချက်ပဲ။ ဒါပေတဲ့ သူ့မီးဖိုခန်းကို သူ့အင်ပါယာကြီးတစ်ခုလို့ လက်ခံထားတာ။ သူ လုပ်နေရတာ ..၊ သူ လုပ်နိုင်တာ .. ကို သူ ကြိုက်တယ်။ သူ ဂုဏ်ယူတယ်။ သူဌေးကြီးဖြစ်လာဖို့၊ သမ္မတကြီး ဖြစ်လာဖို့ သူ စိတ်ကူးမယဉ်ဘူး။ သူ့အနေနဲ့ ဘာလုပ်နိုင်တယ်၊ ဘာမလုပ်နိုင်ဘူးဆိုတာ သိတယ်၊ လက်ခံထားတယ်။ သူ လုပ်တဲ့ အလုပ်ကိုတော့ သူ ပိုင်တယ်။ တခြားလူ တစ်ယောက်ရဲ့ အသက်မွေးဝမ်းကျောင်းမှုဟာ သူ့အလုပ် မဟုတ်ဘူး။ ငါတို့လို ဘာလုပ်စားတယ် ဆိုတာက လူတစ်ယောက်ဆိုတာရဲ့ အရှေ့က မနေဘူး။ သူတို့အဖို့ လူဟာ လူပဲဆိုတာက အဓိက။ ငါတို့က လူဟာ ဘယ်သူလဲဆိုတာက အဓိက။ ဘယ်လောက် အဆက်အသွယ် ကောင်းတယ် ဆိုတာက အဓိက။ ဒီတော့ သူ ပြောတဲ့အတိုင်းပဲ။ သူတို့လို တို့ မမြင်တာတော့ အမှန်ပဲ။ အမှန်ဆို ငါတို့ကလည်း တွင်းနံ့ရှုံကို ဆေးအရောင် ပြောင်းသုတ်

mgyoe.com

mgyoe.com SAMPLE BOOK

နေတာကလေးကိုပဲ ကျေနပ်စရာလို့ လက်ခံထားကြတာ။ နံရံပေါ်မှာ ပန်းချီကားအသစ် ချိတ်ပြီး ကြည့်တာကို အမြင်သစ်လို့ လက်ခံထားကြ တာကိုးလို့ တွေးမိပြီး အရှည်ကြီး ဆက်ပြီး တွေးစရာတွေ ပေါ်လာတော့ တယ်။ ဒီတော့လည်း ဟိုအကောင်တစ်သိုက်ကို သတိရလိုက်မိပြန်တယ်။ သူတို့အထဲက တစ်ယောက် ပြောသလိုဖြင့်တော့ 'အလကားကောင်တွေ' တဲ့။ အဲဒါကလည်း ဂူးစတပ်(ဖ)ရဲ့လက်ထောက် တော်မီဆင်းက ပြော ပြလို့ သိရတာ။ ဒီအကောင်တွေ လာရင် တော်မီက ငါးခေါင်းဟင်းကို ကုလားပြည်တောင်ပိုင်းက လူတွေ စားသလိုမျိုး ချက်ပေးရသတဲ့။ ဂုဂျ ရပ်တီတွေ စားတဲ့ သက်သတ်လွတ် ဟင်းသီးဟင်းရွက်ကြော် ကြော်ပေးရ သတဲ့။ တော်မီကတော့ ကောက်ချက်ချတယ်။ လူတွေဟာ တော်တော် ..၊ ညံ့ညံ့။ တစ်နေရာရာ၊ တစ်ဆင့်ဆင့်ကို ရောက်သွားရင် သူတို့ကိုယ်သူတို့ အလကားကောင်လို့ မြင်တတ်ကြတယ် ဆိုတာမျိုး ထင်တယ်တဲ့။ အဲဒီ တုန်းကတော့ အလကားကောင်တွေ ဆိုတာကို မိုးမိုး မဆုံခဲ့ရသေးဘူး။

**အလကားကောင်တွေ**

သူဌေးကြီးရဲ့ ရီဆော့ဟိုတယ်က ဘယ်လိုအကျိုးအမြတ် ရှိတယ် ရယ်လို့ မသိဘူး။ မိုးမိုး အမြင်မှာတော့ လူဝင်၊ လူထွက် နည်းတယ်။ ပိုက်ဆံ သိပ်ရမယ် မထင်ဘူး။ သူ့အတွက်ကတော့လည်း ပိုက်ဆံက အကြောင်းမှမဟုတ်တာဘဲ။ မြို့ထဲဆီက အဘိုးကြီးပိုင်တဲ့ ဟိုတယ်မှာ လူ သိပ်ကျပ်တဲ့အခါ ဒီဘက်ကို ရောက်လာတတ်တယ်။ မြို့ထဲက ဟိုတယ်က လည်း ဒီနာမည်နဲ့ပဲ။ ဒီဟာကတော့ ရီဆော့ဟိုတယ်ဖြစ်လို့ ဈေးကြီးတယ်။ မြို့ထဲက ဟိုတယ်မှာ လူသိပ်ကျပ်တိုင်းလည်း ဒီဘက်ကို သိပ်မလွှတ်ရဲ ကြဘူး။ ဒီမှာကတော့ သူ့မိတ်နဲ့သူလို့ပဲ ခေါ်ရမှာလား၊ လက်ရွေးစင်ပဲ ထားတယ်လို့ ခေါ်ရမှာလား မသိဘူး။ အများဆုံး သုံးတဲ့နေရာကတော့ ကွန်ဖရင့်အခန်းလို့ခေါ်တဲ့ အခန်းပဲ။ ဒါကလည်း အခန်းတံခါးပိတ်ပြီး အစောင့်ချထားတတ်တာ များတာပဲ။ မိုးမိုးအတွက် ပေးထားတဲ့အခန်း ရှိတဲ့ အဆောက်အဦလေးမှာဆိုရင် အဲဒီ အလကားကောင်တွေလို့ သူ တို့ကိုယ်သူတို့ခေါ်တဲ့ အကောင်တွေ နေလေ့ရှိတယ်။ ဒီဟိုတယ်မှာ မိုးမိုး

mgyoe.com

mgyoe.com
SAMPLE BOOK

အလုပ်မဝင်ခင်ကတည်းက အဝင်အထွက်ရှိနေကြပုံရတယ်။ ဒီအကြောင်းတွေလည်း အရင်က မသိခဲ့ဘူး။ မိုးမိုးကို အခန်းတစ်ခန်း ပေးလိုက်လို့ သူဌေးကြီးက ပြောပြီးတဲ့နောက် အလုပ်သမားတွေကို အုပ်ချုပ်တဲ့ မန်နေဂျာက သူ့ကို ဘယ်ကအခန်း လိုချင်သလဲလို့ မေးတော့ လက်ပံပင်ကြီးနားဆီက အဆောက်အဦမှာ၊ အဆောက်အဦ ထိန်းသိမ်းရေးသမားတွေနေတဲ့ အခန်းအပိုများရှိရင် နေချင်တယ်လို့ မိုးမိုးက ပြောလိုက်မိတယ်။ မန်နေဂျာကတောင် မေးသေးတယ်။ အဲဒီမှာ ဘာလို့ နေချင်ရတာလဲလို့။ မိုးမိုးက လက်ပံပင်ကြီးတွေကို ကြိုက်တယ်။ အပွင့်ရဲရဲကြီးတွေက လှတယ်လို့ မြင်တယ်။ ပြောမယ်ဆိုရင်တော့ ပြောစရာ အများကြီးပဲ။ သူတို့ ငယ်ငယ်က ကျောင်းကအပြန် သူ့ယောကျ်ားဖြစ်လာမယ့် ကောင်ကလေးနဲ့ သူ လက်ပံပင်ကြီးအောက်မှာ ချိန်းတွေ့နေကျ ..။ သူ့သားကလေးနဲ့ သူ နောက်ဆုံး တွေ့လိုက်ရတာက လက်ပံပင်ကြီးတစ်ပင် အောက်မှာပဲ ..။ တိုက်ဆိုင်မှုတွေလား မပြောတတ်ဘူး။ ဒါကြောင့်ပဲ လက်ပံပင်ကြီး အနားဆီက အဆောင်ကို သူ ရွေးတာ။ အဲဒီအဆောင်ကလည်း ဟိုတယ်ကို လာတဲ့လူတိုင်း နေရတဲ့ အဆောင်မျိုးတော့ မဟုတ်ဘူး။ အဲဒီ အလကားကောင်တွေဆိုတာ လာရင် နေတတ်ကြတယ်။ အပေါ်ဆုံးတစ်ထပ်လုံးက အဲဒီကောင်တွေ နေတာ။ ကျန်တဲ့အခန်းတွေကတော့ အားနေတာ များတယ်။ ဒါကတော့ မိုးမိုး သိသလောက်ပဲ။ နောက်တော့ မန်နေဂျာက မိုးမိုး နေချင်တဲ့အခန်း ပေးတယ်။

ဟိုတယ်မှာ မိုးမိုး အလုပ်ဝင်ပြီးတော့ နှစ်လလောက်ကြာတော့ တစ်နေ့ နေ့လယ်ပိုင်းမှာ ထုံးစံအတိုင်း သစ်ပင်ရိပ်အောက် သွားပြီး စီးကရက် သောက်နေတုန်း ချွန် ရောက်လာတယ်။ နောက်တော့ ဂူးစတပ်(ဖ) ရောက်လာတယ်။ စီးကရက် သောက်နေကြရင်း ချွန်က ညှော်သည်တွေ ညက ရောက်တယ်။ ခင်ဗျား တွေ့ပြီးပြီလားလို့ မေးတော့၊ ဒီနေ့ ဆယ့်နှစ်နာရီထိုးမှ ငါ အလုပ်စတာလို့ ဂူးစတပ်(ဖ)က ဖြေရင်း ဘယ်နှယောက်လဲလို့ ပြန်မေးတယ်။ ရောက်တယ် ဆိုတာပဲ ကျွန်တော် သိတယ်လို့ ချွန်က ဖြေတယ်။ ညှော်သည်ရောက်တဲ့ကိစ္စ ဆိုတော့လည်း မိုးမိုးအတွက် စိတ်ဝင်စားစရာ မရှိဘူး။ ဒါပေတဲ့ ဘာကြောင့်မှန်းတော့ မသိဘူး၊ ချွန်

mgyoe.com

mgyoe.com SAMPLE BOOK

က ဂူးစတပ်(ဖ)ကို မျက်စပစ်ပြလိုက်တာ ရိပ်ခနဲ သူ တွေ့လိုက်မိတယ်။ ဂူးစတပ်(ဖ)က ပြုံးရင်း မိုးမိုး အခန်းကို ရောက်ပြီးပြီလားလို့ မေးတော့ ပြီးခဲ့တဲ့ တစ်ပတ်လုံးလုံး ငါ အခန်းမှာ မနေဘူး။ အိမ်ပြန်အိပ်တယ်လို့ ဖြေလိုက်တယ်။ ဂူးစတပ်(ဖ)က အခန်းကို သွားကြည့်ဦးလို့ ပြောပြန်တယ်။ ဘာလို့တုံးလို့ မေးတော့ သွားကြည့်၊ သွား၊ အခု အားနေတုန်း သွားကြည့်လို့ပဲ ပြောတယ်။ မိုးမိုးလည်း ဘုမသိ ဘမသိနဲ့ သူ့အခန်းဆီ လာခဲ့တယ်။ လက်ပံပင်ကြီးနားဆီက ပန်းချုံကိုကျော်ပြီး သူ့အခန်းရှိရာကို ကွေ့ဝင်လိုက်တော့ လှေကားရင်းနားက အရိပ်အောက်မှာ လူတစ်ယောက် စီးကရက် ထိုင်သောက်နေတာ မမျှော်လင့်ဘဲ တွေ့လိုက်ရတယ်။ သပ်သပ်ရပ်ရပ်ပဲ။ ဒါပေတဲ့ ခါးမှာ ပစ္စတိုနဲ့။ မိုးမိုး လန့်သွားတယ်။ သူ့အခန်းကို လှမ်းကြည့်လိုက်တော့ သူ့အခန်းဘေးက အခန်းက တံခါးပွင့်နေတယ်။ စကားပြောသံတွေလည်း ကြားရတယ်။ ထိုင်ပြီး စီးကရက်သောက်နေတဲ့ လူက ထိုင်ရာက ထပြီး သူ့ကို အမယ်ကြီး ... ဘယ်သွားမလို့လဲလို့ လက်အုပ်ချီရင်း ယဉ်ယဉ်ကျေးကျေး မေးတယ်။ ငါ့အခန်းကိုလို့ မရဲတရဲနဲ့ ပြန်ဖြေတော့ ဘယ်မှာလဲတဲ့။ မိုးမိုးက ဘာမျှ ပြန်မဖြေရသေးခင် သူက အတွင်းဘက်ကို လှမ်းပြီး ဟဲ့ကောင်တွေ ... လာစမ်းလို့ လှမ်းအော်လိုက်တာနဲ့ မိုးမိုး ရင်ထဲ ထိပ်ကရော။ အခန်းထဲဆီကလည်း လူလေးယောက် ပြေးထွက်လာကြတယ်။ တစ်ယောက်ရဲ့လက်ထဲမှာ စစ်သားတွေကိုင်တဲ့ သေနတ် ခပ်ကြီးကြီးမျိုး ကိုင်ထားတယ်။ အဲဒီအထဲမှာ ဟိုတယ်လုံခြုံရေးက ကောင်ကလေးနှစ်ယောက် ပါတယ်။ သူတို့ကိုတော့ မိုးမိုးသိတယ်။ တစ်ယောက်ကပဲ လှမ်းပြီး ပြောတယ်။ အမယ်ကြီးက ဒီမှာနေတာ။ သူဌေးကြီးကိုယ်တိုင် ခန့်ထားတာလို့ လှမ်းပြောလိုက်တော့မှ မိုးမိုးလည်း အတော်ကလေး စိတ်အေးသွားရတယ်။ ဒီတော့မှ သူ့ကိုမေးတဲ့ လူက အမယ်ကြီး၊ ကျွန်တော့်ကို မှတ်ထား။ ကျွန်တော် အမြဲဒီမှာရှိမယ်။ လိုတာရှိရင် ခိုင်းနိုင်တယ်လို့ ပြောတော့မှ မိုးမိုး အတော့်ကိုနေသာထိုင်သာ ရှိသွားရတော့တယ်။

ချက်ပြုတ်ခန်းနားဆီက သစ်ပင်ရိပ်ကို မိုးမိုး ပြန်ရောက်တော့ ပရင်ပါ ထိုင်ပြီး စီးကရက်သောက်နေတာ တွေ့ရတယ်။ မျက်နှာတွေက

mgyoe.com

mgyoe.com SAMPLE BOOK

ပြုံးစိစိနဲ့မို့ အရင်ဆုံး ခွေးကောင်တွေလို့ ပြောပစ်လိုက်ပြီးမှ ချွန်ကို ရေတစ်ပုလင်း သွားယူစမ်းလို့ ခိုင်းလိုက်ရတယ်။ ပြီးတော့ ဟဲ့ ... အဲဒီမှာ နေတာက ဘာတွေတုံးလို့ ပရင်ကို မေးလိုက်မိတယ်။ မသိဘူးလို့ ပရင်က ဖြေတယ်။ ဂူးစတပ်(ဖ)က သူ မသိရင် ဘယ်သူမှ သိမှာမဟုတ်ဘူး။ အဘိုးကြီးနဲ့ ပတ်သက်တဲ့လူတွေလို့ ဖြေတယ်။ သေနတ်တွေနဲ့ဟဲ့လို့ မိုးမိုးက ထပ်ပြောလိုက်တယ်။ သေနတ်ရှိတော့ ဘာဖြစ်သလဲလို့ ဂူးစတပ်(ဖ) ကပဲ ဆက်ပြီး မေးတယ်။ မိုးမိုး ဘာပြန်ပြောရမှန်းမသိ ဖြစ်နေတုန်း ဂူးစတပ်(ဖ)က ပြောပြန်တယ်။ သေနတ်ရှိလို့ လူဆိုးတွေလားလို့ မိုးမိုးက မေးချင်တာလား။ တကယ်တော့ သေနတ်က လူဆိုး လူကောင်းကို မဆုံးဖြတ်ဘူး။ လူရဲ့ ကောင်းခြင်း၊ ဆိုးခြင်းကသာ သေနတ်ကို ကောင်းကျိုးအတွက် သုံးသလား၊ မကောင်းကျိုးအတွက် သုံးသလားဆိုတာကို ဆုံးဖြတ်တာလို့ ပြောတယ်။ မိုးမိုး စိတ်ထဲမှာတော့ ခပ်လန့်လန့်ရယ်ပဲ။ လူကောင်း သူကောင်းဆိုရင် သေနတ်မကိုင်ဘူးလို့ သူ ထင်တယ်။ ဂူးစတပ်(ဖ)ကြီး ပြောပုံကဖြင့် တစ်မျိုး။ အဲဒီတုန်း ချွန် ရောက်လာပြီး ရေပုလင်း ပေးလို့ မိုးမိုးက တစ်ငုံ၊ နှစ်ငုံ သောက်လိုက်ပြီးတော့၊ သူ မေးချင်တာကလေးတွေ ဆက်မေးလိုက်မိတယ်။ သူဌေးကြီး ဒီကိုလာတုန်းက ငါ့ကို ပြောဖူးတယ်။ သူ့မိတ်ဆွေနဲ့အဖွဲ့ လာရင် ခင်ဗျားလက်ရာ ကောင်းကောင်းကလေးတွေ ချက်ကျွေးစမ်းပါ ဆိုတာ အဲဒီလူတွေလားလို့။ ဟုတ်တယ်၊ ဟုတ်တယ်။ သေချာသပေါ့လို့ ပရင်က ပြောနေတုန်း ဂူးစတပ်(ဖ)က ဝင်ထောက်ခံတယ်။ ဟုတ်တယ် မိုးမိုး၊ တစ်ခါက သူတို့ ရောက်နေတုန်း သူဌေးကြီးလည်း ရောက်လာတော့၊ သူဌေးကြီးက ငါ့ကို ခေါ်ပြီး မိတ်ဆက်ပေးဖူးတယ်။ အဲဒီထဲက တစ်ယောက်က ဒီဘက်က။ တစ်ယောက်က ငါတို့အရပ်က။ သူက ပြောတယ်။ ကျွန်တော်တို့က အစားအသောက်နဲ့ ပတ်သက်ရင် နည်းနည်း ကြေး (ဂျီး) များတတ်လို့ ခင်ဗျားကို ဒုက္ခပေးသလိုများ ဖြစ်ခဲ့ရင် ခွင့်လွှတ်ပါတဲ့။ အစားအသောက် ချက်ပြုတ်တာ ကျွန်တော့်အလုပ်ပဲ။ လေယာဉ်ပျံတော့ မမောင်းတတ်ဘူး။ ဒီတော့ လေယာဉ်ပေါ်ရောက်ရင် လေယာဉ်မှူး တာဝန်ပဲ။ ကျွန်တော့်ဘဝ တစ်ခုလုံးဟာ သူ့လက်ထဲမှာပဲလို့ သဘောထားပါတယ်လို့ ငါက ပြောလိုက်တော့ အားလုံး ငါ့ဆီ

mgyoe.com

mgyoe.com SAMPLE BOOK

ထလာပြီး လက်ဆွဲ နှုတ်ဆက်ကြတယ်။ ငါတောင် အတော် ဘဝင်မြင့်သွားမိတယ်။ ငါ့အမြင် ပြောရရင် သူတို့က အစားအသောက်မှာ ကြေး (ဂျီး) များတာ မဟုတ်ဘူး။ သေချာတာလို့ ဂူးစတပ်(ဖ)က ရှင်းပြရင်း ချွန် ကို လက်ညှိုးထိုးတယ်။ ချွန်က သူတို့လူ။ သူတို့ လာရင် ချွန်ကိုယ်တိုင် စားပွဲထိုးမှ။ သူက ငါတို့ထက် ပိုသိတယ်လို့ ဂူးစတပ်(ဖ)က ထပ်ပြောတယ်။

နင့်အကောင်တွေက အခု ဘယ်မှာလဲလို့ မိုးမိုးက ချွန်ကို လှည့်မေးလိုက်တော့၊ မသိဘူးလေလို့ ချွန်က အိုးတိုးအတနဲ့ ပြန်ဖြေတယ်။ ဒီလိုလို့ ဂူးစတပ်(ဖ)က ကြားဝင်ပြောတယ်။ ခင်ဗျား တွေ့ချင်ရင် မနက် ငါးနာရီလောက် ဒီကိုလာ။ မနက်အစောကြီး မနက်စာ လာစားကြတယ်။ အဲဒီနောက် ပျောက်သွားကြရော။ ညဘက်ကျတော့ ရေကူးကန်ရဲ့ ဟိုဘက် အဖျားက သစ်ပင်ရိပ်အောက်က မီးတိုင်နားဆီမှာ စားလေ့ရှိတယ်။ ညဘက် ရေကူးလေ့ ရှိကြတယ်။ ဒါက သူတို့ ရောက်လာရင် လုပ်နေကျ ..။ ဂူးစတပ်(ဖ) ပြောနေတုန်း မိုးမိုးက ဖြတ်ပြီး ရယ်စရာပြောတယ်။ ဒီလိုဖြင့် ငါက ဘယ်တော့ ငါ့လက်စွမ်း ပြရမှာလဲလို့။ ဂူးစတပ်(ဖ)နဲ့ ပရင်က အားရပါးရ ရယ်တယ်။ ချွန်ကတော့ ပြုံးရုံပြုံးပြီး မိုးမိုး ဂူးစတပ်(ဖ) ပြောတာ သူတို့အလုပ် မပြီးသေးတဲ့အပိုင်း၊ အလုပ်ပြီးသွားတဲ့အပိုင်း မပါဘူးလို့ ပြောပြီး ခင်ဗျား ပြောလိုက်ဦးလေလို့ ဂူးစတပ်(ဖ)ကို ကြည့်ရင်း ပြောလိုက်တယ်။ ဂူးစတပ်(ဖ)က တစ်ခုပဲ ငါ ပြောပြမယ်လို့ စကားခံပြီး ပြောတယ်။ လူတွေကတော့ လူတစ်မျိုးတွေ။ ဘာတွေမှန်းတော့ ငါလည်း မပြောတတ်ဘူး။ အလုပ်ပြီးသွားရင်တော့ ညမအိပ်ကြဘူး။ မနက်စာကို ရှန်ပိန်းနဲ့ စတယ်။ ရေကန် ဟိုဘက်ထိပ်က သူတို့ပိုင်နက်ပဲ။ တစ်နေကုန် သောက်ကြရော။ ဟိုနှစ်ယောက်အတွက်ကတော့ တော်မီက အများဆုံး ချက်ရတယ်။ ငါကတော့ ဘဲအသည်းနဲ့ ပတေး Pate လုပ်ပေးရတယ်။ ချွန် လက်အောက်က စားပွဲထိုးတွေ အဲဒီကို တစ်နေ့ အကြိမ်သုံးဆယ်လောက် သွားရတယ်။ သူတို့ ချက်ခိုင်းတာ မဟုတ်ရင် မီးဖိုခန်းထဲအထိ လာပြောတယ်။ တစ်ခါက ဒီက စားဖိုမှူး ချက်တာ မြောက်ပိုင်းအစာ မဟုတ်လို့ဆိုပြီး သာပါရေမြို့တံခါးထိပ်

mgyoe.com

mgyoe.com SAMPLE BOOK

ထမင်းဆိုင်က မိန်းမကြီးတစ်ယောက် သွားခေါ်ပြီး ဒီမှာ ထားပေးရတယ်။ သူတို့အထဲမှာ တရုတ် တစ်ယောက်လည်း ပါတယ်။ အဲဒီ တရုတ်က တရုတ်ပြည်ကို မရောက်ဖူးတဲ့ တရုတ်။ တူ မကိုင်တတ်တဲ့ တရုတ်ပဲ။ ခေါက်ဆွဲ မစားတဲ့ တရုတ်။ မင်းက တရုတ်မှ မဟုတ်ဘဲလို့ ငါက ပြော တော့ သူက ပြန်ပြောတယ်။ အေ ... တရုတ်တော့ တရုတ်။ ခပ်ညံ့ညံ့ တရုတ်ပဲ ဆိုပါတော့တဲ့။ ဒိန်ခဲအကြောင်းတော့ ကောင်းကောင်းကြီး သိတယ်။ တချို့ အဖြူတွေတောင်မှ အနံ့မခံနိုင်တဲ့ ဘလူးချိ(စ) တစ်မျိုးကိုမှ စားတာ။ မြို့တော်ကြီးဆီကို ဖုန်းဆက် မှာပေးရတယ်။ သူ့ အောန်မလက် ကို အဲဒီ ချိ(စ)နဲ့ ကြော်ပေးရတယ်။ ငါ ပြောဖူးတာပဲ။ သူတို့က အစား အသောက်ကို သေချာတာ။ ကြေး (ဂျီး) များတာ မဟုတ်ဘူး။ ငါကတော့ ကြိုက်တယ်။ ငါ့ကို စိန် ခေါ်သလိုမျိုးမို့။ မိုးမိုးလည်း သဘောကျမှာပါ လို့ ဂူးစတပ်(ဖ)က အရှည်ကြီး ရှင်းပြတယ်။

အဲဒီအခေါက်က အဲဒီအကောင်တစ်သိုက်နဲ့ မိုးမိုး မဆုံလိုက်ရဘူး။ ဘယ်အချိန် ပြန်သွားမှန်းတောင် မသိလိုက်ရဘူး။ ချွန် ပြောမှ ပြန်သွား မှန်း သိရတယ်။ အဲဒီနောက် အတော်ကြာသွားတယ်။ ဂယ်ထရု ရောက် ပြီး ခြောက်လလောက်ကြာပြီးတဲ့ တစ်နေ့။ မြို့တော်ကြီးဆီက မန်နေ ဂျာချုပ် ရောက်လာပြီး နိုင်ငံခြားက လာအလုပ်လုပ်နေတဲ့လူတွေ၊ လာ လေ့လာ သင်ကြားနေတဲ့ လူတွေနဲ့ တွေ့ပြီး ရေကူးကန်စပ်မှာ ညစာစားပွဲ ကလေး လုပ်တယ်။ အဲဒီညက မိုးမိုးတို့ အတော်ကလေး ညဉ့်နက်ကြ တယ်။ ပွဲသိမ်းတော့ မိုးမိုးလည်း အိမ်မပြန်တော့ဘဲ သူ့အခန်းမှာပဲ အိပ် လိုက်တော့တယ်။ မနက် သုံးနာရီလောက်ရောက်တော့ သူ့အခန်းတံခါး ကို သာသာခေါက်သံ ကြားလိုက်ရလို့ နိုးသွားတယ်။ စိတ်ထဲမှာတော့ ဂယ်ထရုပဲ နေမယ်လို့ ထင်တယ်။ ဂယ်ထရုက မူးလာရင် မိုးမိုး အခန်း တံခါးကို လာခေါက်ပြီး တစ္ဆေခြောက်သလိုမျိုး နောက်တတ်တယ်။ တံခါး ဖွင့်ကြည့်လိုက်တော့ လက်အုပ်ကလေးချီရင်း လုံခြုံရေး အရာရှိကလေး ရပ်နေတာ တွေ့လိုက်ရလို့ လန့်သွားတယ်။ သူက အမယ်ကြီး ... ကျွန် တော်ပါ။ ဧည့်သည်တွေ လာမှာမို့ အခန်းတွေ လိုက်စစ်တာပါ။ ဘာမျှ စိတ်မပူပါနဲ့။ ပြန်အိပ်ပါလို့ ပြောတယ်။ မိုးမိုး မျက်စိကတော့ သူ့ခါးက

mgyoe.com

mgyoe.com SAMPLE BOOK

ပစ္စတိုဆီ ရောက်သွားတယ်။ နင်တို့ဟာက ညကြီး သန်းခေါင်ဟယ်၊ ဘယ်အချိန် လာကြမှာမို့လဲလို့ မိုးမိုး ပါးစပ်က ထွက်သွားတယ်။ လုံခြုံရေး အရာရှိကလေးက သူ့လက်က လက်ပတ်နာရီကို လက်နဲ့ညွှန်ရင်း ဒီလူတွေက အချိန်နဲ့ အလုပ်မလုပ်ကြဘူး၊ အမယ်ကြီး ပြန်အိပ်ချေလို့ ပြောရင်း လက်အုပ်ချီပြီး ထွက်သွားရော။ မဆီမဆိုင် မိုးမိုး စိတ်ထဲမှာ သူ့ယောကျ်ားကို သတိရလိုက်မိတယ်။ တစ်ခါတလေ သူ အိပ်ပျော်နေရင် သူ့ယောကျ်ားက ဟဲ့ … နင် အိပ်နေသလားလို့ မေးတတ်တယ်။ နိုးသွားလို့ အိပ်နေတယ်လို့ ပြန်ဖြေလိုက်ရင် အေအေ ..၊ အိပ် .. လို့ ပြောတတ်ရော။ အဲဒါမျိုးကို မိုးမိုး အတော် ဒေါသထွက်တယ်။ အိပ်တဲ့သူကို နှိုးပြီးခါမှ ပြန်အိပ်ခိုင်းတဲ့ လူမျိုး မိုးမိုး မကြိုက်ဘူး။ ခုလည်း ဒီလိုပဲ။ ဒါပေတဲ့ ခုဟာကတော့ သူ့အလုပ်ပဲလေလို့ သဘောထားရင်း ကြိုးစားပြီး ပြန်အိပ်လိုက်ရတော့တယ်။

အိပ်ရာက နိုးတော့ ခုနစ်နာရီခွဲနေပြီ။ ရေမိုးချိုးပြီးတာနဲ့ အိမ်ပြန်မလားလို့ စဉ်းစားမိတယ်။ ဒီကနေ့ သူ့အားရက်။ အခန်းထဲက ထွက်လည်း ထွက်လိုက်ရော လက်ပံပင်ကြီးအောက်မှာ လူတစ်သိုက် ထိုင်နေကြတယ်။ နှစ်ယောက်၊ သုံးယောက်ကတော့ ဟိုတယ်စည်းရိုးနဲ့ ဆက်နေတဲ့ မယ်ပင်မြစ်စပ်နားဆီမှာ မနက်စောစော နေရောင်ခံနေကြပုံရတယ်။ တချို့ကတော့ မြက်ခင်းပေါ်မှာ မနက်စာ စားနေကြတယ်။ လုံခြုံရေး အရာရှိ ဆိုတာကတော့ လေ့ကားထစ်မှာ။ မိုးမိုး ထွက်လာတော့ အားလုံးက လှမ်းကြည့်ကြတယ်။ သူတို့အနားမှာ ချွန် ရှိနေတယ်။ မနက်စာ ပြင်ဆင်ကျွေးနေရပုံပဲ။ မိုးမိုး ဒီကို ခဏလာပါဦးလို့ ချွန်က ခေါ်တာနဲ့ အဲဒီလူသိုက်အနားကို မိုးမိုး သွားတော့ အားလုံး ထိုင်ရာက ထလိုက်ကြလို့ မိုးမိုးတောင် အတော် အံ့အားသင့်သွားတယ်။ ဒါ မိုးမိုး။ သူ ဌေးကြီး ကိုယ်တိုင်က ခန့်ထားတာ။ ဒီက အစားအစာတွေ အချက် သိပ်ကောင်းတာ။ သူ ချက်တာ မကောင်းဘူးထင်ရင် ခင်ဗျားတို့ ဘယ်မှာမှ သွားရှာပြီး စားမနေနဲ့တော့ .. လို့ ချွန်က မိတ်ဆက်ပေးရင်း ချီးမွမ်းခန်း ဖွင့်လိုက်တော့ အဲဒီလူတစ်သိုက်က မိုးမိုးကို လာပြီး လက်ဆွဲ နှုတ်ဆက်ကြတော့တယ်။ မိုးမိုး စိတ်ထဲမှာတော့ ဂူးစတပ်(ဖ) ပြောပြဖူးတာ ချက်ချင်း သတိ

mgyoe.com

mgyoe.com SAMPLE BOOK

ရလိုက်မိတယ်။ တစ်ယောက်က ခုံတစ်လုံး ဆွဲယူလာပြီး မိုးမိုး ထိုင်လို့ ပြောလို့ မိုးမိုးလည်း ယောင်တောင်တောင်နဲ့ ထိုင်ချလိုက်မိတယ်။ ချွန်က မိုးမိုးအတွက် ကော်ဖီ ဖျော်ပေးတယ်။ သူတို့တစ်သိုက်လည်း မိုးမိုးနားဆီ သူတို့ ခုံတွေ ဆွဲလာပြီး ဝိုင်းထိုင်ကြရင်း မိုးမိုးကို စကားပြောကြရင်း အင်္ဂလိပ်လို ပြောနိုင်လို့ မိုးမိုးကို အံ့အားသင့်နေကြတယ်။ တစ်ယောက်က မုန့်ဗန်း ယူလာပြီး မိုးမိုးကို ပေးတယ်။ မိုးမိုးက ကွာဆောန်တစ်ခု ယူပြီး စားနေတုန်း တရုတ်ကလေးတစ်ယောက် မိုးမိုးအနားဆီမှာ လာထိုင်တယ်။ ဂူးစတပ်(ဖ) ပြောတဲ့ တူ မကိုင်တတ်တဲ့ တရုတ်ကလေးပဲ နေမယ်လို့ မိုးမိုးက တွေးကြည့်လိုက်မိတယ်။ သူက မိုးမိုးကို ပြောတယ်။ ကိုင်ယန်၊ ကိုင်ယန်တဲ့။ ဒီကလူတွေ စားတဲ့ ကြက်သားကြော်။ အဲဒါ ကြော်ပေးစမ်းပါတဲ့။ ကောက်ညှင်းချက်နဲ့ စားချင်သတဲ့။ မင်း မနက်တိုင်း စားချင်သလားလို့ မိုးမိုးက မေးတော့ မနက်တိုင်း စားမှာတဲ့။

အဲဒီတုန်း သူတို့အထဲက တစ်ယောက်က လာတယ်။ သူက မိုးမိုးတို့ အရှေ့မြောက်အရပ်က လူတွေလို ခပ်ညိုညိုပဲ။ လက်ထဲမှာ လက်ပံပင်က ကြွေထားတဲ့အပွင့် ကောက်လာပြီး လက်ပံပွင့်ထိပ်က ခေါင်းကို လက်ညှိုးနဲ့ထိုးပြရင်း အခြောက်လှန်းပြီး မန်ကျည်းသီးနဲ့ ချဉ်ရည်ချက်ပေးပါလို့ ပြောပြန်တယ်။ မိုးမိုး စိတ်ထဲမှာ အတော့်ကို အံ့သြသွားတယ်။ နေစမ်းပါဦးဟဲ့၊ မင်းကို အဲဒီလို စားရတယ်လို့ ဘယ်သူ ပြောသလဲလို့ မိုးမိုးလည်း မေးကြည့်လိုက်မိတယ်။ သူက ပြုံးတယ်။ ကျွန်တော် ဖမတဲ့။ ကျွန်တော့် ကြီးတော်ကြီးတစ်ယောက်က သီလရှင်။ ကြီးတော်ကြီးနေတဲ့ တောင်ရိုးကိုသွားရင် သီလရှင်ကြီးတွေက ချက်ကျွေးတယ်။ မစားရတာ အနှစ်သုံးဆယ်လောက် ရှိပြီလို့ ရှင်းပြတယ်။ ဘာကြောင့်မှန်းတော့ မသိဘူး။ မိုးမိုး စိတ်ထဲမှာ အတော့်ကို သနားသလို ဖြစ်သွားမိတယ်။ နောက်တော့ တစ်ယောက်တစ်မျိုး လာပြောပြီး မိုးမိုးကို ချက်ခိုင်းကြတယ်။ မိုးမိုး စိတ်ထဲမှာ သူ့သားကလေးကို သတိရလိုက်မိတယ်။ တစ်ခါတလေ ကျောင်းပိတ်ရက်တွေမှာ သူ့သားက သူ့ကို ဟိုဟာ ဒီဟာ ချက်ခိုင်းတာကို သတိရလိုက်မိတယ်။ ခု သူ့မှာ သားကလေးတွေ အများကြီး ရလာသလိုပဲ။ သူတို့လိုပဲ သူ့သားကလေးလည်း အစားကြိုက်တယ်။ သူတို့

mgyoe.com

mgyoe.com SAMPLE BOOK

လိုပဲ သူ စားချင်တာကို ချက်ခိုင်းတတ်တယ်။ အဲဒီတုန်းပဲ ဖမကောင်က ပြောတယ်။ မိုးမိုး၊ ဒီတစ်ရက်၊ နှစ်ရက်အတွင်းတော့ မချက်နဲ့ဦး။ ကျွန်တော်တို့ ကြုံသလို စားမယ်။ ဟိုတယ်မှာ လွယ်လွယ်ရှိတာတွေ စားမယ်။ ကျွန်တော်တို့ အားသွားမှ မိုးမိုး ချက်တာတွေ တစ်နေကုန် စားမှာလို့ ပြောတယ်။ မိုးမိုးကတော့ ဝမ်းသာမိတယ်။ သူ ချက်တာကို တကူးတက တောင်းဆိုနေကြလို့။ ခေါင်းညိတ်ပြရင်း အိုကေ၊ အိုကေ လို့ပဲ ပြောလိုက်တယ်။ ချွန်က သူတို့ရဲ့ ဘာသာစကားနဲ့ မသိမသာ ပြောတယ်။ ဟိုတယ်ရဲ့ အုတ်စည်းရိုးနောက်ဘက်မှာ ကားအမိုးတွေ မြင်သလား။ အဲဒါ သူတို့ကားတွေ။ ဟိုတယ် နောက်ဖေးပေါက်ကနေ ဝင်ကြ ထွက်ကြတယ်။ ခုဆို နောက်ဖေးပေါက်မှာ အစောင့်ချထားတယ်။ အဲဒီ အပေါက်ကို မသုံးနဲ့တဲ့။ မိုးမိုးလည်း မသိမသာနဲ့ နောက်ဖေးပေါက်ကို လှမ်းကြည့်လိုက်မိတယ်။ အုတ်စည်းရိုး အပေါ်ဘက်မှာ ကားအမိုးတွေကို တွေ့နေရတယ်။ နောက်တော့ ဒီကနေ့ အားရက်။ အိမ်ပြန်ဦးမယ်လို့ ပြောပြီး ထိုင်ရာက ထတော့ သူတို့အားလုံးလည်း ထကြတယ်။ ဝိုင်းပြီး လက်အုပ်ချီကြတယ်။ မင်းတို့ စားချင်တဲ့နေ့ ပြောလို့ ပြောပြီး မိုးမိုး ထွက်လာခဲ့တယ်။

အိမ်မပြန်ခင် ချက်ပြုတ်တဲ့အခန်းဘက်ဆီ ခဏ ဝင်လိုက်တယ်။ ဂယ်ထရုတစ်ယောက် အလုပ်မစခင် သစ်ပင်အောက်မှာထိုင်ပြီး စီးကရက် သောက်ရင်း လက်ထောက် စားဖိုမှူးတစ်ယောက်နဲ့ စကားပြောနေတယ်။ သူ့ရှေ့က စားပွဲပေါ်မှာတော့ စာရွက်တွေ ချထားတယ်။ ခုန်အလွတ် တစ်ခုမှာ ဝင်ထိုင်လိုက်တော့ မိုးမိုးကို လှမ်းကြည့်လိုက်ရင်း ဂယ်ထရုက စာရွက်တွေကို ထောင်ပြလိုက်ပြီး ပြောတယ်။ ဂူးစတပ်(ဖ)က ငါ့ကို အလုပ် ပေးသွားတယ် မိုးမိုးတဲ့။ ဂူးစတပ်(ဖ) ဘာဖြစ်လို့လဲလို့ မိုးမိုးက မေးတော့ မြို့တော်ကြီးဆီ သွားတယ်။ ကနေ့မနက် အစောကြီးပဲ။ အဘိုးကြီးရဲ့ ပါတီတစ်ခုရှိလို့တဲ့။ ဒီမှာ ငါ့အတွက် ညွှန်ကြားချက်တွေ။ ဘယ်ဟာကို ဘယ်လိုချက်၊ ပန်းကန်ပြားပေါ်မှာ ဘယ်လိုပြင် ဆိုတာကအစ အသေး စိတ်တွေ ပါတယ်။ သူတို့က ဘဝင်မကျဘူးဆိုရင် နင် မှားလို့ပဲ။ နင် လုပ်တာ မှန်သမျှ တော်မှီကို ပြလို့လည်း ရေးထားခဲ့သေးတယ်။ ပြဿနာ

mgyoe.com

mgyoe.com
SAMPLE BOOK

ရှိရင် တော်မီရဲ့ အဆုံးအဖြတ်ကို ယူတဲ့လို့ ဂယ်ထရုက မကျေမချမ်းနဲ့ ပြောတယ်။ ဒီကောင်မကတော့ဖြင့် ချဲစရာရှိရင် ချဲမှာပဲ။ ချဲရင် ပြဿနာတွေ ရှုပ်ကုန်မယ်လို့ မိုးမိုး စိတ်ထဲမှာ ဖြစ်လိုက်မိလို့ ဂယ်ထရု၊ စိတ်အေးအေး ထား။ ငါလည်း လာပြီး ကူပါ့မယ်။ သူတို့ကတော့ အစားအသောက်ကို သေသေချာချာ စားတတ်ပုံရတယ်။ နင် ချက်တာလည်း ကြိုက်မှာပါလို့ အသာ ချော့ထားလိုက်ရတယ်။ ဒါပေတဲ့လည်း ဂယ်ထရုက သိပ်ကျေနပ်ပုံမပေါ်ဘူး။ ဘယ်လိုသတ္တဝါမျိုးကများ စောစောစီးစီး ဘလူးချိ(စ)နဲ့ အွန်မလက် စားချင်တယ် မသိဘူးလို့ သူ့ဘာသာ ပြောသလိုလိုနဲ့ ပြောနေတယ်။ ပြီးတော့ မိုးမိုးကို လှည့်ကြည့်လိုက်ရင်း ပေါင်မုန့်တောင် ပနီး–ဒီ–ကာဆာမှ စားကြသတဲ့။ ဆားဝါးဒိုးမှ စားသတဲ့။ ချက်ပြုတ်ခန်း ဟိုဘက်က မီးဖိုကြီးကို ကောင်ကလေးတွေ သန့်နေတာတွေ့သလား။ အဲဒါ သူတို့အတွက် ပေါင်မုန့်ဖုတ်ဖို့ လုပ်နေတာ။ မီးဖိုခန်းထဲက စက်နဲ့ဖုတ်တာမျိုးတွေ မစားကြဘူး။ အုတ်ဖိုနဲ့ဖုတ်တာမှတဲ့လို့ ပြောတယ်။ တစ်ခွန်းနဲ့ တစ်ခွန်းအကြားမှာ တောက်တစ်ချက် ခေါက်နေတယ်။ အလျှင်ကဆို ဆဲမှာ။ ဂူးစတပ်(ဖ)ကြီးက အတော် သင်ထားလို့။ မိုးမိုးကတော့ ပြုံးလိုက်မိတယ်။ ထိုင်ရာက ထလိုက်ပြီး ဂယ်ထရု၊ မနက်ကျ ငါ စောစောလာခဲ့မယ်။ သိပ်စိတ်ရှုပ်မနေနဲ့လို့ ပြောလိုက်တယ်။ ဂယ်ထရုကလည်း မိုးမိုးကို ပြုံးပြရင်း ခေါင်းညိတ်ပြတယ်။ ဂယ်ထရုဟာ သူ့သားလေးကတော့ မဟုတ်ဘူး။ ဒါပေတဲ့ မိုးမိုးမှာရှိနေတဲ့ လစ်ဟာမှုတစ်ခုကို မသိမသာ ဖြည့်ပေးနေတာကတော့ သေချာတယ်။

နောက်နေ့မနက် ခြောက်နာရီခွဲလောက် ချက်ပြုတ်ခန်းထဲ မိုးမိုးရောက်လာတယ်။ လက်ထောက် စားဖိုမှူးတွေထဲက အကြီးဆုံး တော်မီဆင်းကိုပဲ တွေ့ရလို့ ဂယ်ထရု ဘယ်မှာလဲဟဲ့လို့ မေးလိုက်မိတယ်။ စားသောက်ခန်းထဲမှာ ရေကူးကန် ဟိုဘက်ခြမ်းက လူတစ်ယောက်နဲ့ စကားပြောနေတယ်လို့ ဖြေတယ်။ ဘယ်သူတွေကို ရည်ညွှန်းတယ်ဆိုတာ မိုးမိုးသိလိုက်တယ်။ တော်မီက စကားပြောရင် စကားလုံး အသုံးအနှုန်းတစ်မျိုးနဲ့ ပြောတတ်တဲ့လူမျိုး။ သူ့အဖေက သူဌေးကြီး ဆု(တ)တွေ ချုပ်ပေးရတဲ့ ပန်ချာပီကြီး။ ဖောင်းထုပ်နဲ့။ သူကတော့ ဘိုကေ။ ပန်ချာပီကြီးက မြို့

mgyoe.com

mgyoe.com SAMPLE BOOK

တော်ကြီးမှာ အပ်ချုပ်ဆိုင်တွေ အများကြီးရှိတယ်။ လူချမ်းသာ။ သူ့သား ကို ဆေးကျောင်း ပို့တယ်။ သားက အစားအသောက်ပဲ ချက်ချင်တယ်။ နောက်ဆုံးတော့ အိမ်က နှင်ချလိုက်ရော။ သူဌေးကြီးကပဲ ဝင်ဖျန်ဖြေပေးရင်း အစားအသောက်ချက်တဲ့ပညာ သင်ပေးပြီး အလုပ်ခန့်ထားတာ။ ဂူးစတပ်(ဖ) ရဲ့ လက်ငုတ်လက်ရင်း တပည့်။ ဂယ်ထရုတစ်ယောက် သွားစကားပြော နေတာလား၊ သွားပြီး ချဲရင်း စကားများနေတာလားလို့ မိုးမိုးက မေးတော့ တော်မီက သူ့ထုံးစံအတိုင်း ခေါင်းကလေးတခါခါနဲ့ ပြောတယ်။ ပြုံးပြုံး ရွှင်ရွှင်နဲ့ဆိုတော့ ရန်ဖြစ်နေပုံမရဘူး။ မိုးမိုး ထွက်ကြည့်လိုက်ပါလားတဲ့။ မိုးမိုးလည်း ချက်ပြုတ်တဲ့ဝတ်စုံ ဝတ်ပြီး စားသောက်ခန်းထဲမှာ အစားတွေ စစ်ဆေးဖို့ သဘာမျိုးနဲ့ အပြင်ထွက်လာခဲ့တယ်။ ဂယ်ထရုကတော့ စား သောက်ခန်း ထိပ်နားက စားပွဲမှာထိုင်ပြီး အလကားကောင်တွေထဲက တရုတ်ကလေးနဲ့ စကားပြောနေတယ်။ မနေ့က မကျေမချမ်းဖြစ်နေတဲ့ အွန်မလက်ကိစ္စ ပြေလည်သွားပုံပဲ။ တရုတ်ကလေးက မိုးမိုးကို လှမ်း မြင်လိုက်တော့ ထိုင်ရာက ထလိုက်ပြီး နှုတ်ဆက်တယ်။ ဂယ်ထရုကလည်း လှည့်ကြည့်ပြီး ဒီကိုလာပါဦး မိုးမိုးလို့ ခေါ်တယ်။ အနားရောက်တော့ တရုတ်ကလေးကို မိုးမိုးက မေးလိုက်တယ်။ မင်း တစ်ယောက်တည်းလားလို့။

ကျွန်တော်နဲ့ မာရီယိုပဲ ကျန်ခဲ့တယ်။ မာရီယိုကတော့ အိပ်တုန်း လို့ တရုတ်ကလေးက ဖြေတယ်။ မိုးမိုးလည်း ကုလားထိုင် တစ်လုံးမှာ ဝင်ထိုင်လိုက်ရင်း စပ်စုချင်စိတ်ကလေးနဲ့မို့ လှည့်ပတ်ပြီး မေးမိပြန်တယ်။ ကျန်တဲ့လူတွေကတော့ စားပြီးသွားပြီလားလို့။ တရုတ်ကလေးက မဖြေ ခင် ဂယ်ထရုက ဝင်ဖြေတယ်။ ညက ငါ့ဆီ ညွှန်ကြားချက်လာတယ်။ ခရီးသွားရင်း လမ်းမှာစားဖို့ အစားအစာပြင်ဆင်ပြီး ဘူးတွေနဲ့ ထည့်ပေး ရမယ်တဲ့။ ဂူးစတပ်(ဖ)က ငါ့ကို ဘာမှမမှာခဲ့ဘူး။ မနက် သုံးနာရီကတည်း က လာပြီး ပြင်ဆင်ပေးနေရတာ။ မနက် ငါးနာရီထိုးတော့ သူတို့ လုံ ခြုံရေးက ကောင်တွေ လာယူသွားတယ်တဲ့။ တရုတ်ကလေးက ဝင်ပြော တယ်။ ဟုတ်တယ်။ မနက် ငါးနာရီကတည်းက ထွက်သွားကြတာပဲ။ အရှေ့ဘက်ကို သွားကြမှာထင်တယ်တဲ့။ မိုးမိုး စိတ်ထဲမှာ သိချင်တာ တွေ များလာတာနဲ့ စပ်စုချင်တာကနေ ပြောင်ပြောင်ပဲ မေးကြည့်တဲ့အဆင့်

mgyoe.com

mgyoe.com SAMPLE BOOK

ပြောင်းသွားတော့တယ်။ မင်းနဲ့ နောက်တစ်ယောက်က ဘာဖြစ်လို့ လိုက်မသွားရတာလဲ။ မင်းတို့က ရေနံလိုက်ရှာတဲ့ လူတွေလားလို့ မေးလိုက်တော့ တရုတ်ကလေးက အွန်မလက် စားနေရင်း ပြုံးတယ်။ ပြီးမှ ကျွန်တော်က ဓာတ်ပုံနဲ့ ဆိုင်တယ်။ မာရီယိုက လူရဲ့အမူအရာ၊ လူရဲ့ အပြုအမူနဲ့ ဆိုင်တယ်။ အခု သွားကြတဲ့ကိစ္စမှာ ကျွန်တော်တို့အလုပ် မရှိဘူး။ ကျွန်တော်တို့ အလုပ်က ကိုယ်နဲ့ဆိုင်တာပဲ လုပ်ကြရတာလို့ ဖြေတယ်။ ကော်ဖီခွက်ကို လှမ်းကိုင်လိုက်ရင်း တရုတ်ကလေးက ဆက်ပြောပြန်တယ်။ ကျွန်တော်တို့က ရေနံလိုက်ရှာတာတော့ မဟုတ်ဘူး။ ရှာတော့ ရှာတာပဲ။ ရေနံ ရှာသလောက် မလွယ်လှဘူးတဲ့။ ပြောပြီးတော့ တရုတ်ကလေးက ပန်းကန်ပြားထဲက ချိ(စ)ကို စိတ်ရှည်ရှည်နဲ့ ပါးပါးကလေးဖြစ်လာအောင် လှီးတယ်။ ပြီးတော့ ဓားထိပ်နဲ့ဖိပြီး ချေနေတယ်။ မိုးမိုးက ဂယ်ထရုကို လှမ်းကြည့်လိုက်မိတော့ ဂယ်ထရုက မသိမသာ မျက်ခုံးတစ်ဖက် ပင့်ပြတာနဲ့ မိုးမိုးလည်း ဆက်မမေးတော့ဘူး။ မိုးမိုးက ငါသွားဦးမယ်လို့ ပြောပြီး ထိုင်ရာက ထတော့ တရုတ်ကလေးလည်း ထိုင်ရာက ထတယ်။ ဂယ်ထရုကတော့ မိုးမိုး လက်ကို လှမ်းကိုင်လိုက်ရင်း သူက လျှောက်ကြည့်ချင်တယ်ဆိုလို့ ငါ အားတဲ့နေ့ကျရင် မော်တော်ဆိုင်ကယ်နဲ့ လိုက်ပြမယ်လို့ .. လို့ ပြောတယ်။ သူက တို့မြို့အကြောင်း ငါ့ထက် သိသေးတယ်လို့ တရုတ်ကလေးကို မိုးမိုးက ပြောလိုက်တယ်။ တရုတ်ကလေးက မိုးမိုး၊ ကျွန်တော့်အတွက် ကြက်ကြော် မမေ့နဲ့ဦးလို့ ပြောလို့ မိုးမိုးလည်း ခေါင်းညိတ်ပြရင်း မင်း စားချင်တဲ့အခါ ပြောလို့ ပြောပြီး ချက်ပြုတ်ခန်းဆီ ထွက်လာခဲ့တော့တယ်။

တကယ်တော့ မိုးမိုး အလုပ်စရမှာက နေ့ခင်း နှစ်နာရီလောက်မှာ။ ဂယ်ထရုတစ်ယောက် အကူအညီလိုရင် ပေးရအောင် စောစောလာတာဖြစ်လို့ ဘာမှ လုပ်စရာမရှိဘူး။ ပြီးတော့ ဟိုတယ်မှာ ဧည့်က ရှိတယ်ဆိုရုံလောက်ပဲ။ သူ့ကိစ္စနဲ့သူ လာကြတာတွေ များတယ်။ သစ်ပင်ရိပ်မှာပဲ ထိုင်ရင်း စီးကရက်သောက်ဦးမယ်လို့ စဉ်းစားမိတယ်။ ချက်ပြုတ်ခန်းထဲ လှမ်းကြည့်လိုက်တော့ တော်မီတစ်ယောက် တစ်ခုခု ချက်နေပုံ တွေ့နေရတယ်။ စီးကရက်ဘူးအသစ်ကို ဖောက်လိုက်ရင်း ချက်ပြုတ်ခန်းကို

mgyoe.com

mgyoe.com SAMPLE BOOK

နောက်တစ်ကြိမ် လှမ်းကြည့်လိုက်တော့ တော်မီက သူ့ကို တွေ့သွားပုံရတယ်။ အထဲကနေ လက်ဟန်ခြေဟန်နဲ့ လက်ဖက်ရည်သောက်မလားလို့ ပြနေလို့ မိုးမိုးလည်း ခေါင်းညိတ်ပြလိုက်တယ်။ ဒီကောင်ကတော့ လက်ဖက်ရည်ဖျော် အလွန်ကောင်းပဲ။ မိုးမိုးလည်း ဒီမှာ အလုပ် ဝင်လုပ်လို့ တော်မီ ဖျော်တိုက်တဲ့ လက်ဖက်ရည် သောက်ရခါမှ လက်ဖက်ရည်ဆိုတာ သောက်ရကောင်းမှန်း သိတယ်။ တော်မီက အလုပ်ရောက်ရင် မီးဖိုတစ်ခုဆီမှာ နို့ကျိုတော့တာပဲ။ သူက ဘူးနဲ့၊ ပုလင်းနဲ့ လာတဲ့ စူပါမားကက်တွေမှာ ရောင်းတဲ့ နို့မျိုး မသောက်ဘူး။ ရွာထဲက နွားမွေးပြီး နို့ညှစ်ရောင်းတဲ့ လူဆီမှာ နို့မှာတယ်။ ပြီးတော့ စိတ်ရှည်ရှည်နဲ့ နို့ကျိုတယ်။ လက်ဖက်ခြောက်ကို မီးမျှင်းမျှင်းနဲ့ တစ်နေကုန် နှပ်တယ်။ ခုဆို ဂူးစတပ်(ဖ)တို့၊ ဂယ်ထရုတို့ကတောင် တောင်းသောက်ကြရတယ်။ အလျှင်ကတော့ ဂယ်ထရုက မသောက်ဘူး။ တော်မီ့ကို နောက်ရင်း ပြောလေ့ရှိတယ်။ လက်ဖက်ရည်က ကိုလိုနီစော် နံသတဲ့။ တော်မီကတော့ ငြင်းချင်တဲ့လူမျိုး မဟုတ်တော့ ဂယ်ထရု ပြောတာကို မဆန့်ကျင်ဘဲ ပြန်ပြီးနောက်တယ်။ နင်တို့က ကိုလိုနီရဲ့အရသာမှ မသိလိုက်ဘဲကိုး။ ကိုလိုနီရဲ့ အရသာကိုတော့ ငါတို့ ကုလားတွေက ကောင်းကောင်း သိတယ်။ ခုဆို အင်္ဂလန်ကို ငါတို့ပိုင်တဲ့ နောက်ဘက်နားဆီက ရပ်ကွက်တစ်ခုလို့ သဘောထားတာတဲ့။ ခုတော့ ဂယ်ထရုတောင် တော်မီ့လက်ဖက်ရည်ကို လျှာတွေ့နေပြီ။ တော်မီကတော့ ဂယ်ထရုကို နောက်ရင်း ပြောင်ရင်း ကိုလိုနီရဲ့ အမွေဆိုးကို နှောင်းခါမှ ရတဲ့သူလို့ ခေါ်တယ်။ သိပ်မကြာလိုက်ဘူး။ တော်မီက လက်ဖက်ရည်နှစ်ခွက် ယူလာပြီး မိုးမိုး ထိုင်နေတဲ့နားက စားပွဲပေါ် တင်လိုက်တယ်။ မိုးမိုး ခွက်ကတော့ ခပ်သေးသေးပဲ။ သူ သောက်တဲ့ ခွက်ကတော့ အတော်ကြီးတယ်။ နောက်တော့ ဂယ်ထရုပါ ရောက်လာတယ်။

ဂယ်ထရုက ချက်ပြုတ်ခန်းထဲဝင်ပြီး တော်မီ ဖျော်ထားတဲ့ လက်ဖက်ရည် ထည့်ယူလာတယ်။ ကျေးဇူးပဲ တော်မီလို့ ပြောရင်း ခုန်လွတ်တစ်လုံးမှာ ဝင်ထိုင်တယ်။ တော်မီကတော့ ခေါင်းကလေးတခါခါပဲ။ တော်မီ ခေါင်းခါတာက ဟုတ်ကဲ့ဆိုတဲ့ သဘောမျိုးပဲ။ နင်နဲ့ လျူးနဲ့က

mgyoe.com

mgyoe.com
SAMPLE BOOK

တော်တော်တူတယ်လို့ ဂယ်ထရုက ပြောတယ်။ တော်မီက လက်ဖက်ရည် သောက်ရင်း အံ့အားသင့်သွားလို့ သီးမလို ဖြစ်သွားရင်း ဘာဖြစ်လို့တုံး ဂယ်ထရုရာ။ သူက တရုတ်၊ ငါက ပန်ချာပီ။ ဘယ်နေရာ သွားတူတာလဲ လို့ ပြန်မေးတယ်။ ဂယ်ထရုကတော့ ချက်ချင်း ပြန်မဖြေသေးဘဲ လက်ဖက်ရည်ကို အရသာခံ သောက်နေတယ်။ ပြီးမှ နင်တို့ ကြီးပြင်းပုံ၊ နင်တို့ မိဘလက်အောက်က ရုန်းထွက်ပုံတွေကို ငါ ပြောချင်တာလို့ ရှင်းပြတယ်။ ဘာဖြစ်လို့လဲလို့ မိုးမိုးက စီးကရက်ကို ဖွာလိုက်ရင်း မေးတယ်။ လျူးက နယ်သာလင်မှာ ကြီးတာ။ အဖေ၊ အမေက သူ့ကို ဆရာဝန် ဖြစ်စေချင်တယ်။ လျူးက ဓာတ်ပုံရိုက်တယ်။ ဓာတ်ပုံပညာနဲ့ ပတ်သက်လို့ သူ့မှာ ဘွဲ့တွေ တသီတတန်းကြီးပဲ။ အလျင်က ယူရိုပိုးလ်မှာ လုပ်နေတာ။ အခုတော့ ဒီလူတွေနဲ့ လာအလုပ်လုပ်တယ်။ ဒီလူတွေကို သူ သဘောကျတယ်။ ဒီလူတွေဟာ သူ့မိသားစုပဲတဲ့။ သူ့မှာ မိသားစုဆိုတာ မရှိခဲ့ဘူး။ ခုထိတော့ သူ့အဖေက သူ့ကို စကားမပြောသေးဘူးတဲ့ ... လို့ ဂယ်ထရုက ရှင်းပြပြန်တယ်။ တော်မီကတော့ ဘာမျှ ပြန်မပြောသေးဘဲ ဟိုးခပ်လှမ်းလှမ်းက တောင်ရိုးကိုပဲ ကြည့်နေတယ်။ မိုးမိုးတို့ စကားဝိုင်းကလေး ခဏငြိမ်သွားတယ်။ မိုးမိုးကတော့ စီးကရက်ကို ရှိုက်လိုက်ပြီး လက်ဖက်ရည်ကို အရသာခံ သောက်နေမိတယ်။ ခဏကြာခါမှ တော်မီ့ဆီက အသံကြားရတယ်။ ငါ ထင်တယ်။ ဘယ်မိဘကမျှ သူတို့ သားသမီးအကြောင်း အသေအချာ မသိကြဘူး။ ကောင်းစေချင်တဲ့စိတ် ရှိတာက တစ်ပိုင်း။ သာသမီးဆိုတာက တခြားလူတစ်ယောက်။ သူတို့ ဘဝတာ တစ်ခုမှာ သူတို့လိုချင်တဲ့ ကျေနပ်သာယာမှု ရသင့်တယ်လို့ မိဘအနေနဲ့ နားလည်ပေးတာက တခြား တစ်ပိုင်း။ အဲဒီအပိုင်းဟာ ဘယ်တုန်းကမှ ပါမလာဘူး။ ဘယ်လိုမျှ မမြင်ကြဘူး။ ကောင်းစေချင်တဲ့စိတ် ရှိတာနဲ့ ကောင်းတယ်ဆိုတာကို သိတာက တခြားစီပဲလို့ တော်မီက အရှည်ကြီး ရှင်းပြတယ်။ မိုးမိုး စိတ်ထဲမှာ တုန်လှုပ်သလို ဖြစ်သွားမိတယ်။ သူ့သားကလေးအပေါ် သူတို့က ကောင်းစေချင်ခဲ့တာတွေဟာ သူတို့ရဲ့အမှားတွေ ပဲလား။ တော်မီ မြင်သလို မိဘတွေကပဲ ကောင်းတယ်၊ မကောင်းဘူး ဆိုတာကို သူတို့ရဲ့သားသမီးတွေ နားလည်သလို သေသေချာချာ နား

mgyoe.com

mgyoe.com SAMPLE BOOK

မလည်လို့လား။ ဂယ်ထရု ပြောတဲ့အထဲမှာ ပါတဲ့အတိုင်း တရုတ်ကလေးဟာ သူ့မှာ မိသားစု မရှိပါဘူးလို့ မြင်တာမျိုး၊ သူ့သားကလေးက မြင်နေလို့ အိမ်ဆီကို ပြန်မလာတော့တာပဲလား ဆိုတာတွေ မိုးမိုး ခေါင်းထဲဝင်လာတယ်။

**သားကလေး၊ တော်မီနဲ့ ဟိုကောင်မလေးတွေ**

ဂယ်ထရုတစ်ယောက် သင်တန်းပြီးသွားပေတဲ့ ဂူးစတပ်(ဖ)ကပဲ သူဌေးကြီးကို တိုက်ရိုက်ပြောပြီး အလုပ်သင် လက်ထောက်စားဖိုမှူးအဖြစ် ဆက်ခန့်ထားတယ်။ ဂယ်ထရုကလည်း အစားအစာကို ဆန်းသစ်ချင်တဲ့ လူဆိုတော့ သူဌေးကြီးကိုယ်တိုင် သဘောကျတယ်။ အစဉ်အလာအတိုင်း သုပ်တဲ့ ပုစွန်အစိမ်းသုပ်တို့၊ ဝက်သားအစိမ်းသုပ်တို့မှာ ဒီဂျောန်မာ့စတာ့ဒ်ထဲ နှစ်ထားပြီးမှ သုပ်တော့ သူဌေးကြီးက သိပ်သဘောကျတာပဲ။ ဒီလိုနဲ့ ဂယ်ထရုတစ်ယောက် မိုးမိုး အိမ်မှာ သုံးနှစ်ကျော် ကြာသွားတယ်။ ဒီက တိုင်းရင်းသားစကားကိုလည်း မွှတ်နေအောင် တတ်တာ။ အလကားကောင်တွေ ဒီမှာရှိနေတဲ့အခါတော့ တရုတ်ကလေးနဲ့ သွားလာနေတတ်တယ်။ အဲဒီအခါမျိုးကျရင် ဟိုတယ်ဝင်းထဲက သူ ရထားတဲ့ အခန်းမှာ အိပ်တတ်တယ်။ ဂယ်ထရု အပြောအရတော့ တရုတ်ကလေးအခန်းမှာ သူ သွားအိပ်လို့ မရဘူး။ တရုတ်ကလေးကသာ သူ့အခန်းမှာ လာအိပ်လို့ ရသတဲ့။ အလကားကောင်တွေရဲ့ မိန်းမတွေကတော့ လုံခြုံရေးအရ စိစစ်ပြီး ကင်းလွတ်ခွင့်ရထားတာဖြစ်လို့ သူတို့ အခန်းတွေမှာ နေလို့ အိပ်လို့ ရသတဲ့။ အတူနေတဲ့ မိန်းကလေးသူငယ်ချင်းဆိုရင်လည်း လုံခြုံရေးအရ စိစစ်ပြီးသားတွေမှပဲ အတူနေလို့ ရသတဲ့။ မိုးမိုးကတော့ အဲဒီလောက်အထိ နားမလည်ဘူး။ အတူတူ အိပ်နေကြမှတော့ လုံခြုံရေး ကင်းလွတ်ခွင့်ဆိုတာက ဘာဖြစ်လို့ လိုအပ်နေရသေးတာလဲဆိုတာ တွေးကြည့်ပေတဲ့ မိုးမိုးဆီမှာတော့ အဖြေကို ပေါ်မလာဘူး။ နားကို မလည်နိုင်ဘူး။ နားမလည်နိုင်တာတွေထဲမှာ သေချာတာကတော့ ဒီကောင်တွေဟာ ရေနံလာရှာတာတော့ မဟုတ်ဘူး။

လေးနှစ်လောက်အတွင်းမှာ အဲဒီ အလကားကောင်တွေ ဆိုတာနဲ့

mgyoe.com

mgyoe.com SAMPLE BOOK

မိုးမိုး အတော့်ကို ရင်းနှီးလာတယ်။ မိုးမိုး စီးကရက်ကြိုက်မှန်း သိလို့ သူတို့ ရောက်လာရင် မိုးမိုး အခန်းဝမှာ အကောက်ခွန်လွတ်ဆိုင်က အိတ်တွေနဲ့ ထည့်ထားတဲ့ စီးကရက်အတောင့်တွေ ချထားတတ်တယ်။ နောက်တော့ မိုးမိုးကိုယ်တိုင်က တောင်းပန်ယူရတယ်။ မင်းတို့ တစ်ခါဝယ်လာရင် ငါ တစ်နှစ်လောက် သောက်ရတယ်လို့။ အဲသလိုပြောလည်း မရပါဘူး။ ဝယ်လာကြတာပါပဲ။ ဂူးစတပ်(ဖ)အတွက်တော့ ကော့ညက်ကောင်းကောင်း ပါလာတတ်တယ်။ သူတို့ ဘာလာလုပ်ကြမှန်း မသိပေတဲ့ သူတို့ လာရင် ပျော်ကြတယ်။ တစ်ခါတလေ သူတို့မိန်းမတွေ ပါလာတတ်တယ်။ မိန်းမတွေလို့ ဆိုပေတဲ့ ဖမကောင်ရဲ့ မိန်းမနဲ့ အဖြူကောင်ရဲ့ မိန်းမ ဂျယ်မာလို့ခေါ်တဲ့ အင်္ဂလိပ်မကလေးလောက်ပဲ။ နှစ်ယောက်စလုံးက ဒီဘက်ကအစာ ကြိုက်တယ်။ ဒီကောင်တွေချည်းပဲဆိုရင် အလုပ်ပြီးခါမှ မိုးမိုး ချက်ပြုတ်ရတယ်။ ဒီကောင်မလေးတွေ ပါလာရင်တော့ ရောက်ကတည်းက ချက်ရတော့တာပဲ။ မနက်စာအဖြစ် ခေါက်ဆွဲတို့၊ လတ်နတို့၊ ကနောင်ဂျမ်းနာမ်ရာတို့လိုမျိုးတွေ ချက်ပေးရတယ်။ ပေါက်ပေါက်ရှာရှာလည်း စားကြတယ်။ ဂုန်မင်းနဲ့ ဝက်သားစင်းကောကို စပ်စပ်ကလေး ချက်တာမျိုး။ ဂယ်ထရ သုပ်တဲ့ ဒီရျောန်မာ့စတော့ဒ်နဲ့ ပုဇွန်အစိမ်းသုပ်မျိုး။ ဂယ်ထရနဲ့လည်း လုံးကြတယ်။ သူတို့ ရောက်နေတဲ့ လေးငါးရက်လောက်အတွင်းမှာ ဂယ်ထရကို သူတို့နဲ့ နေရမယ်။ မီးဖိုခန်းထဲမှာ လာလုပ်စရာမလိုဘူးလို့ ဂူးစတပ်(ဖ)ကိုယ်တိုင် ညွှန်ကြားထားတယ်။ ဒါက ဂူးစတပ်(ဖ) စိတ်သဘောတစ်ခုတည်းနဲ့တော့ ဟုတ်ပုံမရဘူး။ ဂူးစတပ်(ဖ)က သူ့ မီးဖိုခန်းထဲက လူတွေကို ခဏ ခေါ်သုံးတာတောင် မကြိုက်တော့ ခုဟာက အဘိုးကြီးဆီက တန်းလာတဲ့ ညွှန်ကြားချက်ပဲ နေမယ်လို့ မိုးမိုး တွေးကြည့်မိတယ်။ ဂူးစတပ်(ဖ)ကတော့ ပြောတယ်။ သူတို့နဲ့ ဂယ်ထရ ရှိနေရင် ငါ့ဆီလာပြီး ကြေး (ဂျီး) မများကြတော့ဘူး။ ခု မိုးမိုး ရှိနေတော့ ဟန်ကျတယ်။ ဒီက အစာချက်ဖို့က မိုးမိုး တာဝန်ပဲတဲ့။ ဒါပေတဲ့ ဂယ်ထရက လန့်တယ်။ ဒီဟာမတွေက ငါ့ထက် သောက်နိုင်တယ်တဲ့။ ကောင်မလေးတွေကတော့ သူတို့အလုပ်က အားတဲ့အခါ၊ ခွင့်ရတဲ့အခါမျိုးမှာ လိုက်လာတတ်ကြလို့ တစ်နှစ်မှာ တစ်ခေါက်၊ နှစ်

mgyoe.com

mgyoe.com SAMPLE BOOK

နှစ် တစ်ခေါက်လောက်ပဲ။ ဘာအလုပ်မှ လုပ်စရာမရှိတော့လည်း မနက်စာ စားပြီးကတည်းက ရေကူးကန်နံဘေးမှာ ထိုင်ပြီး ရှန်ပိန်သောက်၊ ဝိုင် သောက်ပဲ။ မိုးမိုး အားနေတာနဲ့ကြုံရင် ခေါ်ပြီး စကားပြောရင်း ဝိုင် တိုက်ကြတယ်။ တစ်ခွက်စ၊ နှစ်ခွက်စနဲ့ နောက်ဆုံးတော့ မိုးမိုးလည်း မူးကရော။ တစ်ခါတလေတော့ ကောင်မလေးတွေနဲ့ သောက်နေရင်း သူ့သားကလေးကို သတိရမိတယ်။ သူ့သားကလေးက သူ့ကို ဘီယာသောက်တာ သင်ပေးခဲ့ဖူးတယ်။ တစ်နှစ်၊ နှစ်ခွက်လောက် သောက်တာ ကျန်းမာရေး အတွက် ကောင်းတယ်လို့ ပြောဖူးတယ်။ အခု ကောင်မလေးတွေကလည်း အဲဒီလိုပဲ ပြောကြတာကိုး။

မိုးမိုးနဲ့ ဂယ်ထရုတို့ နှစ်ယောက်သား ဒီကောင်မလေးတွေနဲ့ ထိုင်ပြီး စားကြသောက်ကြတဲ့အခါ မိုးမိုးရော ဂယ်ထရုတို့က စကားအစ်ထုတ်ဖို့ ကြိုးစားကြတယ်။ မိုးမိုးကတော့ ဒီကောင်မလေးတွေရဲ့ ယောကျ်ားတွေက ကျွန်တော်တို့ဟာ အလကားကောင်တွေပါလို့ သူ့ကို ပြောတာကို သိပ် စိတ်ထဲမှာ မတွေ့ဘူး။ သူ့အမြင်မှာကတော့ လူဆိုတာ တစ်ခုခု ဖြစ်ချင်ကြတာချည်းပဲ။ သူဆိုလည်း ငယ်ငယ်ကတည်းက ကျောင်းဆရာမ ဖြစ်ချင်တာ။ ဖြစ်လာတော့လည်း ဂုဏ်ယူတယ်။ နောက်ဆုံး အခု ဒီမှာ တိုင်းရင်းသား အစားအစာ ချက်တာ သင်ပေးရတဲ့ဆရာမ ဖြစ်လာတာကိုပဲ ဂုဏ်ယူနေသေးတာ။ သားကလေးကိုလည်း အဲဒီလိုပဲ ဖြစ်စေချင်တယ်။ သူ့လို ကျောင်းဆရာ မဖြစ်တောင် သူ့ယောကျ်ားလို စာရင်းကိုင်တော့ ဖြစ်စေချင်တယ်။ ဒီကောင်မလေးတွေရဲ့ ယောကျ်ားတွေ ပြောတဲ့ အလကားကောင် ဆိုတာမျိုးတော့လည်း မဖြစ်စေချင်ဘူး။ ဒီအကောင်တွေ သူတို့ကိုယ်သူတို့ အလကားကောင်တွေပါလို့ ပြောပေတဲ့ အလကားကောင်တွေ မဟုတ်မှန်း မိုးမိုး ရိပ်မိတယ်။ ဒါပေတဲ့ ဘာမှန်း မသိဘူး။ တစ်ခါက သူ့သားကလေးက ပြောဖူးတယ်။ တစ်ခုခု ဖြစ်နေတယ်ဆိုတာက ပင်ပန်းစရာကြီး အမေရာတဲ့။ ဘာမှမဖြစ်ဘဲ နေရတာက လွတ်လပ်တာပဲ မဟုတ်ဘူးလားတဲ့။ မိုးမိုးက အဲဒီအကြောင်းကို သူ့ယောကျ်ားကို ပြောပြတော့ အဲဒါ မင်းရဲ့သား တက္ကသိုလ်မှာ ကွန်မြူနစ်တွေနဲ့ပေါင်းလို့ အဲဒီလို မြင်လာတာပဲလို့ ပြောဖူးတယ်။ မဟုတ်နိုင်တာပဲ။ ကွန်မြူနစ်ဆိုတာက တော

mgyoe.com

mgyoe.com SAMPLE BOOK

ထဲ နေတာပါ။ တက္ကသိုလ်မှာ ကွန်မြူနစ် မရှိပါဘူးလို့ ပြန်ပြောတော့ သူ့ယောကျ်ားက ဘာမျှပြန်မပြောဘဲ ခေါင်းခါတယ်။ ခု ဒီ အလကားကောင် တွေကတော့ ကွန်မြူနစ်တွေ ဟုတ်မယ် မထင်ဘူး။ ကွန်မြူနစ်ဆိုတာက တောထဲမှာနေ၊ စုတ်တီးစုတ်ပြတ်၊ မပြောင်မရောင်နဲ့။ ဒီကောင်တွေက တော့ စမတ်ကျကျ ဝတ်တတ်၊ စားတတ်တယ်။ မပြောတတ်ဘူး၊ စမတ် ကျကျနေတဲ့ ကွန်မြူနစ်ဆိုတာလည်း ရှိချင်ရှိမှာပဲလို့ မိုးမိုး သဘောထား လိုက်တော့တယ်။

ကောင်မလေးတွေကလည်း တစ်မျိုး။ နင်တို့ယောကျ်ားတွေ ဘာ လုပ်ကြတာတုံး။ ရေနံ လာရှာတာလားလို့ မိုးမိုးက မေးဖူးတယ်။ မပြော တတ်ဘူးတဲ့။ သူတို့ အလုပ်အကိုင်အကြောင်း တစ်ခါမျှ မေးမကြည့်ဖူး ဘူးတဲ့။ ဟဲ့ … နင်တို့နဲ့ပေါင်းနေတဲ့ ယောကျ်ား၊ နင်တို့နဲ့ တစ်အိပ်ရာတည်း အိပ်တဲ့ ယောကျ်ားက ဘာလုပ်ကိုင်မှန်း နင်တို့ မသိဘဲ ဘယ်လိုလုပ် ပေါင်းသင်းနေကြသလဲလို့ မေးတော့ ကျွန်မတို့က သူတို့နဲ့သာ ပေါင်းသင်း နေတာ၊ မိုးမိုး ပြောသလို တစ်အိပ်ရာတည်း အတူအိပ်တာတော့ မှန်တယ်။ ကျွန်မတို့က သူတို့အလုပ်နဲ့ ပေါင်းသင်းနေတာ၊ အိပ်နေတာမှ မဟုတ် ဘဲတဲ့။ ဒီလိုဖြင့် နင်တို့နဲ့ သူတို့ အလုပ်အကြောင်း မပြောဘူးလား။ ငါ့ ယောကျ်ား ရှိတုန်းကဆို သူ့အလုပ်အကြောင်း ငါ့ကို ပြောတယ်။ ငါ ကလည်း ငါ့အလုပ်အကြောင်း သူ့ကို ပြောတယ်။ နင်တို့ယောကျ်ားက သူတို့အလုပ်အကြောင်း ပြောချင်ရင် ဘယ်သူ့ကို သွားပြောမှာလဲလို့ မိုးမိုးက မေးတော့ သူတို့ လုပ်ဖော်ကိုင်ဖက်တွေနဲ့ ပြောမှာပေါ့လို့ ပြန် ဖြေတယ်။ ကျွန်မတို့ကို ပြောလို့ ကျွန်မတို့ကကော ဘာသိမှာလဲတဲ့။ သူတို့လုပ်နေတာ သူတို့အလုပ်၊ သူတို့ ကျွမ်းတဲ့အလုပ်။ ကျွန်မတို့ လုပ် နေတာ ကျွန်မတို့ ကျွမ်းတဲ့အလုပ်။ တစ်ခုနဲ့တစ်ခု ထိပ်တိုက်တိုးစရာ မရှိဘူး။ အလုပ်ဆိုတာက ဘဝလို မဟုတ်ဘူး။ ဘဝဆိုတာကသာ ထိပ် တိုက်တိုးကြတာတဲ့။ ဒီအပိုင်းတော့ မိုးမိုး မမီတော့ဘူး။ ဂယ်ထရုကလည်း သူ့တရုတ်ကလေးအကြောင်း သိချင်လို့ လှည့်ပတ်မေးတာပဲ။ ဘာမျှ ထွက်မလာဘူး။ ဒီတော့လည်း အလကားကောင်တွေနဲ့ ညားမှတော့ ဒီ ကောင်မလေးတွေလည်း အလကားနေမှာပဲလို့ပဲ မိုးမိုး စိတ်ထဲမှာ ထား

mgyoe.com

mgyoe.com SAMPLE BOOK

လိုက်တော့တယ်။

တစ်ခါကတော့ သူတို့ယောက်ျားတွေက စီစဉ်ပေးလို့ ဆိုသလားပဲ။ အနောက်မြောက်ဘက် ဖန်ကနေတစ်ဆင့် ဘန်သတုံအထိ သွားကြတယ်။ သတုံက မယ်မောက်မြစ်စပ်မှာ။ ဟိုးနယ်စပ်နားအထိပဲ။ သူတို့ယောက်ျား တွေကတော့ လိုက်မသွားကြဘူး။ ဂယ်ထရုရယ်၊ တရုတ်ကလေးရယ်၊ မာရီယိုရယ် ပါသွားကြတယ်။ အဆစ်ပါသွားတာက တော်မီ။ ဂူးစတပ်(ဖ) က ရောက်ဖူးအောင် မင်း လိုက်သွားချင် လိုက်သွားပါလားလို့ ပြောတာ နဲ့ သွားမယ့်မနက်ကျမှ ပါသွားတာ။ ဒါပေတဲ့ ပြန်လည်းလာရော တော် မီက ပြောတော့တာပဲ။ နောက်တော့ဖြင့် ဒီဟာမတွေနဲ့ ခရီးမသွားတော့ ဘူးတဲ့။ ဘာလို့လဲလို့ မိုးမိုးက မေးတော့ သူတို့မှာ အကြောက်အလန့် မရှိဘူး။ မယ်အလ်ကနေ သဘာဝကြိုးဝိုင်း လုပ်ထားတဲ့ ဖန်ကြိုးဝိုင်းကို ဖြတ်ပြီး နယ်စပ်သွားကြည့်မယ် လုပ်လို့ လိုက်လာတဲ့ လုံခြုံရေးတွေက အတော့်ကို ပြောယူရတယ်။ စိတ်မချရဘူး၊ အန္တရာယ်ရှိတယ်လို့ ကျွန် တော်က ဝင်ပြောတော့ ပန်ချာပီဖြစ်ပြီး နင်က ဘာလို့ ကြောက်တတ်ရ တာလဲ။ နင်က သေမှာ ကြောက်သလားတဲ့။ ကြောက်တယ်လို့ ဖြေတော့ နင်က ပန်ချာပီပဲ။ သမိုင်းထဲမှာ ပန်ချာပီတွေဟာ သတ္တိရှိတယ်။ စစ် တိုက် ကောင်းတယ်လို့ ရေးတယ်။ နင့်ကျခါမှ ဘာလို့ ကြောက်ရသလဲတဲ့။ ဟဲ့ .. ငါက သမိုင်းထဲမှာ မဟုတ်ဘူး။ တကယ့်လူ။ သမိုင်းထဲကဟာတွေက စာလုံးတွေ၊ စကားလုံးတွေနဲ့ ရေးထားတာ။ စာလုံးတွေ၊ စကားလုံးတွေနဲ့ ရေးထားတာတွေက စာလုံးတွေ၊ စကားလုံးတွေ ရှိနေသရွေ့ အသက်ရှင် နေတာ။ ငါက တကယ့်လူ။ တကယ့်လူဆိုတာက တစ်သက်ပဲ ရှိတယ်။ ဘဝဆိုတာ တစ်ခါပဲ။ တစ်ဘဝမှာ နှစ်ခါ နေနိုင်တာက You only live twice ဆိုတာက ဂျိမ်း(စ)ဘွန်း တစ်ယောက်တည်း။ ငါက ဂျိမ်း(စ)ဘွန်း မဟုတ်ဘူး။ တကယ့်လူ။ တကယ့်လူမှ စစ်တိုက်နေတဲ့ ပန်ချာပီ မဟုတ် ဘူး။ ထမင်းဟင်း ချက်နေတဲ့ ပန်ချာပီ။ နောက်ပြီး ငါက ဒီမှာ မွေးတာ။ ဟိုမှာ မွေးတာ မဟုတ်ဘူး။ အရိုဝါရီယာရိုင်းတို့၊ ကက်သရီနာကာ(အိ) တို့ကို ဒီဗီဒီကြည့်ပြီး အိပ်မက်မက်နေတဲ့ အကောင်လို့ ချဲတော့မှ ကိစ္စ ပြတ်သွားတယ် ..။ တော်မီ ပြောလို့မဆုံးခင် မိုးမိုး အသံထွက်အောင်

mgyoe.com

mgyoe.com SAMPLE BOOK

ရယ်လိုက်မိတယ်။ နောက်တော့ တော်မီပါ ရယ်တယ်။ ရိုင်းတော့ နည်းနည်း ရိုင်းသွားတယ်။ ဒါပေတဲ့ မတတ်နိုင်ဘူး။ သူတို့က ပညာတတ်တော့ သမိုင်း အထောက်အထားနဲ့ ယှဉ်ပြီး ပြောချင်တာ။ ကျွန်တော်က သမိုင်းထဲက ဇာတ်ကောင်လည်း မဟုတ်ဘူး။ သေရဲတယ်၊ သတ်ရဲတယ် ဆိုတဲ့ သတ္တိမျိုးလည်း မရှိဘူး။ ကျွန်တော့်အတွက်တော့ ပိုက်ဆံမျက်နှာ၊ ဂုဏ်မျက်နှာ မကြည့်ဘဲ ကိုယ်လုပ်ချင်တာကို ကိုယ့်ဘာသာ လုပ်နေရဲတာဟာ သတ္တိတစ်မျိုးပဲ။ အသက်ရှင်နေတယ်ဆိုတာ သတ္တိရှိပြချင်လို့ မဟုတ်ဘူး။ သတ္တိရှိနေလို့လည်း မဟုတ်ဘူး။ အသက်ရှင်နေတာဟာ ရှင်နေဖို့ပဲ။ ကျွန်တော် အသက်ရှင်နေတာဟာ သူများဖို့ မဟုတ်ဘူးလို့ တော်မီက ထပ်ပြောပြန်တယ်။ မိုးမိုးကတော့ တော်မီ့ကိုရော ဟိုကောင်မလေး နှစ်ယောက်ကိုပါ နားလည်တယ်။

မိုးမိုး နားလည်တယ် ဆိုတာကလည်း သူ့သားကလေးက ပြောပြဖူးလို့။ မြို့တော်ကြီးမှာ တက္ကသိုလ်သွားတက်နေရာက ကျောင်းပိတ်ရက်မှာ အိမ်ပြန်လာတုန်း သူ့သားကလေးကို သူက ဆုံးမတယ်။ အဲဒီတုန်းက သူ့သားကလေးက သူ့ကို ပြန်ပြောတယ်။ အမေ .. ပတ်ဝန်းကျင် မတူရင် လူတွေ မြင်ပုံ မတူတော့ဘူးတဲ့။ ဒီမှာလည်း တက္ကသိုလ်ရှိတာပဲ။ မြို့တော်ကြီးမှာလည်း တက္ကသိုလ်ရှိတာပဲ။ ဟိုက တက္ကသိုလ်က ကျောင်းသူ ကျောင်းသားတွေ၊ ဆရာ၊ ဆရာမတွေနဲ့ ဒီက တက္ကသိုလ်က ကျောင်းသူ ကျောင်းသားနဲ့ ဆရာ၊ ဆရာမတွေတောင် မြင်ပုံ သိပ်မတူကြဘူး။ ပတ်ဝန်းကျင်မတူတော့ လူတွေ မြင်ပုံ၊ နားလည်လက်ခံပုံ မတူကြဘူး။ ပတ်ဝန်းကျင်ဆိုတာ ကိုယ်က လုပ်ယူလို့ ရတာမဟုတ်ဘူး။ ကိုယ်က အဲဒီပတ်ဝန်းကျင်ဆိုတာအထဲမှာ သွားနေရတာ။ အဲဒီကျခါမှ အဲဒီပတ်ဝန်းကျင် တစ်ခုထဲမှာ လူတွေ ဘာဖြစ်လို့ ဒီလိုမြင်တယ်ဆိုတာ နားလည်သတဲ့။ အဲဒီတုန်းကတော့ မိုးမိုးအဖို့ နားလည်သလိုလိုပဲ။ သားကလေးနဲ့ မတွေ့ရတာ ကြာလာခါမှ သူ ပြောတဲ့စကားတွေ နားလည်လာတယ်။ နားလည်ဆို မိုးမိုးဟာ သူ့ယောက်ျား မရှိတော့မှ ..။ သားကလေးနဲ့လည်း မတွေ့ကြရတော့မှ ..။ ခုလို ကျောင်းဆရာမဘဝက ထွက်ပြီး တခြားလူတွေနဲ့ ရောနှော လုပ်ကိုင်ရတော့မှ တကယ့်ဘဝထဲ ရောက်လာတာ။ အလျင်

mgyoe.com

mgyoe.com SAMPLE BOOK
ကတော့ ကလေးတွေကို ဆရာလုပ်နေရတာဟာ သူ့ဘဝတစ်ခုလုံးပဲကိုး။ အချိန်တန် စာပြပေးရတာကိုပဲ အလွန်ကြီးမားတဲ့ကိစ္စလို့ ထင်ခဲ့တာ။ တကယ့်ဘဝကြီးထဲ ရောက်ခါမှ ငါကချည်း ပြောနေလို့ မဖြစ်ဘူး၊ သူများပြောတာလည်း နားထောင်ရဦးမယ်ဆိုတဲ့ အသိတရား ရလာခဲ့တယ်။ ဒီမှာ အလုပ်ဝင်စကလည်း စကားပြောတာနဲ့ပတ်သက်လို့ တော်မီကပဲ အတော်ကလေး သင်ပေးဖူးသေးတယ်။ မိုးမိုးပြောတဲ့ အင်္ဂလိပ်စကားထဲမှာ နင် သိတယ်မဟုတ်လား (ယူနိုး) ဆိုတာတွေ သိပ်ပါနေလို့ တော်မီက ပြောတယ်။ ဒီစကားလုံးကို သိပ်မသုံးရဘူးတဲ့။ အဆင့်အတန်းတစ်ခုနဲ့ လူတွေအကြားမှာ အဲဒီလို သုံးတာဟာ စော်ကားသလို ဖြစ်တတ်တယ်တဲ့။ ဟုတ်တော့ ဟုတ်သား။ မိုးမိုး တစ်ခါကမျှ မစဉ်းစားခဲ့မိဘူး။ လူတစ်ယောက်ကို နင် သိတယ်မဟုတ်လားလို့ ပြောလိုက်တာဟာ အကြိမ်တော်တော်များလာရင် နင် ဘာသိလို့တုံး ဆိုတဲ့သဘော ရောက်သွားတာပဲလို့ မိုးမိုး တစ်ကြိမ်မျှ မတွေးမိခဲ့ဘူး။

နောက်တော့ ကောင်မလေးတွေလည်း တော်မီ့ကို ခင်သွားကြတယ်။ သူတို့ လာတဲ့အခါ တော်မီ ကြိုက်တဲ့ ဒီဗီဒီတွေ၊ ပြိုးပြိုးပြက်ပြက်နဲ့ ကုလားကြိုက် အင်္ကျီတွေ ဝယ်လာပေးတတ်ကြတယ်။ အရင်ကတော့ နောက်ရင်းပြောင်ရင်းနဲ့ တော်မီ့ကို သတ္တိမရှိတဲ့ ပန်ချာပီလို့ ခေါ်ကြသေးတယ်။ ဒါပေတဲ့ ဖမကောင်က နင်တို့ နောက်ပြီးခေါ်တာ လူတစ်ဖက်သားကို စော်ကားနေတာပဲ။ ယဉ်ကျေးတဲ့ တိုင်းကြီးပြည်ကြီးသားတွေဟာ ကိုယ့်စကားလုံးက သူများကို မထိခိုက်အောင် ထိန်းတယ်၊ ဘာရယ် ညာရယ် ပြောလို့ ကောင်မလေးတွေက မခေါ်ကြတော့ဘူး။ ဖမကောင်ကတော့ တော်မီ့ကိုလည်း ခင်တယ်။ ဖမကောင်နဲ့ တော်မီတို့ စကားပြောရင် အဲဒီ ယဉ်ကျေးတဲ့ တိုင်းကြီးပြည်ကြီးသားဆိုတဲ့ စကားလုံးက အတော်ပါတယ်။ ဖမကောင်ရယ်၊ ကလန်ကလား အဖြူကောင်ရယ် ရောက်လာကြရင် တော်မီက မနတ်ကသာနီဆိုတာ ချက်ရတယ်။ သူတို့က နေ့တိုင်းသောက်တာ။ တော်မီက မြည်းကြည့်ပါလားဆိုတာနဲ့ မိုးမိုး မြည်းကြည့်လိုက်တာ တစ်ချီတည်းနဲ့ လန်သွားရော။ မင်းဟာက အတော် အရသာဆိုးပါကလားလို့ပဲ ပြောလိုက်မိတယ်။ ကျန်းမာရေးအတွက် ကောင်း
mgyoe.com

mgyoe.com
SAMPLE BOOK

တယ်လို့ တော်မီက ပြောတယ်။ ဟုတ်လောက်တယ်။ ကျန်းမာရေးအတွက် ကောင်းတယ် ဆိုတာတွေက အရသာ မရှိတာ များတယ်။ တော်မီ ချက်တဲ့ အာလူးပူရီကိုတော့ မိုးမိုး ကြိုက်တယ်။ သူတို့ အလုပ်အကိုင်တွေ ပြီးသွားတဲ့အခါ မနက်စာစားရင် ဖမကောင်က အာလူးပူရီ စားတယ်။ အဖြူကောင်က ပလာတာ စားတယ်။ နှစ်ယောက်စလုံးအတွက် ဂူဂျရပ်တီတွေ စားတဲ့ သက်သတ်လွတ်သီးစုံဟင်း အမြဲချက်ပေးရတယ်။ ပြီးတော့ သရက်သီး လဆီး သောက်တယ်။ အဲဒီနှစ်ကောင်က ဖြူတာနဲ့ ညိုတာက လွဲလို့ အတော်တူတယ်။ စားတာကအစ တူတယ်လို့ မိုးမိုး သတိထားမိတယ်။ ကုလားစာ ပိုစားကြတယ်။ မိုးမိုးချက်တဲ့အထဲက သူတို့နှစ်ယောက် အမြဲစားတာကတော့ ကအင်လီရန်ပဲ။ ငါးပိ၊ ငါးခြောက်နဲ့ချက်တဲ့ သီးစုံဟင်း။ အရင်ကတော့ တောဘက်ကလူတွေ စားတဲ့ဟင်း။ မိုးမိုး ငါးခြောက် များများ၊ ငါးပိများများ ထည့်ပါလို့ အဖြူကောင်က ပြောတယ်။ ပလာတူးငါးကြော်လည်း စားတတ်တယ်။ ဖမကောင်က လက်ပံခေါင်းအခြောက်လှန်းထားတာကို မန်ကျည်းသီးနဲ့ ချဥ်ရည်ချက်ပေးရင် ဝီစကီနဲ့ သောက်လေ့ရှိတယ်။ ဆန်းတော့ ဆန်းတယ်။ တစ်ခါတော့ နင်တို့နှစ်ယောက်က ငါ ချက်တာ မကြိုက်လို့လားလို့ မေးမယ်လို့ မိုးမိုး စိတ်ထဲက ဖြစ်ခဲ့ဖူးတယ်။ ဒါပေတဲ့ သားကလေးကို သတိရလိုက်မိလို့ မမေးဖြစ်တော့ဘူး။ တစ်ခါက အိမ်မှာ မိုးမိုး စိတ်တိုင်းကျ ကြက်ကြော်နေတုန်း သားကလေးက ပြောတယ်။ လှိုင်ခရောလမ်းဆီက မက်ဆီကိုကြက်ကြော် သွားစားမလို့တဲ့။ မိုးမိုး စိတ်ထဲမှာ အတော့်ကို မချမ်းမသာဖြစ်ခဲ့ရဖူးတယ်။ အဲဒီတုန်းက သူ စိတ်မချမ်းမသာဖြစ်မှန်း သိလို့ ထင်တယ်။ သူ့ယောကျ်ားက ပြောတယ်။ လူငယ်ဆိုတာက အပြောင်းအလဲ ကြိုက်တတ်တာကိုး။ မင်း ချက်တာပြုတ်တာ မကြိုက်လို့ မဟုတ်ပါဘူးတဲ့။ ခုတော့ မိုးမိုး စိတ်ထဲမှာ သူတို့ ချက်ပြုတ်ခန်းထဲက လူတွေ၊ ဒီ အလကားကောင် တစ်သိုက်၊ ကောင်မလေးတွေ ..။ အားလုံးဟာ သူ့သားသမီးတွေလိုပဲ။ အရွယ်ရောက်နေတဲ့ မိဘမဲ့ ကလေးတွေ သူ့ဆီ ရောက်လာသလိုပဲ။ ဘာကြောင့် စိတ်ထဲမှာ အဲဒီလိုဖြစ်လာတယ် ဆိုတာကိုတော့ သူ မသိဘူး။ ဒါပေတဲ့ သူ့သားကလေးကတော့ ပျောက်မသွားဘူး၊ မှိန်မသွားဘူး။ သူ့ပတ်ဝန်း

mgyoe.com

mgyoe.com SAMPLE BOOK
ကျင်က လူတွေရဲ့ ရှိနေခြင်းက သူ့သားကလေး အနားမှာ ရှိမနေခြင်းကို ပိုပြီး သိသာလာစေတယ်။ သူတို့တစ်တွေရဲ့ လက်ခံခြင်း၊ ငြင်းဆိုခြင်း ဆိုတာတွေဟာ သူ့သားကလေးလိုပဲ။

**နွယ်ငင်ယှက်ပတ် ဆက်စပ်ခြင်းများ၏ ရှိနေခြင်း**

တစ်နေ့၊ ချက်ပြုတ်ခန်း အပြင်ဘက်က သစ်ပင်ရိပ်အောက်မှာ မိုးမိုးတို့ နှစ်ယောက်သား ထိုင်စကားပြောကြရင်း ဂူးစတပ်(ဖ)ဆီက သတင်းတစ်ခု ကြားရတယ်။ သူ့ဒေ့းကြီးက ဆီရမ်ရီရပ်မှာ ဟိုတယ်တစ်ခု ထပ်ဝယ်တယ် ဆိုတာပဲ။ ဂူးစတပ်(ဖ)က ဂယ်ထရုကို မေးတယ်။ နင် အဲဒီမှာ တာဝန်ခံ အကြီးတန်းစားဖို့မှူး လုပ်မလားတဲ့။ ဂယ်ထရုက အံ့အားသင့်သွားတယ်။ တကယ်လားလို့ ပြန်မေးတော့ ဂူးစတပ်(ဖ)က ခေါင်းညိတ်ပြတယ်။ နင် မြို့တော်ကြီးက သူ့ဒေ့းကြီး ဟိုတယ်တွေမှာလည်း သွားလုပ်ခဲ့ဖူးပြီ။ ဟောင်ကောင်တို့၊ ရှန်ဟိုင်းတို့ ဆီမှာလည်း သွားလုပ်ခဲ့ဖူးပြီ။ ဟိုတလောဆီက တို့မီးဖိုခန်းထဲမှာလာပြီး ဟိုကြည့် ဒီကြည့် လုပ်နေတဲ့ ငနဲက နင့်ကို လာကြည့်တာလို့ ဂူးစတပ်(ဖ)က ပြောပြတယ်။ ဂယ်ထရုက ကျေနပ်ပုံမပေါ်ဘူး။ ငါ့ကို လာပြီး ထောက်လှမ်းတာပဲပေါ့လို့ ဒေါသသံနဲ့ ပြောတော့ သူ့ဆရာက အသာ လေပြည်ထိုးတယ်။ ဒီကနေ့ ကမ္ဘာကြီးမှာ တစ်ယောက်ကို တစ်ယောက် ..၊ တစ်နိုင်ငံကို တစ်နိုင်ငံ ထောက်လှမ်းကြတာဟာ လုပ်ရိုးလုပ်စဉ်ပဲ။ နင့်ကို စောင့်ကြည့်နေတာ က နင် ချက်တာ ပြုတ်တာတင် မကဘူး။ နင့်မှာ တခြား ဘာအရည်အသွေး ရှိသလဲ၊ ဘယ်လိုအလုပ်နဲ့ သင့်သလဲ၊ နင့်အနေနဲ့ တခြားလူတွေကို ဦးဆောင်နိုင်သလား ဆိုတာမျိုးတွေကို သိချင်လို့ လာပြီး ကြည့်နေတာ လို့ ဂူးစတပ်(ဖ)က ပြောတယ်။ ဂယ်ထရုကတော့ မကျေနပ်ဘူး။ ငါ ဘာမှ မလုပ်ချင်ဘူး။ အစားအသောက်ပဲ ချက်ချင်တယ်။ ခုကိစ္စမှာ နင် သိထားတာတွေ ရှိဦးမယ်။ နင် အပြည့်မပြောဘူး မဟုတ်လားလို့ ဂယ် ထရုက ပြန်မေးတယ်။ ဂူးစတပ်(ဖ)က အသာပြုံးနေရင်း ခေါင်းညိတ်တယ်။ ပြီးမှ ငါ့မီးဖိုခန်းဟာ ငါ့နိုင်ငံတော်ပဲ။ ဒီအပြင်ဘက်ကဟာတွေ ငါနဲ့ မဆိုင်ဘူး။ သိလည်း မပြောဘူးလို့ပဲ ပြန်ပြောတယ်။ မိုးမိုးကတော့ သူ
mgyoe.com

mgyoe.com SAMPLE BOOK

တို့ နှစ်ယောက် ပြောနေတာကို နားထောင်နေရင်း စီးကရက်ကိုသာ ဖွာနေမိတယ်။ ဘာမျှ ဝင်မမေးမိဘူး။

မိုးမိုး စိတ်ထဲမှာတော့ တစ်မျိုးကြီး ဖြစ်လာမိတယ်။ စီးကရက်ဖွာနေရင်း သူ့ဘာသာသူ အတွင်းစိတ်ထဲက ပြဿနာကို ရှာကြည့်နေမိတယ်။ အဲဒီတုန်းမှာပဲ ဂယ်ထရုက မိုးမိုးရော .. လို့ ဂူးစတပ်(ဖ)ကို မေးသံ ကြားလိုက်ရတယ်။ ဂူးစတပ်(ဖ)က မိုးမိုးကို ကြည့်ပြီး ဂယ်ထရုကိုလည်း လှည့်ကြည့်လိုက်ရင်း မိုးမိုးက ဘာဖြစ်သလဲ .. လို့ ပြန်မေးလိုက်တယ်။ ဒီတစ်ခဏမှာပဲ သူ့စိတ်ထဲမှာ မတင်မကျဖြစ်လိုက်မိတဲ့ အချက်အပေါ် အဖြေတစ်ခု ရလာတယ်။ ဂယ်ထရုတစ်ယောက် သူ့ဘဝထဲက ပျောက်ဆုံးသွားမှာ မိုးမိုး စိတ်ပူလိုက်မိတဲ့ အချက်ပဲ။ ခုဆို ဂယ်ထရုက သူ့သားကလေးနေရာကို မသိမသာ ဝင်လာခဲ့တဲ့ တစ်ဦးတစ်ယောက် ဖြစ်စပြုလာပြီ။ ဂယ်ထရုဟာ သူ့သားကလေး မဟုတ်ပေတဲ့ မိုးမိုးအတွက် ကွက်လပ်တစ်ခုကို ဝင်ဖြည့်ထားပေးတယ်။ အချိန်ပြည့် မဟုတ်ပေတဲ့ အချိန်ပိုင်းအဖြစ် အချိန်အတော်များများကို ဂယ်ထရုက ယူထားတယ်။ တကယ်လို့ ငါ ဟိုမှာ သွားလုပ်ရမယ်ဆိုရင် မိုးမိုးကို တစ်ခါတလေ မရနိုင်ဘူးလား။ ငါ့အတွက် အစားအသောက် စီစဉ်တဲ့ဘက်မှာ အကြံပေးနိုင်တာပေါ့လို့ ဂယ်တရုက ဆင်ခြေတစ်ခုပေးရင်း မေးပြန်တယ်။ ဂူးစတပ်(ဖ)က ဘာမျှ ပြန်မဖြေသေးဘဲ သူ့သောက်လက်စ ကိုကာကိုလာဘူးကို ကြည့်နေရင်း လက်နဲ့ အသာလှည့်ပြီး ဆော့ကစားနေတယ်။ ကိုကာကိုလာဘူးကိုပဲ ကြည့်နေရင်း ပြုံးပြီး နင့် ချိ(စ)စားတဲ့ တရုတ်ကလေးနဲ့လည်း ပိုတွေ့ရမှာလို့ ပြောရင်း မိုးမိုးကို လှမ်းကြည့်တယ်။ မိုးမိုးရဲ့ အလကားကောင်တွေ အဲဒီဘက်ကို ခဏ ရွှေ့ကြမယ်လို့လည်း ကြားတယ်။ ကြားတာနော်။ တခြားလူတွေလည်း လျှောက်ပြောမနေနဲ့ဦးလို့ ပြောပြန်တယ်။ မိုးမိုးစိတ်ထဲမှာ တစ်မျိုး ဖြစ်သွားပြန်တယ်။ ဒီတစ်ခါတော့ မိုးမိုး ချက်ချင်းသိလိုက်မိတယ်။ ဒီ အလကားကောင်ဆိုတာတွေ ဒီဘက်ကို မလာတော့ရင် အနည်းဆုံး လွမ်းတော့ သွားကြရမှာပဲလို့ သူ့စိတ်ထဲက ဖြစ်လိုက်မိတာ။ ဂူးစတပ်(ဖ)၊ ငါ သိတယ်။ နင့်မှာ သိထားတာတွေ အများကြီး ရှိတယ်။ နင် ငါတို့ကို ပြောနေတာတွေဟာ နင် သိထားတာအထဲက တစ်ရာခိုင်နှုန်း

mgyoe.com

mgyoe.com SAMPLE BOOK

လောက်ပဲ ရှိသေးတယ် မဟုတ်လား။ ဟိုအကောင်တွေ လာပြီးရင် နင် လည်း သုံးလေးရက် ပျောက်သွားတယ်။ မြို့တော်ကြီး သွားတယ်။ ဟောင်ကောင်ဟိုတယ်က လိုလို့ သွားရတယ်ဆိုတဲ့ အကြောင်းပြချက်တွေနဲ့ နင် ပျောက်သွားတယ်။ နင်ဟာ စားဖိုမှူးကြီး သက်သက် မဟုတ်မှန်း ငါ ဒီရောက်ကတည်းက ရိပ်မိတယ်။ ငါ သိတယ်။ ဟိုအကောင်တွေရယ်၊ အဘိုးကြီးရယ်၊ နင်ရယ် တစ်ကြိုတ်တည်းပဲ မဟုတ်လားလို့ ဂယ်ထရုက ချဲတော့တာပဲ။

ဂူးစတပ်(ဖ)က ကိုကာကိုလာဘူးကို ကောက်ကိုင်လိုက်ရင်း ထိုင်ရာက ထလိုက်တယ်။ ဘာမျှမပြောဘဲ မိုးမိုးကို ကြည့်နေရင်း နင် သွားချင်သလား၊ မသွားချင်ဘူးလားပဲ ငါ့ကို ပြောလို့ ဂယ်ထရုကို ပြောတယ်။ ဒီနောက်တော့ မိုးမိုးကို လှည့်ကြည့်လိုက်ရင်း မိုးမိုး သိပါတယ်။ ငါဟာ စားဖိုမှူးကြီး ဆိုတာ။ ငါ့အလုပ်ရှင်ဟာ အဘိုးကြီး။ ဒီတော့ .. လို့ ပြောပြီး ဂူးစတပ်(ဖ)က စကားပြောနေတာကို ရပ်လိုက်တယ်။ ဂယ်ထရုကိုလည်း လှည့်ကြည့်လိုက်ရင်း နင် အီမာန်နျူအယ်ကန့်ကို သိတယ်မဟုတ်လားလို့ မေးတယ်။ ဂယ်ထရုက ပြုံးဖြဲဖြဲနဲ့ လူချင်းတော့ အသေအချာ မသိဘူးလို့ ပြန်ဖြေတော့ ဂူးစတပ်(ဖ)က ခွေးမလို့ အရင် ပြောတယ်။ ပြီးမှ ကန့်က ပြောဖူးတယ်။ တာဝန်ဝတ္တရားဟာ တာဝန်ဝတ္တရားအတွက် ကျေပွန်ရမယ်တဲ့။ ငါ့အဖို့တော့ ဒါပဲ။ ငါ့ ချက်ပြုတ်ခန်းနဲ့ ငါ့အလုပ်ရှင်က ပေးအပ်တဲ့ တာဝန်တွေကို ကျေပွန်ရမှာပဲ။ ငါဟာ ကမ္ဘာကြီးကို ကယ်တင်ဖို့၊ ကမ္ဘာကြီး ပိုကောင်းလာဖို့ ဆိုတာမျိုးတွေ ..။ လူ့အခွင့်အရေး ဘာဘာညာညာ စတာတွေ တောင်းဆိုဖို့ ကြွေးကြော်နေတာမျိုးတွေ လုပ်နေတဲ့လူ မဟုတ်ဘူး။ ထိုင်ပြီး စိတ်ကူးယဉ်နေတဲ့လူ မဟုတ်ဘူး။ မီးဖိုခန်း သုံးဖို့ အသီးအရွက်တွေ လာပို့ရင် ငါကိုယ်တိုင် နေ့တိုင်း စိစစ်တယ်။ ငရုတ်သီး အထုပ်တွေထဲက တစ်တောင့် ထုတ်ယူပြီး ငါကိုယ်တိုင် ကိုက်ကြည့်တယ်။ ငရုတ်သီးဟာ စပ်မှာပဲဆိုတာ ငါ သိတယ်။ ဒါပေတဲ့ ဘယ်ငရုတ်သီးက ဘယ်လို စပ်တယ်ဆိုတာ ငါ သိဖို့ လိုတယ်၊ မဟုတ်ဘူးလား မိုးမိုးလို့ ပြောရင်း မိုးမိုးကို လှမ်းကြည့်လိုက်တယ်။ မိုးမိုးက အသာ ခေါင်းညိတ်ပြလိုက်ရင်း စိတ်ထဲက ကောက်ချက်ချလိုက်မိတယ်။ ဟုတ်တယ်၊ ဂူးစတပ်(ဖ)

mgyoe.com

mgyoe.com SAMPLE BOOK

ဆိုတဲ့ အကောင်က အဲဒီလိုမျိုး။ သူ ပြောသလိုပဲ၊ တာဝန်ဝတ္တရားအတွက် တာဝန်ဝတ္တရား ကျေပွန်ရမယ် ဆိုတာမျိုးလို့ ဂူးစတပ်(ဖ)က စကားပြန်ဆက်တယ်။ အဘိုးကြီးက နင့်ကို အလုပ်ထုတ်ပစ်လိုက်လို့ ပြောရင် ...၊ မိုးမိုးကို ချက်ပြုတ်ခန်းထဲ မလာစေနဲ့တော့လို့ ပြောရင် သူ ပြောတဲ့အတိုင်း ငါ လုပ်ရမှာက အရင်။ သူ မှန်တာ၊ မှားတာ ငါ့အလုပ် မဟုတ်ဘူး။ နောက်မှ ဘာကြောင့်လဲဆိုတာ သူနဲ့ ဆွေးနွေးရမယ်။ နင် သဘောပေါက်သလားလို့ ဂယ်ထရုကိုကြည့်နေရင်း မေးလိုက်တယ်။ ဂယ်ထရုက ခေါင်းညိတ်ပြတယ်။ မိုးမိုးကတော့ သူတို့ ဆရာတပည့် နှစ်ယောက်ကို တစ်လှည့်စီ ကြည့်လိုက်မိတယ်။ ဂူးစတပ်(ဖ)ဟာ အဲဒီလိုလူမျိုး ဆိုတာတော့ မိုးမိုး ကောင်းကောင်းသိတယ်။ သူ့ ချက်ပြုတ်ခန်းထဲမှာ မိုးမိုး လုပ်လာခဲ့တာ ကြာပြီကိုး။ သူ့ကို မိုးမိုး နားလည်တယ်။ တကယ်တမ်းမှာတော့ မိုးမိုး နားမလည်နိုင်တာ ဂယ်ထရုပဲ။ သူ့သားကလေးကို သူ နားမလည်နိုင်ခဲ့သလို ဂယ်ထရုကိုလည်း နားလည်အောင် သူ ကြိုးစားကြည့်ပေတဲ့ သိပ်နားမလည်ဘူး။

ဂူးစတပ်(ဖ)က မတ်တတ်ရပ်နေရာက ဂယ်ထရုကို ကြည့်လိုက်တယ်။ ဂယ်ထရုက သူ့ဆရာကို အတော်ကြာအောင် စိုက်ကြည့်နေပြီးမှ တစ်လတစ်ခါ မိုးမိုးကို ရရင် ငါ သွားမယ်လို့ ပြောတယ်။ မိုးမိုးက ဘာဝင်ပြောရမှန်း မသိဘူး။ ဂယ်ထရုတို့ ဆရာတပည့်နှစ်ယောက် အကြားမှာ သူက ဈေးကစားသလို ဖြစ်နေတယ်။ ဂူးစတပ်(ဖ)က သူ ရပ်နေရာကနေ ရှေ့တိုးသွားပြီး ဂယ်ထရုကို သူ့ညာဘက်လက် ကမ်းလိုက်ပြီးတော့ အိုကေလို့ ပြောတယ်။ ဂယ်ထရုလည်း ထိုင်ရာကထပြီး ဂူးစတပ်(ဖ) လက်ကို ကိုင်ပြီး သဘောတူလိုက်တယ်။ ဂူးစတပ်(ဖ)က သူ့လက်ထဲက ကိုကာကိုလာဘူးကို မော့သောက်လိုက်ပြီး မိုးမိုးရှေ့ လာလိုက်ပြီး သူ့လက်ကမ်းပြန်တယ်။ မိုးမိုးလည်း ဘုမသိ ဘမသိနဲ့ အသာ လက်ဆွဲနှုတ်ဆက်ရင်း သဘောတူသလို လုပ်လိုက်မိတယ်။ ပြီးမှာ သူ့လက်ကို မဖြုတ်သေးဘဲ ဂူးစတပ်(ဖ) ထိုင်ပါဦးဟာ။ ငါ့လည်း နည်းနည်းတော့ ရှင်းပြပါဦး။ ငါက ဘာဖြစ်လို့ ဟိုကို သွားရမှာလဲလို့ မေးလိုက်မိတယ်။ ဂူးစတပ်(ဖ)က ဘာမှ မကျန်တော့တဲ့ ကိုကာကိုလာဘူးကို ထပ်မော့လိုက်ရင်း ပြန်ထိုင်

mgyoe.com

mgyoe.com SAMPLE BOOK

တော့မှ မိုးမိုးက လက်လွှတ်လိုက်တယ်။ သူ့ကို ဘာလို့မမေးသလဲလို့ ဂူးစတပ်(ဖ) က မိုးမိုးကိုကြည့်နေရာက ဂယ်ထရူဘက်ကို အသာ မေးငေါ့ ပြလိုက်တယ်။ မိုးမိုးက ဂယ်ထရူကို လှမ်းကြည့်လိုက်တော့ ဂယ်ထရူက ပြုံးစိစိ လုပ်နေတယ်။ ဒီကောင်မနဲ့တော့ဖြင့် မဖြစ်သေးပါဘူးလို့ မိုးမိုး စိတ်ထဲ ဖြစ်မိတာနဲ့ ဂူးစတပ်(ဖ)ကို လှမ်းကြည့်လိုက်တယ်။ ဂူးစတပ်(ဖ) က ပခုံးတွန့်ပြတယ်။ သူ သွားဖို့ မိုးမိုးက လိုအပ်တယ်ဆိုတော့ ငါက သဘောတူရတာပဲ။ ငါ့မှာ ရွေးချယ်စရာ မရှိဘူး။ ရွေးချယ်စရာ မရှိတာကို ရွေးလိုက်ရတာဟာ ရွေးချယ်မှုတစ်ခုပဲ မဟုတ်လား မိုးမိုးလို့ ဂူးစတပ်(ဖ) က ပြောတယ်။ မိုးမိုးက ခေါင်းညိတ်ပြလိုက်ပြီးခါမှ ဂူးစတပ်(ဖ) ပြော တာကို အသေအချာ ပြန်စဉ်းစားကြည့်မိတယ်။ နားလည်သလိုလိုပဲ။ သေချာ ထပ်ပြီး စဉ်းစားကြည့်တော့ နောက်ဆုံးပိုင်းကလေးကို မိုးမိုး နားမလည်လှဘူး။

ငါက ဘယ်လိုလုပ်ပြီး အဲဒီသွားရမှာလဲလို့ မိုးမိုးက မေးတော့ လေယာဉ်ပျံစီးသွားပေါ့။ ဟိုတယ်က စရိတ်ပေးမှာပေါ့။ လေးဆယ့်ငါးမိနစ် တစ်နာရီ ..။ အဲဒီလောက်ပဲ ကြာတာလို့ ဂူးစတပ်(ဖ)က ဖြေတယ်။ ပြီးတော့မှ ဂူးစတပ်(ဖ)က ဂယ်ထရူကို ကြည့်လိုက်ရင်း မိုးမိုးကို တစ် ကြိမ်မှာ နှစ်ရက်ထက် ပိုခေါ်မထားရဘူးလို့ ပြောတယ်။ ဂယ်ထရူကတော့ ဘာမှ ပြန်မပြောဘဲ ခေါင်းညိတ်ပြတယ်။ ငါက အဲဒီမှာ ဘာလုပ်ရမှာတုံးလို့ မိုးမိုးက သူတို့ နှစ်ယောက်စလုံးကို မေးလိုက်တယ်။ ဂူးစတပ်(ဖ)ကတော့ သူ့ထုံးစံအတိုင်း ပခုံးတွန့်ပြရင်း ဂယ်ထရူဆီ မေးငေါ့ပြပြန်တယ်။ ဟို ရောက်တော့ သိမှာပေါ့ မိုးမိုးရာလို့ ဂယ်ထရူက လှမ်းပြောတယ်။ ခုထိ တော့ မိုးမိုး ဘာမှ နားမလည်ဘူး။ နားမလည်ဘူး ဆိုတာကလည်း သိပ်တော့ မဆန်းလှဘူး။ မိုးမိုး ဘဝတစ်လျှောက်လုံးမှာ မသိဘဲ၊ နား မလည်ဘဲ လုပ်ခဲ့ရတာတွေ အများကြီး။ ဒီတော့လည်း ဂူးစတပ်(ဖ) ပြော ဖူးတဲ့ နားမလည်တာတွေကို နားလည်တယ်လို့ သဘောထားလိုက်ရင်းက နားလည်တယ်ဆိုတာတွေဟာ ဘာမှ နားမလည်တာတွေပဲ ဖြစ်နေတယ်။ ဒါပေတဲ့လည်း ဘယ်သူမှ သူတို့ဘဝကို သူတို့ ပြည့်ပြည့်စုံစုံ နားလည် ခဲ့တယ် ဆိုတာမျိုးမှ မရှိဘဲလေလို့ တွေးရင်း မိုးမိုးက အသာ စိတ်လျှော့

mgyoe.com

mgyoe.com
SAMPLE BOOK

ချလိုက်တော့တယ်။ နင်ကော အဲဒီကို မပြောင်းဘူးလားလို့ ဂူးစတပ်(ဖ)ကို မေးလိုက်မိတယ်။ အဘိုးကြီးက ငါ့ကို ဒီမှာ ရှိနေစေချင်တယ်၊ ဂယ်ထရုနဲ့ တော်မီကို အဲဒီကို ပြောင်းစေချင်တယ်လို့ ဂူးစတပ်(ဖ)က ဖြေတော့ မိုးမိုးနဲ့ ဂယ်ထရုတို့ အံ့အားသင့်သွားကြတယ်။ သူတို့က မေးမယ်လို့ လုပ်နေတုန်း ဂူးစတပ်(ဖ)က လက်ကာပြလိုက်ပြီး ဆက်ပြောပြန်တယ်။ ဟို ဟိုတယ်က အကြီးတန်း စားဖိုမှူးတွေကို မပေးဘူး။ သူတို့ရဲ့ တခြားဟိုတယ်ကို ယူသွားကြမယ်။ ဒီတော့ အကြီးတန်း လက်ထောက်စားဖိုမှူး နှစ်ယောက် လိုတယ်။ နင်တို့ လုပ်တာကိုင်တာကို ကြည့်ပြီး နင်နဲ့ တော်မီကို လိုချင်တယ်။ နင်က ဆွစ် ကျောင်းဆင်းမို့ အဲဒီအချက်မှာ တော်မီထက် သာတယ်။ ဒါပေတဲ့ လူတကာကို ချဲချင်တဲ့ နင့် ပါးစပ်ပေါက်ကို ကြောက်တယ်။ နင့်ကို ပြောပါ့မယ်လို့ ငါက အာမခံထားတယ်။ ပြီးတော့ တော်မီ့ကို ဆွစ်စလန် ပို့ဖို့ စီစဉ်တယ်။ ခု အဲဒီက ကျောင်းပြီးတာနဲ့ တော်မီ ဟိုကို တန်းလာမယ်။ နင်တို့နှစ်ယောက် နေရာမှာ ငါ့အတွက် လူစားလိုလို့ ပထန်ကို တောင်းထားတယ်။ နောက်လကုန်မှာ ပထန် ရောက်မယ်။ ကိုင်း၊ ဒါပဲ။ ... တဲ့။

ဒီတော့ မိုးမိုး စိတ်ထဲမှာ ပထန်ကို သတိရလိုက်မိတယ်။ ဒီမှာ နှစ်ပတ်လောက် လာလုပ်သွားတယ်။ လူကောင်က ကြီးကြီး၊ ဖြူဖြူ။ ဥရောပတိုက်သားနဲ့ တူတယ်။ အင်မတန် ပျော်တတ်တယ်။ သူဌေးကြီးကပဲ လွှတ်လိုက်တာ။ အဲဒီတုန်းကတော့ ခုလို စီစဉ်ထားမှန်း မိုးမိုးတို့ မရိပ်မိကြဘူး။ သူက ဟောင်ကောင် ရွှက်လှေအသင်းကနေ ဂျောန်တရမ်က ရွှက်လှေအသင်းကို ပြောင်းလာတဲ့ စားဖိုမှူး။ ဂျောန်တရမ်က ရွှက်လှေအသင်းကလည်း သူဌေးကြီးတို့ လက်အောက်ကပဲ။ အဲဒီအထက်နားက တော်ဝင် ရွှက်လှေအသင်းက လူတွေနဲ့လည်း ခင်ပုံရတယ်။ အဲဒီမှာက အဖြူကောင်တွေ များတယ်။ ဂယ်ထရုကတော့ အဲဒါ စားလျှိုတွေ စုတဲ့ နေရာလို့ ပြောတယ်။ ဟုတ်၊ မဟုတ်တော့ မိုးမိုးက ဘယ်လိုလုပ် သိမှာလဲ။ တစ်နေ့ နေ့ခင်း မိုးမိုးတို့လူသိုက် သစ်ပင်ရိပ်အောက်မှာ ထိုင်ပြီး စီးကရက်သောက်ရင်း စကားပြောနေကြတုန်း ပရင်နဲ့ ဂူးစတပ်(ဖ)က ပထန်ကိုခေါ်လာပြီး မိတ်ဆက်ပေးတယ်။ ဂူးစတပ်(ဖ)က မိုးမိုးဟာ တစ်

mgyoe.com

mgyoe.com
SAMPLE BOOK

ပြည် တစ်ရွာက လာပြီး ဒီက အစားအသောက်တွေ ချက်ပုံချက်နည်းကို လေ့လာ သင်ယူနေသူတွေကို သင်တဲ့ ဆရာမကြီးပဲ၊ အမေကြီးပဲလို့ မိတ်ဆက်ပေးတော့ ပထန်က ရုတ်တရက် မြေကြီးပေါ်မှာ ထိုင်ချလိုက်ပြီး မိုးမိုးကို ဦးချတယ်။ ပါးစပ်ကလည်း ပြောတယ်။ ကျွန်တော့်ကိုလည်း အမေကြီးရဲ့ တပည့်ရင်းလို သဘောထားပါ။ အမေကြီးရဲ့ သားသမီး တစ်ယောက်လို သဘောထားပါ၊ ခိုင်းပါ၊ အော်ပါ၊ သင်ပေးပါတဲ့။ မိုးမိုး ဘာပြောရမှန်း မသိဘူး။ အိုကေ၊ အိုကေ .. လို့ပဲ ပြောပြီး ထခိုင်းရတယ်။ အဲဒီတုန်းက သားကလေးကိုလည်း ချက်ချင်း သတိရလိုက်မိတယ်။ သားကလေးက သူတို့လင်မယားကို ညစဉ် ကန်တော့လေ့ရှိတယ်။ ခု မိုးမိုး စိတ်ထဲမှာ ကြည်နူးသွားသလိုလိုပဲ။ သူ့သားကလေး အတော်ကြီးလာတော့ သူတို့လင်မယားကို ပြောတယ်။ ကျွန်တော့်ကို ဆုချင်ရင် မအော်ပါနဲ့။ ကျွန်တော် ကလေးမဟုတ်တော့ဘူး၊ ကောလိပ်ကျောင်းသား ဖြစ်နေပြီတဲ့။ အဲဒါကို မဆီမဆိုင် သတိရလိုက်မိတော့လည်း ဝမ်းနည်းသလိုလို ဖြစ်မိပြန်ရော။ သူတို့ မီးဖိုခန်းမှာ ဆယ်ရက်လောက် ပထန် လာလုပ်သွားတယ်။ နေ့ခင်းဘက်မှာ အလုပ် စတတ်တယ်။ သူ ရောက်လာလို့ မိုးမိုးကို တွေ့ရင် အနားကိုလာပြီး မိုးမိုးရဲ့ခြေဖမိုးကို သူ့လက်မနဲ့ အသာ တို့ပြီး သူ့လက်မကို သူ့နဖူးနဲ့ တို့လိုက်တယ်။ ပြီးတော့ လက်အုပ်ချီတယ်။ ပထမဆုံးအကြိမ်ကတော့ မိုးမိုး လန့်သွားလိုက်မိတယ်။ နောက်တော့ တော်မီက ပြောပြလို့ သူ့ကို အင်မတန် ရိုသေလို့ လုပ်တာပဲဆိုတာ သိရတယ်။ တခြားလူတွေခေါ်သလို မိုးမိုးလို့မခေါ်ဘဲ အမား (အမေ) လို့ပဲ ခေါ်တယ်။

တော်မီနဲ့ ကွာတာကတော့ ပထန်က ကုလားစာ မချက်တတ်ဘူး။ ဟောင်ကောင်မှာ မွေးတာ။ သူ့အဖေက အင်္ဂလိပ်တွေ အုပ်ချုပ်တဲ့ ဟောင်ကောင် ပုလိပ်တပ်ဖွဲ့က အရာရှိ။ ဘိုးအေကြီးက ဂေါ်ရခါးတပ်က စစ်ဗိုလ်ကြီး။ အမေက နီပေါလီမ။ သူ့အမေကိုယ်တိုင်က ဟောင်ကောင်က နေသန်လမ်းထိပ်မှာရှိတဲ့ ချုံကင်း အဆောက်အဦမှာ ထမင်းဆိုင်ဖွင့်ထားသတဲ့။ သူ့အမေ ချက်တဲ့ ဘရယာဏီနဲ့ ပလောဝ်ရိုက်စ်က နာမည်ကြီး ဆိုပဲ။ ပထန်က အင်္ဂလိပ်စကားကို အင်္ဂလိပ် အသံထွက်နဲ့ ပြောတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

တရုတ်လိုကတော့ မွှတ်နေတာပဲ။ ပထန်မှာက ရာဇဝင်ကလေးနဲ့။ သူ ဒီမှာ လာလုပ်နေတုန်း တစ်ရက်တော့ သူဌေးကြီးရဲ့ဧည့်သည် တရုတ် တစ်သိုက် ရောက်လာတယ်။ ခြောက်ယောက်၊ ခုနစ်ယောက်လောက်ပဲ။ နောက်ဘက်က မြက်ခင်းပြင်ထဲမှာ ညစာ ပြင်ကျွေးရတယ်။ ညစာ မစားခင် မန်နေဂျာချုပ်က ဂူးစတပ်(ဖ)ကို လှမ်းခေါ်တော့ ဂူးစတပ်(ဖ)က ဧည့် စားဖိုမှူးအနေနဲ့ မိတ်ဆက်ပေးဖို့ ပထန်ကိုပါ ခေါ်သွားတယ်။ အဲဒီအချိန် အထိ ဂူးစတပ်(ဖ)ကိုယ်တိုင် ပထန် တရုတ်စကားတတ်မှန်း မသိသေးဘူး။ အဘိုးကြီးရဲ့ ဧည့်သည်တွေလာလို့ ကျွေးမွေးရရင် ဂူးစတပ်(ဖ)က ထွက် ပြီး တွေ့ရလေ့ရှိတယ်။ မန်နေဂျာချုပ်က ဂူးစတပ်(ဖ)ကို စားဖိုမှူးချုပ် အဖြစ်နဲ့ မိတ်ဆက်ပေးပြီး အင်္ဂလိပ်လို ပြောဆိုနေကြတုန်း ဂူးစတပ်(ဖ) အနားမှာ ရပ်နေတဲ့ ပထန်က ခွင့်တောင်းပြီး ချက်ပြုတ်ခန်းထဲ ပြန်ဝင်လာ တယ်။ မိုးမိုးကို ခဏလိုက်ခဲ့ပါလို့ ခေါ်တာနဲ့ မိုးမိုးလည်း ဘုမသိ ဘမသိ ထလိုက သွားရရော။ အနားရောက်တော့ ဂူးစတပ်(ဖ)ရော မန်နေဂျာချုပ်ပါ အံ့အားသင့်သွားကြတယ်။ ဒီတော့မှ ပထန်က ခွင့်တောင်းပြီး ဒီက အမေကြီးက တိုင်းရင်းသား အစားအစာကို ချက်မှာပါ။ သူဌေးကြီးကိုယ်တိုင် ခန့်ထားတာပါ။ ဂူးစတပ်(ဖ)က စားဖိုမှူးချုပ်ပါ။ ကျွန်တော်က ဧည့်သည် အကူ စားဖိုမှူးပါလို့ တရုတ်လို ပြောလိုက်တယ်။ မိုးမိုးရော၊ ဂူးစတပ်(ဖ) နဲ့ မန်နေဂျာချုပ်ရော ပထန် ဘာပြောမှန်း မသိကြဘူး။ ဒီတော့မှ တရုတ် ဧည့်သည်တွေ အချင်းချင်း တစ်ယောက်မျက်နှာ တစ်ယောက်ကြည့် ဖြစ် ကုန်ကြပြီး ရုတ်တရက် ဘာပြောကြရမှန်းမသိ ဖြစ်သွားကြတယ်။ နောက် တော့မှ တရုတ်ဧည့်သည်တစ်ယောက်က မတ်တတ်ရပ်လိုက်ပြီး ကျွန် တော်တို့ အချင်းချင်း ရယ်စရာပြောကြတာပါ။ ခင်ဗျားတို့ကိုရော၊ သူဌေး ကြီးကိုရော စော်ကားတဲ့သဘော မဟုတ်ပါဘူးလို့ အင်္ဂလိပ်လို ပြောတယ်။ ဒီတော့မှ ပထန်က ကျွန်တော်တို့ အနေနဲ့ကလည်း တိုင်းရင်းသား အစား အစာကို ဘယ်သူ ချက်တယ်ဆိုတာ သိစေချင်လို့ပါ။ ခင်ဗျားတို့ အချင်း ချင်း ပြောတာကို ချောင်းနားထောင်နေတာ မဟုတ်ပါဘူးလို့ အင်္ဂလိပ်လို ပြောလိုက်တယ်။ ဒီတော့မှ တရုတ် ဧည့်သည်တွေလည်း ပြုံးနိုင်ကြတယ်။ လက်ခုပ်တီးကြတယ်။ အဲဒီအထိ ဘာဖြစ်မှန်း ဘယ်သူမှ မသိကြသေးဘူး။

mgyoe.com

mgyoe.com SAMPLE BOOK

နောက်တော့ မီးဖိုခန်းထဲရောက်ခါမှ ပထန်က ပြန်ပြောပြတယ်။ ဂူးစတပ်(ဖ)ရယ်၊ မန်နေဂျာချုပ်ရယ်နဲ့ တရုတ် ဧည့်သည် ခေါင်းဆောင်နဲ့ အင်္ဂလိပ်လို စကားပြောနေကြတုန်း အဲဒီထဲက တရုတ် နှစ်ယောက်၊ သုံးယောက်က သူနဲ့ ဂူးစတပ်(ဖ)တို့ကို ကြည့်ပြီး ဒီအဖြူကောင်တွေက ချက်လို့ကဖြင့် ဒီက တိုင်းရင်းသား အစားအစာဆိုတာ ဘယ်လိုလုပ် ကောင်းမှာလဲလို့ အချင်းချင်း တရုတ်လို ပြောနေသတဲ့။ တစ်ယောက်ကတော့ ထောက်ခံတဲ့အနေနဲ့ အဘိုးကြီးက ပြောတော့ ငါ့ဟိုတယ်က တိုင်းရင်းသား အစားအစာက ဒီက တိုင်းရင်းသားစစ်စစ်က ချက်မှာဆိုတော့ ဒီအဖြူကောင်တွေကို အဘိုးကြီးက တိုင်းရင်းသားလက်မှတ် ထုတ်ပေးထားပုံပဲလို့ ပြောပြီး ရယ်နေကြသတဲ့။ ဒါကြောင့် သူလည်း မိုးမိုးကို လာခေါ်ရတာလို့ ရှင်းပြတယ်။ ဂူးစတပ်(ဖ)ကတော့ သိပ်သဘောကျသွားပြီး ကျေးဇူးပဲလို့ ပြောရင်း လက်ဆွဲနှုတ်ဆက်တယ်။ မင်း တရုတ်လို ပြောတတ်တာ ငါ မသိဘူး။ ဘာစကား တတ်သေးလဲလို့ မေးတော့ ပထန်က ဂူးစတပ်(ဖ) ကို ဂူးစတပ်(ဖ)နဲ့ ဂယ်ထရုတို့ တစ်ခါတလေ ပြောလေ့ရှိတဲ့ သူတို့ ဘာသာစကားမျိုးနဲ့ ပြန်ပြောတယ်။ ဂူးစတပ်(ဖ)နဲ့ အတော်ကြာကြာ တွတ်ထိုးနေကြတာပဲ။ ဘာတွေ ပြောမှန်းတော့ မိုးမိုး မသိဘူး။ နောက်တော့ မိုးမိုးကို ပြောတယ်။ ဒီက ဘာသာစကား သင်ပေးစမ်းပါ။ ဆဲတာကို အရင်ဆုံး သင်ပေးပါတဲ့။ မိုးမိုးကတော့ ရယ်လိုက်ရင်း အေး၊ အေး၊ လို့ပဲ ပြောလိုက်တယ်။

အဲဒီနေ့က ဂယ်ထရုရဲ့ ရက်အားမို့ ဒီအကြောင်းတွေကို မသိလိုက်ဘူး။ အိမ်ရောက်တော့မှ ပြောပြလိုက်ရတယ်။ နောက်နေ့ အလုပ်ဆီ မိုးမိုး ရောက်တော့ ရောက်ရောက်ချင်း တော်မီက လက်ဖက်ရည်ခွက်နဲ့ မိုးမိုးကို စောင့်နေတယ်။ အဲဒီနေ့က ဂူးစတပ်(ဖ)ရဲ့ ရက်အား။ ချက်ပြုတ်ခန်းမှာ တော်မီက လူကြီး။ တော်မီက မျက်နှာရိပ်ပြ ခေါ်တာနဲ့ မိုးမိုးလည်း ချက်ပြုတ်ခန်းထဲ မဝင်သေးဘဲ သစ်ပင်ရိပ်အောက်မှာ တော်မီ ယူလာပေးတဲ့ လက်ဖက်ရည်ကို သောက်ရင်းနဲ့ နှစ်ယောက်သား ထိုင်စကားပြောတယ်။ ဂယ်ထရုတစ်ယောက် ဘာဖြစ်နေသလဲလို့ တော်မီက မေးတယ်။ မသိဘူးလို့ မိုးမိုးက ဖြေတော့ တော်မီက ပြောတယ်။ ဂယ်ထရု

mgyoe.com

mgyoe.com SAMPLE BOOK

ရောက်လာတာနဲ့ ပထန်ကို ဂျာမန်လို ပြောတယ်။ ပထန်က ငါ ဂျာမန်လို မတတ်ဘူးလို့ ပြောတော့ ဂယ်ထရုက ဆဲတယ် ထင်တယ်။ ပထန်ကတော့ တစ်လုံးမျှ သိပုံမရဘူး။ လျှောက်ရင်းသွားရင်း ဂျာမန်လို ဆဲဆဲနေတယ် ထင်လို့ ကျွန်တော်က ပြောလိုက်တယ်။ ဒီအခန်းထဲမှာ ဂူးစတပ်(ဖ) က လူတိုင်း အတတ်နိုင်ဆုံး အင်္ဂလိပ်လို ပြောကြရမယ်လို့ ပြောထားတယ်လို့၊ ဒီတော့ ဂယ်ထရုက နင် ဂူးစတပ်(ဖ) မဟုတ်ဘူးလို့ ပြောတာနဲ့ ငါကတော့ ဂူးစတပ်(ဖ) မဟုတ်ဘူး။ ဒါပေတဲ့ ဒီကနေ့ ငါ့တာဝန်။ နင့်စိတ်ထဲမှာ မကျေနပ်ဖြစ်နေရင် အလုပ်လုပ်မနေနဲ့။ အိမ်ပြန်တော့။ ငါက ပြန်ခွင့်ပေးနိုင်တယ်လို့ ပြောလိုက်တယ်။ ဒီတော့မှ ကျွန်တော့်ကို တောင်းပန်တယ်။ ထပ်လည်း မပြောတော့ဘူး။ ဒီတော့မှ မိုးမိုး လန့်သွားတယ်။ ငါ ပြောလိုက်တာ မှားများ သွားသလားလို့ စိတ်ထဲမှာ ဖြစ်သွားတယ်။ တော်မီက ထပ်မေးတယ်။ တကယ်ရော ပထန်က ဂျာမန်လို တတ်သလား။ သူ့ ကြည့်ရတာကတော့ တစ်လုံးမျှ နားလည်ပုံမပေါ်ဘူးတဲ့။ ဟေ .. လို့ မိုးမိုး ပါးစပ်က ထွက်သွားတော့တယ်။ ပြီးမှ ငါ့ရှေ့မှာတော့ သူတို့ချင်း ပြောနေကြတာပဲ။ ဂျာမန်လို ထင်တာပဲ။ ခုတော့ ဘာ ဘာသာစကားမှန်း အသေအချာ မသိဘူးလို့ ပြောလိုက်တယ်။ ကိစ္စတော့ မရှိပါဘူး။ နောက် တစ်နာရီဆို ပထန် အလုပ်ပြီးပြီ။ မိုးမိုးလည်း ရောက်လာတော့ အဆင်ပြေတယ်လို့ တော်မီက ပြောတယ်။ တကယ်တော့ တော်မီက သတ္တိမရှိတဲ့ ပန်ချာပီလို့ နာမည်ရပေတဲ့ အင်မတန် လူကြီးဆန်တဲ့ကောင်။

အဲဒီညနေဘက် အိမ်ပြန်ရောက်တော့ မိုးမိုးက ဂယ်ထရုကို တည့်တည့်ပဲ မေးကြည့်လိုက်တယ်။ နင် ပထန်ကို အကြောင်းမရှိဘဲ ဆဲနေတယ်ဆို လို့။ ဒီတော့ ဂယ်ထရုက ဟုတ်တယ်လို့ ဝန်ခံရင်း ပြုံးတယ်။ ဘာလို့ ဆဲရတာလဲလို့ မိုးမိုးက မေးလိုက်မိပြန်တယ်။ ဂယ်ထရုက မိုးမိုးကို ကြည့်ရင်း မိုးမိုးပဲ ပြောတာမဟုတ်လား။ ဒီကောင် ဂျာမန်လို တတ်တယ်လို့ ပြန်ဖြေတယ်။ မိုးမိုးလည်း အတော် အံ့အားသင့်သွားတယ်။ ဟဲ့ ... ငါက တတ်တယ် ထင်တယ်လို့ ပြောတာပဲ။ နင်တို့လူမျိုးက တခြားလူမျိုးတွေက ဂျာမန်လို တတ်တယ်ဆိုရင် သွားဆဲရတဲ့အကျင့် ရှိသလားလို့ မေးလိုက်မိတယ်။ ဂယ်ထရုက ရယ်ရော။ အဲသလို မဟုတ်ပါဘူးလို့

mgyoe.com

mgyoe.com SAMPLE BOOK

အရင်ပြောတယ်။ ဒီလိုလို့ အစချီရင်း မိုးမိုးကို ရှင်းပြတယ်။ မနက်က ချက်ပြုတ်ခန်းမှာ ပထန်ကိုတွေ့တော့ ငါက ကောင်းကောင်းမွန်မွန် မေးတယ်။ နင် ဂျာမန်လို တတ်သလားလို့။ မတတ်ဘူးလို့ သူက ဖြေတယ်။ ဒီတော့ မိုးမိုးက ပြောတယ်။ နင်နဲ့ ဂူးစတပ်(ဖ)နဲ့ ဂျာမန်လို ပြောနေတယ်လို့။ သူက ပြန်ပြောတယ်။ မိုးမိုး နားကြားမှားလို့ ထင်တယ်တဲ့။ ဂျာမန်လို *အော့(ဖ)ဗီဒါဇိန်း* တစ်လုံးတော့ ငါ တတ်တယ်တဲ့။ ဒီတော့ ဒီကောင် ဂျာမန်လို တတ်၊ မတတ် သိရအောင်လို့ ဂျာမန်လို ရစရာမရှိအောင် ဆဲကြည့်တာလို့ ဂယ်ထရုက ပြောတယ်။ မိုးမိုးမှာ နားထောင်နေရင်း ငိုရအခက်၊ ရယ်ရ အခက်။ ဒီတော့ .. လို့ မိုးမိုးက စကားထောက်ပေးလိုက်တယ်။ ဒီတော့ ငါ ဘယ်လောက်ဆဲဆဲ သူက မသိသလို၊ မကြားသလိုပဲ နေလို့ ဒေါသထွက်လာတယ်လို့ ဂယ်ထရုက ပြန်ပြောတယ်။ မတတ်လို့ နေမှာပေါ့လို့ မိုးမိုးက ပြောတော့ မဟုတ်ဘူး မိုးမိုး။ ဒီကောင်ဟာ ဓားလွှိုလုပ်စားတဲ့အကောင် ဖြစ်မယ်။ ဓားလွှိုတွေဟာ ဘာသာစကား လေးငါးမျိုး တတ်ပေတဲ့ မတတ်သလို ဆောင်နေတတ်တယ်။ သူတို့ကို ဘယ်လိုဆဲဆဲ၊ မဟုတ်တာ ပြောပြော မသိချင်ယောင်၊ မကြားချင်ယောင် ဆောင်နိုင်တယ်။ အဲသလိုဖြစ်အောင် ကျင့်ထားတာလို့ ဂယ်ထရုက ရှင်းပြတယ်။ မိုးမိုးအတွက်တော့ အတော် အတွေးရကျပ်သွားတယ်။ နောက်တော့မှ သတိရတာနဲ့ မေးကြည့်လိုက်တယ်။ ဟဲ့၊ အဆဲခံနိုင်အောင် ကျင့်ထားလို့ ရသတဲ့လား။ အေး၊ ကောင်းတော့ ကောင်းသား။ နင် ပြောတာ ဟုတ်ပါပြီတဲ့။ အဲသလို လေ့ကျင့်ထားတယ်ဆိုတာ နင်ကကော ဘယ်လိုလုပ် သိသလဲ။ နင်ကရော ဓားလွှိုမို့လား။ ဂယ်ထရု အံ့အားသင့်သွားတယ်။ ပြီးမှ ရယ်ကျဲကျဲနဲ့ ရုပ်ရှင်ထဲမှာ ကြည့်ဖူးတာပဲလို့ မရေမရာနဲ့ ပြန်ဖြေတယ်။ ဒီကောင်ကတော့ သေချာပါတယ်။ စားဖို့မှူးရိုးရိုး မဟုတ်ဘူး။ ဓားလွှိုလုပ်စားတဲ့ ကောင်မျိုးတွေပဲ။ ချက်ပြုတ်ခန်းထဲ ဝင်လာတိုင်း အခန်းတစ်ခုလုံးကို မျက်လုံးနဲ့ လှည့်ပတ်ကြည့်တတ်တာ သူ သတိထားမိတယ်လို့ ထပ်ပြောတယ်။ မိုးမိုးကတော့ အဲဒီလောက်အထိ စဉ်းစားမကြည့်မိဘူး။ ကိုယ့်အပေါ် ကောင်းတဲ့လူတွေအပေါ် ကိုယ်က ကောင်းရမှာပဲလို့ သဘောထားတယ်။ ဂယ်ထရုကတော့ ပထန်ကို သိပ်

mgyoe.com

mgyoe.com SAMPLE BOOK

မကြိုက်လှဘူး။ မိုးမိုး တွေးကြည့်လို့ ရသလောက်ကတော့ သူ့နေရာကို ဝင်လုမယ် ထင်လို့များလားပဲ။ မိုးမိုးကို ပထန်က အမေလို့ ခေါ်တာကို လည်း ဂယ်ထရုက သိပ် ဘဝင်မတွေ့လှဘူး။

ပထန် လာမယ့်အကြောင်း ပြောပြီးတော့ ဂူးစတပ်(ဖ)က လှည့်ထွက်သွားတော့မလို လုပ်တယ်။ ငါ ထင်တယ်။ ပထန်ဟာ ရိုးရိုးစားဖိုမှူး မဟုတ်ဘူးလို့ ဂယ်ထရုက အဆက်အစပ်မရှိဘဲ ပြောလိုက်တယ်။ ဂယ်ထရုက စိတ်ထဲမှာရှိနေရင် ထိန်းမထားတဲ့ လူမျိုး။ ဂူးစတပ်(ဖ)က ဂယ်ထရုကို ကြည့်ပြီး ပြုံးလိုက်ရင်း တချို့လူတွေကတော့ ဓာတ်ပုံရိုက်တဲ့ လူပါလို့ ပြောတာကို ယုံတဲ့လူကလည်း ယုံနေတတ်သေးတာကိုးလို့ ပြောပြီး လှည့်ထွက်သွားရော။ မကြားတကြား လှမ်းဆဲလိုက်ရင်း ဂယ်ထရုက လက်ထဲမှာဆုပ်ထားတဲ့ စက္ကူ လက်သုတ်ပဝါလုံးကလေးနဲ့ ဂူးစတပ်(ဖ)ရဲ့ ကျောကို လှမ်းပြီး ပေါက်လိုက်ပေတဲ့ စက္ကူလုံးကလေးဟာ ဂူးစတပ်(ဖ)ရဲ့ကျောကို မထိဘဲ လေထဲမှာ လွင့်သွားတော့တယ်။

## မပြီးဆုံးနိုင်သေးခြင်းများ သို့မဟုတ် ဂယ်ထရု

ဂယ်ထရုတစ်ယောက် ပြောင်းသွားတော့မယ် ဆိုကတည်းက မိုးမိုး စိတ်ထဲမှာ မကောင်းဖြစ်နေမိတတ်တယ်။ ဂယ်ထရုကလည်း သိနေပုံရတယ်။ သူဟာ မိုးမိုးရဲ့ လစ်ဟာနေမှုအတွက် အစားထိုးခံထားရတာ တစ်ခုပဲလို့ လက်ခံထားတယ်။ ဒါကြောင့်ပဲ သူ ပြောင်းသွားတာထက် မိုးမိုး သူ့ဆီ တစ်လတစ်ကြိမ် လာဖြစ်အောင် တင်ကြို စီစဉ်တယ်။ မိုးမိုးကိုလည်း သူက ခွင့်တောင်းတယ်။ မိုးမိုးအိမ်က သူ့အခန်းမှာ သူ့ပစ္စည်းကလေးတွေ ထားခွင့်ပေးပါလို့။ မိုးမိုးကတော့ လိုလိုလားလားပဲ။ အနည်းဆုံးတော့ ဂယ်ထရုရဲ့ အငွေ့အသက်တွေဟာ သူ့အိမ်မှာ ရှိနေဦးမှာ။ ဂယ်ထရုအတွက် နှုတ်ဆက်ပွဲကလေး လုပ်ပေးရအောင်လို့ ဂူးစတပ်(ဖ)က မိုးမိုးကို တိုးတိုးတိတ်တိတ်ပြောတယ်။ လုပ်လေလို့ မိုးမိုးက ပြောတော့ မိုးမိုး အိမ်မှာ လုပ်ချင်တယ်။ ဂယ်ထရု မသိအောင် သူ မမျှော်လင့်တဲ့ နှုတ်ဆက်ပွဲလုပ်မယ်။ အလကားကောင် တစ်သိုက်ကလည်း မိုးမိုးကို ပြောပေးဖို့ သူ့ကို ပြောတယ်လို့ ပြောတယ်။ မင်း စီစဉ်လေလို့ပဲ မိုးမိုးက

mgyoe.com

mgyoe.com SAMPLE BOOK

ပြောတော့ ဂူးစတပ်(ဖ)က သူ့အစီအစဉ် ပြောပြတယ်။

အင်္ဂါနေ့ကို ဟိုတယ်က မီးဖိုခန်းမှာ ဂယ်ထရူအတွက် နောက်ဆုံးနေ့အဖြစ် သူက စီစဉ်လိုက်မယ်။ များသောအားဖြင့် အင်္ဂါနေ့မှာ အလုပ်ပါးတတ်တယ်။ နေ့ခင်းဘက်မှာ အလုပ်က နှုတ်ဆက်ပွဲကလေး လုပ်မယ်။ ဂယ်ထရူကတော့ ခြောက်နာရီကျမှ အလုပ်ပြီးမယ်။ ပထန်ရယ်၊ သူရယ်က လေးနာရီလောက်ကတည်းက မိုးမိုးအိမ်မှာ လာပြီး ချက်ကြပြုတ်ကြမယ်။ ပထန်နဲ့ ဂယ်ထရူလည်း အဆင်ပြေသွားကြတယ်။ ပြေသွားရတာက ဆယ်ရက်ပြည့်လို့ ပထန် ပြန်ခါနီးမှာ ဂူးစတပ်(ဖ)က နှုတ်ဆက်ပွဲကလေး လုပ်ပေးတယ်။ အမှန်မှာတော့ ဂယ်ထရူနဲ့ ပထန်အကြားမှာ မကျေမလည် ဖြစ်နေတာကလေး ပြေလည်သွားအောင်လို့ ဂူးစတပ်(ဖ)က သက်သက် လုပ်ပေးတာ။ မိုးမိုးကိုလည်း တိုင်ပင်တယ်။ ဂူးစတပ်(ဖ)မှာ သဘောကျဖို့ ကောင်းတဲ့ အချက်တစ်ခုက သူ့လက်အောက်က လူတွေကို သင့်တင့်ကြစေချင်တယ်။ သင့်တင့်အောင်လည်း လုပ်ပေးတတ်တယ်။ အဲဒီနေ့က သစ်ပင်ရိပ်အောက်မှာ ထိုင်ပြီး စားကြသောက်ကြတယ်။ တော်မီနဲ့ လက်ထောက် စားဖိုမှူးတွေလည်း ပါတယ်။ စားရင်းသောက်ရင်းနဲ့ ဂူးစတပ်(ဖ)က ဂယ်ထရူကို ပြောတယ်။ နင့်ကို ပထန်က တောင်းပန်စကား ပြောမလို့။ ဂျာမန်လို ငါ သင်ထားပေးတယ်တဲ့။ ပြီးလည်းပြီးရော ပထန်က ဂယ်ထရူကို စကားတစ်ခွန်း ပြောတယ်။ ဘာစကားရယ်တော့ မိုးမိုး မသိဘူး။ ပြောလည်းပြီးရော အားလုံးက ငြိမ်နေတုန်း ဂူးစတပ်(ဖ)က ရယ်ရင်းဟကောင်၊ ငါ သင်ပေးထားတာက ဂျာမန်လို။ မင်း ပြောတာက ဩစတြီယံလိုလို့ ပြောတယ်။ ဒီတော့ ပထန်က မှားသွားတယ်။ ဂျာမန်လို ပြန်ပြောမယ်လို့ ပြောပြီး ပြောပြန်တယ်။ ဂယ်ထရူက အားရပါးရ ရယ်တယ်။ မျက်ရည်ကို ထွက်ရော။ ဘာပြောတာလဲဟဲ့လို့ မိုးမိုးက မေးတော့ နောက်တစ်ခါ ငါ့ကိုဆဲရင် ဖက်နမ်းပစ်မယ်လို့ ပြောတာလို့ ဂယ်ထရူက ဖြေတယ်။ ပြောရင်း မိုးမိုးကို တံတောင်နဲ့ အသာတို့ပြီး ငါ ပြောတယ် မဟုတ်လား။ ဒီကောင် ဘာသာစကားတွေ အများကြီး တတ်တယ်ဆိုတာလို့ ပြောတယ်။ တတ်တတ်၊ မတတ်တတ် မိုးမိုးကတော့ ဘာသာစကားများများတတ်ရင် ပိုသိရတယ်။ ပိုသိရရင် ပိုခေါင်းရှုပ်ရတယ်လို့ပဲ မြင်တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ဂယ်ထရုအတွက် နှုတ်ဆက်ပွဲကလေး လုပ်မယ့်နေ့ကတော့ ဂူးစတပ်(ဖ)နဲ့ ပထန်က ဟိုတယ်က အလုပ်သင် ကောင်ကလေး နှစ်ယောက်နဲ့အတူ စောစောကတည်းက လာတယ်။ မိုးမိုးရဲ့ အားရက်မို့ ငါလည်း ချက်ပါရစေလို့ ပြောပေတဲ့ သူတို့က ဝင်အချက်မခံဘူး။ ပထန်ကတော့ ပြောတယ်။ ညကျရင် အမေက လူကြီး လုပ်ရမှာ။ အထူးအဆန်းလည်း ကြားရဦးမှာလို့ ပြောတယ်။ ဘာများတုံးလို့ ပြောပေတဲ့ ပထန်တို့ နှစ်ယောက်သားက ဘာမှုမပြောဘူး။ မိုးမိုး စိတ်ထဲမှာတော့ သူ့သားကလေး တက္ကသိုလ် မသွားခင် သူငယ်ချင်းတွေကို ကျွေးမွေးတာကိုပဲ သတိရနေတယ်။ အိမ်မှာ တရုန်းရုန်းနဲ့။ သူ့ယောက်ျား ကိုယ်တိုင်က ကလေးတွေ ပျော်ပါစေရယ်လို့ ဘီယာ နှစ်သေတ္တာ ဝယ်ပေးတယ်။ ဒီနေ့အတွက်တော့ အလုပ်က မန်နေဂျာချုပ်က အရက်တွေ ဘာတွေ လိုသလောက်ယူပါလို့ ပြောပေတဲ့ အလကားကောင်တွေက မယူရဘူး။ သူတို့က မချက်တတ် မပြုတ်တတ်တော့ အရက် စိုက်မယ်လို့ ပြောတယ်။ အရက်တင် မကဘူး။ မိုးမိုး အိမ်က ရေခဲစက်က သေးတယ်ဆိုပြီး ရေခဲစက်ကြီး တစ်လုံးပါ ဝယ်လာပြီး တမြန်နေ့ကတည်းက ပို့ထားလေရဲ့။ သူတို့လည်း ဂယ်ထရုကို ခင်ကြရှာတယ်။ ဂယ်ထရုနဲ့ တရုတ်ကလေးတို့ ကြိုက်နေတာကိုလည်း သူတို့က သဘောကျကြပုံရတယ်။ မိုးမိုးရဲ့ မျက်စိထဲမှာတော့ မောင်နှမ တစ်သိုက်လို့ မြင်လာတတ်တယ်။ သူတို့တစ်တွေကို ကြည့်လိုက်တိုင်း ဘယ်ရောက်နေမှန်းမသိတဲ့ သူ့သားကလေးကို မိုးမိုးက သတိရနေတတ်တယ်။ တစ်ခါတလေ မိုးမိုးကို ပုဏ္ဏားတိုင်လုပ်ပြီး ငြင်းကြခုံကြတယ်။ သူတို့တစ်တွေကလည်း သူတို့မိဘတွေဆီက ထွက်လာကြတဲ့ သူတွေချည်းပဲ။ ကိုယ့်မွေးရပ်ဆိုတာကို သိရုံပဲ သိကြတော့တဲ့သူတွေ။ မွေးတာက တစ်နေရာ၊ ကြီးပြင်းတာက တစ်နေရာ၊ နေတာက တစ်နေရာ။ သေရင်တော့လည်း တစ်နေရာရာမှာ သေကြမှာပဲ။ သူတို့ကတော့ သိပ်ပူပင်နေကြပုံမရဘူး။ မိုးမိုးကတော့ ဒီမှာ မွေးတယ်။ ဒီမှာ ကြီးပြင်းတယ်။ သေတော့လည်း ဒီမှာ သေရမှာပဲ။ တခြားမှာလည်း သွားပြီး မသေချင်ဘူး။ သူ့သားကလေးလည်း တစ်နေရာရာမှာ ကြီးပြင်းပြီး ...။ မိုးမိုး ဆက်မစဉ်းစားရဲတော့ဘူး။ မလိုအပ်တာတွေကို ဆက်ပြီး စဉ်းစားမနေရဘူးလို့

mgyoe.com

mgyoe.com SAMPLE BOOK

အလကားကောင်တွေထဲက တစ်ကောင်က ပြောပြဖူးတယ်။ ဒါကလည်း ဟုတ်သား။

ဂယ်ထရု ရောက်လာတော့ အတော့်ကို အံ့အားသင့်သွားတယ်။ အလကားကောင်တွေက တရုတ်ကလေးကို ပြောပြီး လမ်းကြုံလို့ အိမ်လိုက်ပို့တဲ့သဘောနဲ့ ညာပြီး ခေါ်လာခိုင်းတာ။ ဘယ်သူကမှ ဘာမှ မပြောထားဘူး။ အိမ်ထဲ ဝင်တော့မှ သိသွားတယ်။ အိမ်အပေါ်ထပ်မှာ စားပွဲတွေပြင်ပြီး ဂူးစတပ်(ဖ)ရယ်၊ ပထန်ရယ်နဲ့ အလကားကောင်တွေ အထဲက ကလန်ကလား နှစ်ကောင်ပါ မိုးမိုးနဲ့အတူ စောင့်နေကြတာ။ ဂယ်ထရုရယ်၊ တရုတ်ကလေးရယ်၊ မာရီယိုရယ် တက်လာကြတုန်း မာရီယိုက မိုးမိုးတစ်ယောက် ဘာတွေ ချက်မှန်းတော့ မသိဘူး။ အတော် မွှေးတာလို့ နောက်တောက်တောက် ပြောလိုက်သေးတယ်။ ဂယ်ထရုကို တွေ့တော့မှ အားလုံးက ဆပ်ပရိုက်စ်လို့ အော်လိုက်ကြတယ်။ ဂယ်ထရုက လှေကားရဲ့ အပေါ်ဆုံးထစ်မှာ ရပ်နေရင်း အားလုံးကိုကြည့်ပြီး မိုးမိုးကို လက်ညှိုးထိုးရင်း မိုးမိုးလည်း ဒီအထဲမှာ ပါတယ်။ ကြည့်စမ်း၊ ငါ့ကို ဘာမှုမပြောဘူးလို့ ပြောပြီး ဂူးစတပ်(ဖ)နဲ့ ပထန်ကို လှမ်းကြည့်လိုက်ရင်း နင်တို့ နှစ်ယောက်တော့ ငါ သတ်ချင်တယ်လို့ ပြောတယ်။ အဲဒီတုန်း ဂယ်ထရုရဲ့ နောက်နားဆီက မာရီယိုက အဲဒီမှာ ရပ်မနေနဲ့။ သတ်ချင် တာရှိလည်း သွားသတ်။ ငါတော့ ဗိုက်ထဲက ဆာပြီလို့ လှမ်းအော်တာ နဲ့ ဂယ်ထရုက လှေကားထိပ်ကနေ မိုးမိုးတို့ ရပ်နေတဲ့နေရာဆီ လျှောက် လာတယ်။ ဂူးစတပ်(ဖ)ကတော့ မိုးမိုး သမီးကတော့ ပထန်နဲ့ ငါ့ကို သတ် ချင်နေပုံရတယ်လို့ ပြောပြီး ရယ်တယ်။ ဂူးစတပ်(ဖ)က ရယ်စရာပြောတာ ပဲလို့ မိုးမိုး ထင်တယ်။ သူ့တပည့်အကြောင်း သူ အသိဆုံး။ ဒါပေတဲ့ မိုးမိုး စိတ်ထဲမှာ မသိမသာ လှုပ်ရှားမှုတစ်ခု ဖြစ်လာမိတယ်။ ဘာကြောင့် မှန်းတော့ မသိဘူး။ ခုတလော ဂူးစတပ်(ဖ)က ဂယ်ထရုကို မိုးမိုး သမီးလို့ ညွှန်းလေ့ရှိတယ်။ ဟိုတစ်နေ့ဆီကလည်း ဂယ်ထရုပ်နဲ့ သူ့ကို အင်တာ ကွန်တင်နယ်တလ်က အကူရောက်လာတဲ့ စားဖိုမှူးနဲ့ မိတ်ဆက်ပေးတော့ မိုးမိုးတို့ သားအမိ ဆီရမ်ရီရပ်ကို သွားလုပ်ကြမှာလို့ ညွှန်းတယ်။ နေ့ ခင်းဆီကတောင် ဂူးစတပ်(ဖ)နဲ့ ပထန်တို့ ရောက်လာစက ပထန်က

mgyoe.com

mgyoe.com
SAMPLE BOOK

မေးသေးတယ်။ အမေကြီး သမီး ဘယ်အချိန် ရောက်မလဲတဲ့။ မိုးမိုး စိတ်ထဲမှာတော့ ဂယ်ထရကို သူ့သမီးလို့ ညွှန်းလိုက်တိုင်း တစ်မျိုးဖြစ်သွား တတ်တယ်။ ကျေနပ်တာလား၊ မကျေနပ်တာလားတော့ အသေအချာ မသိဘူး။ စိတ်လှုပ်ရှားမိတာတော့ အမှန်ပဲ။

ဂယ်ထရက မိုးမိုးကို အတော်ကြာအောင် ဖက်ထားတယ်။ သူလည်း စိတ်လှုပ်ရှားသွားပုံရတယ်။ ဂယ်ထရက ကြိတ်ပြီး ရှိုက်လိုက်သံ တစ်ချက်ကို ကြားလိုက်ရတော့ မိုးမိုးလည်း မျက်ရည်ဝဲသွားမိတော့တယ်။ နောက်တော့မှ မိုးမိုးရဲ့ပါးကို တစ်ချက် နမ်းလိုက်ရင်း နောက်ကို မိုးမိုး သိတာ ငါ သိချင်တယ်။ ငါ သိတာလည်း မိုးမိုးကို အသိပေးမယ်လို့ သူ့မျက်နှာကို ပြုံးစိစိနဲ့ကြည့်ရင်း ပြောတယ်။ သူ့မျက်နှာကို ကြည့်နေရင်း မိုးမိုးရဲ့ မျက်လုံးထဲမှာ ဝဲနေတဲ့ မျက်ရည်တစ်စက်က လိမ့်ထွက်လာလို့ ဂယ်ထရကပဲ သူ့လက်မကလေးနဲ့ အသာတို့ပြီး သိမ်းလိုက်တယ်။ မိုးမိုးက နင်နဲ့ တစ်လမှ တစ်ကြိမ်လောက် တွေ့ရတော့မှာကို ဝမ်းသာလို့ မျက်ရည်ကျတာလို့ ဂူးစတပ်(ဖ)က နောက်ပြီး ပြောရင်း သူတို့အနားဆီ ရောက်လာတယ်။ သူတို့နှစ်ယောက်စလုံးကို အသာဖက်ထားလိုက်ရင်း ငါကတော့ သတိရနေမှာပါလို့ ပြောရင်း သူ့တပည့် ပါးကလေးကို အသာ နမ်းတယ်။ အဲဒီတုန်းမှာပဲ ငါ့လည်း သတိတော့ရကြပါဟာလို့ ပထန်က လှမ်းပြောလိုက်လို့ အားလုံး ရယ်ကြတယ်။ ပြီးတော့ ပထန်က ဂူးစတပ်(ဖ)တို့ ပြောတဲ့ ဘာသာစကားမျိုးနဲ့ အရှည်ကြီး ဂယ်ထရကို ပြောတယ်။ ဂယ်ထရရယ်၊ ဂူးစတပ်(ဖ)ရယ်၊ ပထန်ရယ်ပဲ နားလည်ကြတယ်။ အလကားကောင်တွေထဲက ကလန်ကလား နှစ်ကောင်က ပြုံးနေတာ မိုးမိုး သတိထားလိုက်မိတယ်။ သင်းတို့လည်း နားလည်ပုံရတယ်။ ချက်ချင်း လိုပဲ ဂယ်ထရ ပြောဖူးတဲ့ နားမလည်ချင်ယောင် ဆောင်နေကြတာ ဆို တာကို သတိရလိုက်မိတယ်။ သိနေတာကို မသိချင်ယောင်ဆောင်နေရတာ က မသိတာကို မသိသလို နေရတာလောက်တော့ လွယ်မယ် မထင်ဘူး။ သိနေတာ၊ ကြားနေတာတွေကို လုံးလုံးကြီး မသိသလို၊ မကြားသလို လုပ်နေတာကို လေ့ကျင့်ထားလို့ ရတယ်လို့ ဂယ်ထရ ပြောဖူးတာ သတိ ရလိုက်မိပြန်တယ်။ မိုးမိုးကတော့ မသိတာကိုဘဲ မသိချင်ယောင် ဆောင်

mgyoe.com

mgyoe.com SAMPLE BOOK

နေလိုက်မိတယ်။ စိတ်ထဲမှာတော့ သိတာကို မသိချင်ယောင် ဆောင်ရတယ် ဆိုတာ အတော်တော့ မလွယ်တဲ့ အလုပ်ပဲ။ ငါဆိုရင် လုပ်နိုင်ပါလားလို့ သူ့ဘာသာ မေးနေမိတယ်။ သားကလေးရဲ့ ရှိနေခဲ့ခြင်းကို သိနေတာ၊ ဘယ်လိုလုပ် မသိချင်ယောင်ဆောင်မလဲ။ ခုဆို သားကလေး ဘယ်မှာ ရှိနေမှန်း မသိတာကို သူ သိနေတာပဲ။ ဒါကိုလည်း ဘယ်လိုလုပ် မသိ ချင်ယောင် ဆောင်ရမှာလဲ။ ချက်ပြုတ် လုပ်ကိုင်နေရင်း ငါ့ဘဝကို ငါ ကျေနပ်နေသားပဲ။ တော်ရောပေါ့လို့ ဆက်တွေးမိတယ်။ ရယ်နေရင်း ဂယ်ထရုက သူ့လက်ကို ဆွဲလိုက်ပြီး မိုးမိုး၊ ငါ ပြောတယ် မဟုတ်လား။ ဒီကောင် ဘာသာစကား အမျိုးမျိုး တတ်တယ်လို့ အသာ ကပ်ပြောရင်း အလကားကောင်တွေဆီ မသိမသာ မေးထိုးပြီး ဟိုအကောင်တွေလည်း ဒီလိုပဲလို့ ပြောပြန်တယ်။ မိုးမိုးကတော့ ထုံးစံအတိုင်းပဲ အေးအေး လို့ ပဲ ပြောပြီး တုံ့ပြန်လိုက်တယ်။ နောက်တော့ အားလုံးက ဂယ်ထရုနဲ့ တစ် လှည့်စီ နှုတ်ဆက်ရင်း စကားပြောနေကြတယ်။ အဲဒီတုန်းမှာပဲ ချွန် တစ် ယောက် လှေကားကနေ အပေါ်ကို ပြေးတက်လာရင်း လမ်းမှာ မော်တော် ဆိုင်ကယ် စက်ရပ်သွားလို့ လို့ ပြောပြီး အရက်ပုလင်းတွေ တင်ထားတဲ့ စားပွဲဆီ သွားတယ်။ အဲဒီနားမှာ ရပ်နေတဲ့ စားပွဲထိုး ကောင်ကလေးတွေကို ရှန်ပိန်ပုလင်း နှစ်လုံး ဖောက်ပြီး ရှန်ပိန်ခွက်တွေထဲ ထည့်ခိုင်းလိုက်တယ်။

ဖမကောင်က ရှန်ပိန်ဖန်ခွက်နှစ်ခွက် ယူလာပြီး တစ်ခွက်ကို သူ့ ကို ပေးတယ်။ အဖြူကောင်ကလည်း ဖန်ခွက်တစ်ခွက်ကိုင်ပြီး အနားကို ရောက်လာတယ်။ မိုးမိုး သမီးအတွက် မိုးမိုး သောက်ရလိမ့်မယ်လို့ ဖမ ကောင်က မိုးမိုးတို့ပြောတဲ့ ဘာသာစကားကို မြောက်ပိုင်းသားတွေ ပြော တဲ့ လေအတိုင်း ပြောရင်း ခွက်ကို ပေးတယ်။ အဖြူကောင်က ခုတော့ မမူးစေနဲ့ဦး။ မိုးမိုး လုပ်ပေးစရာတွေ ရှိသေးတယ်လို့ မိုးမိုးတို့ ဘာသာ စကားနဲ့ ခပ်တိုးတိုး ပြောပြန်တယ်။ ခုခါမှ မိုးမိုး ရင်တုန်သွားတာ။ ဘုရားရေ၊ သင်းတို့ရှေ့မှာများ ငါ နောက်ပြောင် ပြောမိခဲ့တာတွေ ရှိခဲ့ရင် သင်းတို့ အကုန်သိမှာပဲ။ ဟိုကောင်မ ပြောစကားကို ငါ သတိထားဖို့ ကောင်းတာလို့ စိတ်ထဲမှာ ဝရုန်းသုန်းကားနဲ့ ပေါ်လာတယ်။ ရှန်ပိန်ခွက် လက်ထဲရောက်ပြီး အတော်ကြာခါမှ ကျေးဇူးတင်ပါတယ်လို့ သူတို့

mgyoe.com

mgyoe.com SAMPLE BOOK

နှစ်ယောက်ကို ပြန်ပြောလိုက်မိတယ်။ သင်းတို့နှစ်ကောင်က ဘာမှ ပြန်မပြောဘဲ ပြုံးနေတယ်။ အဖြူကောင်ကတော့ ငါတို့ နှစ်ယောက်စလုံးက နားလေးတယ် မိုးမိုးရယ်လို့ နောက်သေးတယ်။ ဒီတော့မှ မိုးမိုး အနေရကျပ်သွားတယ်။ အဲဒီတုန်းမှာပဲ ဂူးစတပ်(ဖ)က ခက်ရင်းကလေးတစ်ခုကို ကောက်လိုက်ပြီး သူ့လက်ထဲက ရှန်ပိန်ခွက်ကို ခပ်သာသာကလေး ခေါက်လိုက်တယ်။ စကားပြောတာတွေ ငြိမ်သွားပြီး အားလုံးက သူ့ကို လှမ်းကြည့်နေကြတယ်။ ငါ့မှာ ကြီးကြီးကျယ်ကျယ် ပြောစရာ မရှိပါဘူး။ ဂယ်ထရ ပြောင်းသွားမယ့်အတွက် နှုတ်ဆက်ပွဲလုပ်တာပါ။ ဂယ်ထရ မသိအောင် လုပ်ရတဲ့အတွက်တော့ ငါ့ကို ခွင့်လွှတ်ပါလို့ ပြောရင်း ဂယ်ထရကို လှမ်းကြည့်လိုက်တယ်။ ဂယ်ထရက ပြုံးပြီး ခေါင်းခါပြတယ်။ နင် မကျေနပ်လည်း ငါတော့ မတတ်နိုင်ဘူး။ နင် မသိအောင် ငါ စီစဉ်တဲ့ အပိုင်းကတော့ ဒီလောက်ပါပဲလို့ ပြောပြီး သူ့ရှန်ပိန်ခွက်ကို မြှောက်လိုက်တယ်။ အားလုံးကလည်း သူတို့ ရှန်ပိန်ခွက်ကို မြှောက်လိုက်ကြတုန်း ဂယ်ထရအတွက်လို့ ဂူးစတပ်(ဖ)က ပြောလိုက်ရင်း တစ်ငုံစီ ငုံလိုက်ကြတယ်။ မိုးမိုးလည်း သူများလုပ်သလို လုပ်လိုက်ရတယ်။ ဒါပေမဲ့ ဂယ်ထရ မသိအောင် စီစဉ်ထားတာ ဘာတွေ ကျန်သေးသလဲဆိုတာ သိချင်စိတ် ဖြစ်မိသွားတယ်။ သူ့ဘေးမှာရပ်နေတဲ့ ကလန်ကလားကောင် နှစ်ကောင်ကို မေးမလို့ပဲ။ ဘာ ဘာသာစကားနဲ့ ပြောရမယ် ဆိုတာကိုတောင် မိုးမိုးခမျာ မစဉ်းစားရဲတော့ဘူး။ မသိမသာ သူတို့ကို ကြည့်လိုက်တော့ ဂူးစတပ်(ဖ) ရယ်၊ ချွန်ရယ်၊ အဲဒီနှစ်ကောင်ရယ် မျက်နှာရိပ် မျက်နှာကဲနဲ့ တစ်ခုခု ပြောနေကြပုံပဲ။ နောက်တော့ သုံးယောက်ထိုင် ဆိုဖာခုံကြီးကို မိုးမိုး ယောက်ျားဓာတ်ပုံ ချိတ်ထားတဲ့ နံရံဘက်ဆီ ချွန်နဲ့ စားပွဲထိုး လာလုပ်ပေးတဲ့ ကောင်ကလေးနှစ်ယောက်က မပြီး ကပ်လိုက်တယ်။ စကားပြောသံတွေ ရပ်သွားပြီး အားလုံးက ချွန်တို့ လူသိုက် လုပ်တာကို ကြည့်နေကြတယ်။

အဲဒီတုန်း သူ့နားမှာ ရပ်နေတဲ့ ဖမကောင်က မိုးမိုးလက်မောင်းကို အသာကိုင်ရင်း မိုးမိုး ဒီမှာလာထိုင်ပါလို့ ပြောပြီး ဆိုဖာရှိရာကို ခေါ်လာတယ်။ မိုးမိုးကို ဆိုဖာအလယ်မှာ ထိုင်ခိုင်းတယ်။ ကလန်ကလား အဖြူ

mgyoe.com

mgyoe.com SAMPLE BOOK

ကောင်က ဂယ်ထရုကို သွားခေါ်လာတယ်။ ဂယ်ထရုက အူကြောင်ကြောင် ဖြစ်သွားတယ်။ ဘာလို့လဲလို့တော့ တစ်ချက် မေးလိုက်သေးတယ်။ အဖြူကောင်က သူ့ပါးစပ်ရှေ့မှာ လက်ညှိုးထောင်ပြပြီး တိတ်တိတ်နေဆိုတဲ့ သဘောမျိုး လုပ်ပြလိုက်လို့ ဂယ်ထရုလည်း ဘာမှမမေးတော့ဘူး။ မိုးမိုး ဘေးနားမှာ ထိုင်ခိုင်းတယ်။ မိုးမိုးနဲ့ ဂယ်ထရုလည်း တစ်ယောက်ကို တစ်ယောက် အပြန်အလှန် ကြည့်မိကြတာက လွဲလို့ ဘာလုပ်နေမှန်းကို မသိဘူး။ ဒီကိစ္စ ငါ ဘာမှမသိဘူးလို့ မိုးမိုးက ဂယ်ထရုကို လှမ်းပြောလိုက်တယ်။ မိုးမိုးအနေနဲ့ တကယ်ကို မသိတာ။ ကျန်တဲ့လူတွေ အားလုံးကတော့ ဝိုင်းပြီး ကြည့်နေကြတယ်။ မိုးမိုးတို့ ထိုင်နေတဲ့ ဆိုဖာနားမှာ ရပ်နေတဲ့ ဖမကောင်က ပထန်ကို အသာမေးငေါ့ပြလိုက်တာ တွေ့လိုက်ရလို့ မိုးမိုး ဘာကို တွေးကြည့်ရမှန်း မသိဘူး။ ပထန်က မာရီယိုနားဆီမှာ ရပ်နေတဲ့ တရုတ်ကလေးဆီ လျှောက်သွားတယ်။ လျှောက်သွားတုန်း မိုးမိုးရဲ့ အိမ်ထောင့်တစ်နေရာမှာ သူ့ယောက်ျားရှိစဉ်က ထောင်ထားတဲ့ ဝါးရင်းတုတ်ကို တွေ့သွားပုံရတယ်။ ဝါးရင်းတုတ်ကို ကောက်ကိုင်လိုက်ရင်း တရုတ်ကလေးဆီ သွားတယ်။ တုတ်ကို ပြပြီး တရုတ်ကလေးရဲ့လက်ကို ဆွဲလိုက်တယ်။ ကျောင်းသားဆိုးတစ်ယောက်ကို ဆရာက ကြိမ်လုံးပြပြီး ဆွဲခေါ်လာသလိုမျိုး။ ဂူးစတပ်(ဖ)နဲ့ အရယ်သန်တဲ့ မာရီယိုကတော့ သူတို့ကို ကြည့်ပြီး တခွီးခွီးနဲ့ရယ်။ မိုးမိုး စိတ်ထဲမှာတော့ ပြဇာတ် တစ်ခုကို ကြည့်နေရသလိုပဲ။ နေ့စဉ်ဘဝ ဆိုတာကလည်း လောကကြီးထဲက ဇာတ်တိုက်မထားတဲ့ ပြဇာတ်တစ်မျိုးပဲ မဟုတ်လား။ ဂယ်ထရုက မိုးမိုး လက်ကို လှမ်းကိုင်လိုက်တယ်။ ဘာလုပ်နေကြမှန်း မသိပေတဲ့ တရုတ်ကလေးအတွက် စိတ်ပူသွားလေသလားပဲ။ ပထန်က တရုတ်ကလေးကို မိုးမိုးတို့ နှစ်ယောက်ရှေ့က ကြမ်းပြင်ပေါ်မှာ ထိုင်ခိုင်းတယ်။ ဝါးရင်းတုတ်နဲ့ ရိုက်မယ့်ဟန် လုပ်ပြီး ဒူးထောက်ခိုင်းတယ်။ ဂယ်ထရုက ဖင်တကြွကြွ ဖြစ်လို့။ မိုးမိုးက အသာကလေး သူ့လက်ကို ပြန်ဆွဲထားလိုက်တယ်။ ဒီကောင်တွေ တစ်ခုခုတော့ လုပ်မယ်လို့ပဲ ဆိုတာတော့ သိလိုက်တယ်။ ဘာမှန်းတော့ မသိဘူး။ နောက်တော့ ပထန်က ဝါးရင်းတုတ်နဲ့ ရွယ်ထားတော့ တရုတ်ကလေးက ကောင်းပြီ၊ ကောင်းပြီလို့ ပြောရင်း သူ့ဘောင်းဘီ

mgyoe.com

mgyoe.com SAMPLE BOOK

အိတ်ထဲ နှိုက်တယ်။ ဒီတော့မှ ပထန်က တရုတ်ကလေးကို မျက်စိ တစ်ဖက် မှိတ်ပြလိုက်ပြီး ကျန်တဲ့လူတွေ ရပ်နေတဲ့ဆီ ထွက်သွားလို့။ ပထန်ကို ဝိုင်းပြီး လက်ခုပ်တီးကြတော့တယ်။

မိုးမိုးနဲ့ ဂယ်ထရုကတော့ ဘာလုပ်နေကြတယ်ဆိုတာကို မရိပ်မိကြဘူး။ မိုးမိုးရဲ့လက်ကို လက်နှစ်ဖက်နဲ့ ကိုင်ထားတဲ့ ဂယ်ထရုရဲ့လက်က ခပ်ပြင်းပြင်းကလေး ညှစ်လိုက်တာကိုတော့ မိုးမိုး သတိထားလိုက်မိတယ်။ ဂယ်ထရု စိတ်ဝင်တစားဖြစ်နေတာကို ရိပ်မိလို့ မိုးမိုးက ဂယ်ထရုကို မသိမသာ သတိထားကြည့်လိုက်တယ်။ ဂယ်ထရုကတော့ သတိထားမိပုံ မပေါ်ဘူး။ တရုတ်ကလေးက ဒူးထောက်ထားရင်း သူ့ဘောင်းဘီအိတ်ထဲကို နှိုက်လိုက်ပြီး ဘူးကလေးတစ်ခုကို ထုတ်လိုက်တယ်။ ဘူးကလေး အဖုံးကို ဖွင့်လိုက်တော့ စိန်လက်စွပ်ကလေးတစ်ကွင်း။ စိန်လို့ မိုးမိုးကတော့ ထင်တာပဲ။ ဂယ်ထရုရှေ့မှာ ဘူးကလေးကို ကိုင်ထားရင်း ငါ့ကို လက်ထပ်ပါ ဂယ်ထရုလို့ ပြောတယ်။ အားလုံး ငြိမ်နေရာက လက်ခုပ် ဝိုင်းတီးကြပေတဲ့ ဂယ်ထရုကတော့ ဘာပြန်ပြောရမှန်း မသိ ဖြစ်သွားပုံရတယ်။ မိုးမိုးရဲ့လက်ကို ပိုပြီး ညှစ်လိုက်တယ်။ ဘာမျှတော့ မပြောဘူး။ မိုးမိုးကို လှည့်ကြည့်လိုက်၊ တရုတ်ကလေးကို ကြည့်လိုက်နဲ့။ တရုတ်ကလေးကလည်း နှစ်ယောက်စလုံးကို တစ်လှည့်စီ ကြည့်နေရှာတယ်။ နောက်တော့ ဂယ်ထရုက မျက်ရည်ဝဲတဲတဲနဲ့ မိုးမိုးကိုကြည့်ရင်း ငါ ဘာလုပ်ရမလဲ မိုးမိုးလို့ မေးတယ်။ ဟဲ့၊ နင့်ကို လက်ထပ်ပါလို့ ပြောတာ။ ငါ့ကို ပြောတာ မဟုတ်ဘူးလို့ မိုးမိုးက ပြန်ပြောလိုက်တာကို ဝိုင်းရယ်နေကြတုန်း၊ မိုးမိုးအတွက် ငါ့အဖေ အသက်ရှစ်ဆယ်ကျော် မုဆိုးဖိုကြီး ရှိတယ်လို့ မာရီယိုက လှမ်းအော်ရင်း နောက်လိုက်တယ်။ ဂယ်ထရုက မိုးမိုး ပခုံးပေါ်မှာ သူ့မျက်နှာကို မှောက်ထားရင်း မျက်ရည်ကျနေတာ မိုးမိုး သတိထားလိုက်မိလို့ သူ့ပခုံးကို အသာပုတ်ပေးနေရင်း တရုတ်ကလေးကို လှမ်းကြည့်လိုက်မိတယ်။ ကောင်ကလေးခမျာ ဘာလုပ်ရမှန်း မသိဘူး။ ဘယ်လိုအဓိပ္ပာယ်နဲ့မှန်းတော့ သူကိုယ်တိုင် မသိလိုက်ပေတဲ့ မိုးမိုးက တရုတ်ကလေးကို အသာခေါင်းညိတ်ပြလိုက်မိတယ်။ အတော်ကလေးကြာအောင် တစ်ခန်းလုံး ငြိမ်နေကြတယ်။ အဲဒီတုန်းမှာပဲ မာရီယိုက မိုးမိုး

mgyoe.com

mgyoe.com SAMPLE BOOK

နဲ့ ဂယ်ထရုတို့ ထိုင်နေတဲ့ ဆိုဖာနားလာပြီး နင် စဉ်းစားတာ ကြာဦးမယ် ဆိုရင် ငါတို့ စားပါရစေတော့။ လျှူးရော၊ ငါရော နေ့ခင်းကတည်းက ဘာမှ မစားရသေးဘူး။ လျှူးခမျာ နင့်ကို လက်ထပ်ခွင့်တောင်းဖို့ စိတ်စောနေတာနဲ့ မစားနိုင်၊ မသောက်နိုင် ဖြစ်နေတာ ကြာပေါ့လို့ ပြောတယ်။ ဒီတော့ ဂယ်ထရုက ခေါင်းထောင်ပြီး ခွေးကောင်၊ အစ်တာလျံလို့ ပြောရင်း ပြုံးလိုက်ပြီး တရုတ်ကလေးကို အတော်ကြာအောင် ကြည့်နေတယ်။ သူ့မျက်ရည်တွေကို အသာသုတ်လိုက်ရင်း ဖြည်းဖြည်းချင်း ခေါင်းညိတ်ပြလိုက်လို့ ဝိုင်းပြီး လက်ခုပ်တီးကြတယ်။ ဒါပေတဲ့ မာရီယိုက လက်ကာပြလိုက်ရင်း လက်ခုပ်တီးနေကြတာ ရပ်ခိုင်းတယ်။ လက်ခုပ်သံတွေ ရပ်သွားတော့ ဂယ်ထရုကို ကြည့်ရင်း နင် ဘာပြောလိုက်တယ်၊ ငါ မကြားလိုက်ရလို့ ပြန်ပြောစမ်းပါလို့ ပြောလိုက်တော့ ဂယ်ထရုက တရုတ်ကလေးကို ကြည့်ရင်း ပြုံးနေရာက ရက်စ်လို့ အသံခပ်တိုးတိုးနဲ့ ပြောလိုက်တယ်။ မာရီယိုကတော့ ကျေနပ်ပုံ မပေါ်ဘူး။ ဂယ်ထရုကို ကြည့်ရင်း ရက်စ် ဘာလဲ ..။ စားစရာရှိတာ သွားစားကြလို့ ငါ့ကို ပြောတာလားလို့ ထပ်ပြီး မေးတယ်။ မိုးမိုးကတော့ ရယ်လိုက်မိတယ်။ မာရီယိုသာ သူ့သားကလေး ဆိုရင်ဖြင့် အတော် အထိန်းရခက်မယ်လို့ မဆီမဆိုင် တွေးလိုက်မိသေးတယ်။ ဂယ်ထရုက မိုးမိုးကို တစ်ချက် လှည့်ကြည့်လိုက်ပြီးမှ တရုတ်ကလေးကို ကြည့်ပြီး ရက်စ်၊ ငါ နင့် ကို လက်ထပ်ပါ့မယ်လို့ ပြောလိုက်တော့တယ်။

ဘယ်လိုမှ စိတ်ကူးမထားဘဲနဲ့ မိုးမိုးက ဂယ်ထရုရဲ့ လက်တစ်ဖက်ကို အသာဆွဲလိုက်ပြီး တရုတ်ကလေးရှေ့နားဆီ တိုးပေးလိုက်တယ်။ ဂယ်ထရုက မိုးမိုးကို ကြည့်လိုက်တယ်။ တရုတ်ကလေးက ဂယ်ထရုရဲ့ လက်သူကြွယ်ထဲကို လက်စွပ် ဝတ်ပေးလိုက်တယ်။ မိုးမိုး မျက်စိထဲမှာတော့ တရုတ်ကလေးဟာ သူ့သားကလေးများလား ..။ ဂယ်ထရုဟာ သူ့သားကလေးလား ရယ်လို့ မသဲကွဲဘူး။ ရပ်နေတဲ့ အလကားကောင်တွေနဲ့ ချွန်တို့ လူသိုက်ကိုလည်း ကြည့်လိုက်မိတယ်။ အဲဒီမှာများ သူ့သားကလေး ရပ်နေသလားလို့။ ဂယ်ထရုက မိုးမိုးနဲ့ အတူထိုင်နေရာက ကောင်ကလေးရှေ့မှာ ဒူးထောက်လိုက်ပြီး သူတို့နှစ်ယောက်သား အတော်

mgyoe.com

mgyoe.com
SAMPLE BOOK

ကြာအောင် ဖက်ထားကြတယ်။ ခပ်တိုးတိုးကလေး ပြောနေကြတယ်။ သူတို့ကို ကြည့်နေရင်း မျက်ရည်တစ်စက် မိုးမိုးရဲ့ မျက်လုံးထဲက လိမ့်ထွက်သွားတယ်။ အဲဒီတုန်းမှာပဲ အားလုံးက သူတို့နှစ်ယောက်အနား ဝိုင်းလာကြတုန်း ဖမကောင်က ပြောတယ်။ ငါတို့ အရှေ့တိုင်းမှာ ယဉ်ကျေးမှုတစ်ခု ရှိတယ်။ ခုလိုအခါမျိုးမှာ နင်တို့နှစ်ယောက် မိုးမိုးကို ကန်တော့ကြဖို့ ကောင်းတယ်။ ကန်တော့တာဟာ ဘာသာရေး မဟုတ်ဘူး။ ယဉ်ကျေးမှုပဲ။ အသိအမှတ်ပြုခြင်း တစ်မျိုးပဲလို့ ပြောတော့ ဂယ်ထရုတို့နှစ်ယောက်သား မိုးမိုးကို ကန်တော့ဖို့ပြင်တယ်။ ဒါပေတဲ့ တရုတ်ကလေးက ဘယ်လို လုပ်ရမှန်း မသိဘူး။ ဂယ်ထရု၊ ဘယ်လိုလုပ်ရမယ်ဆိုတာ နင်က သင်ပေးရလိမ့်မယ်။ ဒီတရုတ်က ခပ်ညံ့ညံ့ တရုတ်။ ခေါက်ဆွဲမစားတတ်တဲ့ တရုတ်။ တူ မကိုင်တတ်တဲ့ တရုတ်။ တရုတ်တွေ မစားတဲ့ ဘလူးချိ(စ) စားပြီး ကြီးလာတာလို့ မာရီယိုက လှမ်းပြောတယ်။ ဂယ်ထရုလည်း တစ်ခုခုကို သတိရသွားပုံရတယ်။ မာရီယိုကို လှည့်ကြည့်ပြီး လက်မ ထောင်ပြလိုက်တယ်။ သူတို့နှစ်ယောက်က ကန်တော့တော့ ဘာမျှ ပြင်ဆင်ထားတာ မရှိလို့ မိုးမိုးလည်း ပါးစပ်ထဲက ရသမျှ၊ မှတ်မိသမျှနဲ့ ဆုပေးလိုက်ရတော့တယ်။ မိုးမိုးလည်း ထိုင်နေရာက ထမယ်လုပ်တော့ ဖမကောင်က မိုးမိုး ထိုင်ပါဦးလို့ လှမ်းပြောတယ်။ အဲဒီတုန်းမှာပဲ ပထန်က ခုလိုအခါမျိုးဟာ အင်မတန် မင်္ဂလာရှိလှတဲ့ အချိန်ပါ။ အမေကြီးရဲ့ ကျေးဇူးတွေဟာ ဒီအခန်းထဲက လူတိုင်းမှာ ကျေးဇူးရှိပါတယ်။ ကျွန်တော်တို့လည်း အချိန်အခါကို အခွင့်အရေးယူပြီး အမေကြီးကို ကန်တော့ကြရအောင်လို့ ပြောပြီး အားလုံး ထိုင်ကန်တော့ကြတယ်။ ဂူးစတပ်(ဖ)ကြီးပါ ငုတ်တုတ်ထိုင်လိုက်တော့ ဟဲ့ဟဲ့၊ လို့ မိုးမိုးက တားမလို့ လုပ်လိုက်မိသေးတယ်။ ကလန်ကလား အဖြူကောင်က အရိုအသေပြုခံရခြင်းကို မတားရဘူး မိုးမိုးရဲ့လို့ လန်းပန်ဘက်က ဘုန်းကြီးကြီး ပြောခဲ့တဲ့ စကားကို မိုးမိုးတို့ ဘာသာစကားနဲ့ လှမ်းပြောလိုက်လို့ မိုးမိုး တစ်ယောက် ဆွံ့အသလို ဖြစ်သွားတယ်။ ဒုတိယအကြိမ် မှတ်မိသမျှတွေနဲ့ ဆုပေးရပြန်တယ်။ မိုးမိုးရဲ့မျက်စိထဲမှာ သားကလေးတွေ အများကြီးပဲ။ သူတို့နဲ့ မိုးမိုးရဲ့အကြားမှာ ခန်းဆီးပါးပါးကလေး ခြားထားပြီး လေ

mgyoe.com

mgyoe.com
SAMPLE BOOK

ပြင်းပြင်း တိုက်လို့ လှုပ်နေသလိုပဲ။ နောက်တော့ ခန်းဆီးဟာ အဝေးကြီးကို ရွေ့သွားပြီး မိုးမိုးနဲ့ သူတို့အကြားမှာ ခြားထားတာ မရှိတော့ဘူး။ အဝေးကြီးက ခန်းဆီးရဲ့ နောက်မှာတော့ တစ်ယောက်တည်း ကျန်ရစ်ခဲ့တယ်။ ခန်းဆီးနောက်မှာက သူ့သားကလေး။ မိုးမိုး ကြည့်နေရင်း ခန်းဆီးတွေရော၊ သူ့သားကလေးရော မရှိတော့ဘူး။ အလကားကောင်တွေရယ်၊ ဂူးစတပ်(ဖ)တို့ လူသိုက်ရယ်၊ ဂယ်ထရုနဲ့ တရုတ်ကလေးရယ် ..။ မိုးမိုး စိတ်ရဲ့ ဦးဆောင်မှုအောက်က အသည်းထဲ၊ အသိထဲမှာ လှုပ်ခါမှုတစ်ခု ဖြစ်သွားတယ်။ လှုပ်ခါမှုဟာ လှစ်ဟာနေခြင်း အသိကို နှိုးလိုက်တာ။ လှစ်ဟာမှုတစ်ခုဖြစ်နေခြင်းဟာ တစ်ခါတလေ ပြည့်လျှံသလို ဖြစ်လာတတ်တယ်။ ဘယ်လို ဖြစ်ဖြစ် လစ်ဟာမှုတွေဟာ ပြည့်လာသလိုလို၊ ပျောက်သွားသလိုလိုဖြစ်ရင်း စိတ်လှုပ်ရှားစရာ တစ်ခုအနေနဲ့ တုန်လှုပ် ကျန်ရစ်ခဲ့ပြန်ရော။ စိတ်လှုပ်ရှားနေမှုကို ကြည်နူးမှုက အသာ ကျောသပ်ပေးနေတယ်။

ချွန်းက ငွေလင်ဗန်းထဲမှာ ထည့်ထားတဲ့ အရက်ခွက်ကလေးတွေယူလာပြီး မိုးမိုးကို အလျင်ဆုံး ယူခိုင်းတယ်။ ပြီးမှ ကျန်တဲ့လူတွေကိုပေးတယ်။ မိုးမိုးကတော့ ဘာလုပ်ရမှန်း မသိဘူး။ အရက်ခွက်ကို လက်က ကိုင်ထားရင်း ဟိုကြည့်ဒီကြည့် လုပ်နေတုန်း ဂူးစတပ်(ဖ)က အရက်ခွက်နဲ့ ရေခဲရေခွက် ကိုင်ထားရင်း မိုးမိုးအနား ရောက်လာတယ်။ ရေခဲရေခွက်ကို မိုးမိုးဆီ ကမ်းလိုက်ရင်း မိုးမိုး ရေခဲရေ နည်းနည်းသောက်ထားလို့ ပြောတယ်။ ဝိစကီက နည်းနည်း ပြင်းမယ်။ နှစ်ငါးဆယ်သားလို့ထပ်ပြောတယ်။ ဝိစကီတို့၊ ဝိုင်တို့ ဆိုတာတွေက နှစ်ကြာရင် ကောင်းလာလေဆိုတာ မိုးမိုး ကြားဖူးတယ်။ သိပ်ကော ပြင်းနေမလား မသိဘူးလို့ စိတ်ထဲ တွေးလိုက်မိလို့ သိပ်ပြင်းတယ်ဆိုရင် ပြတင်းပေါက်နားသွားပြီး မသိမသာ သွန်ပစ်လိုက်မယ်လေလို့ ပြောတော့ ဂူးစတပ်(ဖ)ကပြုံးနေရင်း မိုးမိုး လက်ထဲက ဝိစကီက ဒေါ်လာတစ်ရာဖိုးလောက် ရှိမယ်။ နည်းနည်းတော့ သောက်ပါ။ ဂယ်ထရုနဲ့ လျှူးတို့အတွက် ဆုတောင်းတဲ့အနေနဲ့ သောက်ကြမှာ။ ဟိုကောင်တွေက နှစ်လုံးတောင် ယူလာတယ်လို့ပြောတယ်။ တစ်ခါတုန်းက သူဌေးကြီးက သူ့ယောက်ျားကို ရှိုင်ရယ်ဆလုဆိုသလားပဲ။ ဝိစကီတစ်လုံး ပေးလို့ သူ့ယောက်ျားက သူ့ကိုလည်း နည်း

mgyoe.com

mgyoe.com SAMPLE BOOK

နည်း မြည်းခိုင်းတယ်။ တစ်ငုံလောက် ငုံတာနဲ့ ပူထူသွားတော့ ရှင့်ဟာက ဖျားနေတဲ့အခါ၊ ချောင်းဆိုးရင်ကြပ် ဖြစ်တဲ့အခါ သောက်ရရင် ကောင်းမယ်လို့ ပြောလိုက်မိဖူးတယ်။ သူ့ယောကျ်ားကတော့ ဘာမှုမပြောဘဲ ခေါင်းခါတယ်။ ခုတော့ ရင်တုန်နေတာကလေး သက်သာအောင် သောက်ရတော့မှာပဲလို့ သဘောထားလိုက်တော့တယ်။ ဂူးစတပ်(ဖ) ပေးတဲ့ ရေခဲရေကို အတော်ကလေး မော့သောက်ပစ်လိုက်တယ်။ ဟိုအကောင် နှစ်ကောင်က စကားနည်းနည်းပြောပြီး အားလုံး ဖန်ခွက်မြှောက် ဆုတောင်းကြရင်း ဝီစကီ သောက်ကြတော့ မိုးမိုးလည်း တစ်ငုံ ငုံကြည့်လိုက်တယ်။ သိပ်မဆိုးလှဘူး။ ဂူးစတပ်(ဖ) ပြောသလို တစ်ဝက်လောက်ပဲ သောက်ပြီး တစ်ဝက် ချန်ထားတယ်။ ဒီနောက်တော့ အစားစားရင်း တို့တိ တို့တိနဲ့ သောက်တာ ကုန်ရော။ ချွန်က နည်းနည်း ထပ်ဖြည့်ပေးတယ်။ ဂူးစတပ်(ဖ) ကတော့ စိတ်ပူလို့ ထင်တယ်။ မိုးမိုး၊ အိုကေတယ်နော်လို့ မကြာမကြာ လှမ်းမေးနေတတ်တယ်။ အိုကေလို့ ပြန်ပြောနေရပေတဲ့ ခပ်ထွေထွေရယ်။

ည ဆယ်နာရီသာသာလောက် ရှိတော့ မိုးမိုး အတော်ငိုက်လာပြီ။ ငါတော့ အိပ်မှထင်တယ်လို့ တွေးမိလိုက်တယ်။ အဲဒီတုန်းမှာပဲ ဂူးစတပ်(ဖ) ရယ်၊ ချွန်ရယ်၊ ဟိုနှစ်ကောင်ရယ် မိုးမိုးအနား ရောက်လာလို့ အတော်ပဲ ဖြစ်သွားတယ်။ မိုးမိုး နားချင်ပြီလားလို့ ဂူးစတပ်(ဖ)က မေးလို့ အေး၊ ငါတော့ အိပ်ချင်ပြီ။ အောက်ထပ်က အခန်းပိုမှာ သွားအိပ်တော့မယ်လို့ မိုးမိုးက ဖြေလိုက်တယ်။ သွားအိပ်တော့ မိုးမိုး။ ဒီကဟာတွေအတွက် မပူနဲ့။ ကျွန်တော်တို့ သိမ်းခဲ့မယ်လို့ ချွန်က ဝင်ပြောတယ်။ ထားလိုက်ပါ။ ငါ့အိမ်က ကလေးတွေ သိမ်းခိုင်းပါ့မယ်လို့ မိုးမိုးက ပြောလိုက်တယ်။ ဖမကောင်က အသံခပ်တိုးတိုးနဲ့ သူ့ကို ပြောတယ်။ ကျွန်တော်တို့လည်း မနက်ဖြန် ခရီးထွက်ကြမယ်။ မိုးမိုးနဲ့ သုံးလေးလလောက်ကျမှ ပြန်တွေ့ကြမှာလို့ ပြောတယ်။ ငါတို့ ဟိုမှာ တွေ့ကြဦးမှာပဲလို့ အဖြူကောင်က ဝင်ပြောတယ်။ လူတွေဟာ ဒီလိုပဲပေါ့။ တွေ့ကြဆုံကြ၊ ပျောက်ဆုံးသွားကြနဲ့ပဲ အကြောင်းသင့်တဲ့အခါတော့လည်း ပြန်တွေ့ကြတာပေါ့။ မသင့်တော့လည်း မတွေ့ကြတော့ဘူးပေါ့လို့ ဂူးစတပ်(ဖ)က ဝင်ပြောပြန်တယ်။ ဂူးစတပ်(ဖ) ကိုယ်တိုင်က ရှိနေခြင်းအတွင်းက ပျောက်ဆုံးသွားခြင်းကို

mgyoe.com